# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


ကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း မိမိပြုသောကောင်းမှု အကျိုးမပေးသေး သမျှ မကောင်းကျိုးနှင့် တွေ့ရသေး၏၊ ကောင်းမှု အကျိုးပေးသောအခါ ထို ကောင်းမှုပြုသောသူသည် ကောင်းကျိုး ချမ်းသာနှင့် တွေ့ရ၏။

ဓမ္မပဒ-၁၂၀၊ အရှင်သေဠိလ


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၂၈)


## ကုန်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ နိုင်ငံခြားကုန်သွယ်ရေး ဘဏ်နှင့် ရုရှားနိုင်ငံရှိ ဘဏ်များ ချိတ်ဆက်ပြီး ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**ဆိုချီ    မေ    ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ မေ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိုချီမြို့ရှိ Radission Blu Resort and Congress Centre ၌ ကျင်းပသည့် မြန်မာ-ရုရှား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့တွေ့ဆုံပြီး ၁၉၄၈ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သည့် မြန်မာ- ရုရှား နှစ်နိုင်ငံ ဆက်ဆံရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နီးနီးကပ်ကပ်ဖြင့် ဆက်လက်မြှင့်တင်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ချစ်ကြည်ရေးအသင်းများကို နှစ်နိုင်ငံစလုံးတွင် တည်ထောင်ပြီး ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံ၌ ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် ပြည်သူအချင်းချင်း ပိုမိုထိတွေ့ ဆက်ဆံခွင့်ရရှိအောင် ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထား ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁



**ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
ဓာတ်ပုံ-(ပြန်/ဆက်)



## မြန်မာတောင်တက်သမားနှစ်ဦး ဧဝရက်တောင်ထိပ်သို့ ရောက်ပြီ

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ- ထူးဇော်ဒေးရှင်း**

**ရန်ကုန်    မေ    ၁၉**

ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့ ယနေ့ နံနက် ၇ နာရီ ၇ မိနစ်တွင် မြန်မာတောင်တက်သမားနှစ်ဦး တက်ရောက်နိုင်ခဲ့ပြီး ယခု ရာနှုန်းပြည့်အောင်မြင်နိုင်ရေးအတွက် Base Camp သို့ ပြန်ဆင်းနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

မြန်မာတောင်တက်သမားနှစ်ဦးဖြစ်သော ကိုဝင်းကိုကိုနှင့် ကိုပြည့်ဖြိုးအောင်တို့သည် အမြင့် ၈၈၄၈ မီတာ၊ ပေအားဖြင့် ၂၉၀၀၀ ကျော်မြင့်သော ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ တောင်ထိပ်၌ မြန်မာနိုင်ငံအလံကို စိုက်ထူကာ ဓာတ်ပုံမှတ်တမ်းများရိုက်ကူးပြီး တောင်ခြေစခန်း Base Camp သို့ ပြန်ဆင်းနေပြီဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❄




# လူဆိုသည်မှာ ရောင်းကုန်မဟုတ်ပါ

အစေ့ထိမ်းမြားလက်ထပ်ရန်အတွက်၊ ပင်လယ်ငါးဖမ်းရေယာဉ်များတွင် အလုပ်ကြမ်းများစေခိုင်းရန်အတွက် စသည့်အကြောင်းများကြောင့် လူကုန်ကူးခံရသည့်သတင်းများကို မကြာခဏတွေ့မြင်နိုင်သည်။

လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းများမှာ အလုပ်အကိုင်အခွင့်အလမ်း မရှိမှု၊ ဆင်းရဲမွဲတေမှု၊ အသိပညာဗဟုသုတနည်းပါးမှုနှင့် သူငယ်ချင်းများ၊ ဆွေမျိုးများ စသည်တို့က နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကောင်းရမည်ဖြစ်ကြောင်း ပြောဆိုမှုများကို ယုံကြည်ကာ သွားရောက်ရာမှ လူကုန်ကူးခံရခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

လူကုန်ကူးမှုများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့် နည်းလမ်းများဖြင့် ပညာပေးလျက်ရှိသည်။ ယင်းသို့ အသိပညာပေးနေသည့်ကြားကပင် လူကုန်ကူးခံရမှုများမှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက တရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်ရန် ရောင်းစားခံရသော ရှမ်းအမျိုးသမီးငယ်တစ်ဦးကို အွန်လိုင်းသတင်းအရ ပြန်လည်ကယ်တင်ကာ လူကုန်ကူးသူများကို ဖမ်းဆီးရမိရေး ကြိုးပမ်းလျက်ရှိသောသတင်း၊ ထိုင်းနိုင်ငံတွင် ငါးဖမ်းလှေပေါ်၌ ရောင်းစားခံရသော မြန်မာအလုပ်သမားများအား ပြန်လည်ကယ်တင်နိုင်သည့်သတင်းများ ယခုရက်ပိုင်းအတွင်းမှာပင် တွေ့ရှိရသည်။

ဝင်ငွေနည်းသည့် ငယ်ရွယ်သူအမျိုးသမီးများ၊ မိန်းကလေးငယ်များမှာ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှုနှင့် အစေ့ခိုင်းစေခံရမှုတို့ ကြုံတွေ့ရလွယ်တတ်သည်။ ၎င်းတို့အနေဖြင့် မိသားစုအခက်အခဲအတွက် ပြေလည်မှုရရှိစေရန်ဟူ၍ ရည်ရွယ်ကာ တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ချမ်းသာစွာနေထိုင်ရမည်ဟူသော မြူဆွယ်စည်းရုံးမှုများကို ယုံကြည်ပြီး တစ်ဖက်နိုင်ငံသို့ လိုက်ပါကြခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်ဖြစ်စဉ်တွင်မူ ရှမ်းတိုင်းရင်းသူ အမျိုးသမီးငယ်မှာ မကြာမီရက်ပိုင်းအတွင်း ၎င်းအား ကျွန်အဖြစ်ရောင်းစားတော့မည့်အခြေအနေသို့ ရောက်ရှိလာ၍ လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်နိုင်ခြင်းကြောင့် ကံကောင်းထောက်မစွာ ကယ်ဆယ်နိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့ရသည်။

လုပ်အားကို ခေါင်းပုံဖြတ်ရန်အတွက်ဖြစ်စေ၊ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ရန်အတွက်ဖြစ်စေ၊ လူကုန်ကူးမှုများဖြစ်ပွားရာတွင် လူကုန်ကူးခံရသည့် သားကောင်များမှာ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မလွဲမသွေကြုံတွေ့ကြရသည်။ တရုတ်နိုင်ငံသို့ လူမှောင်ခိုကုန်ကူးခံရသည့် မိန်းကလေးများမှာ ရောင်းစားခံရခြင်း၊ အစေ့ထိမ်းမြားလက်ထပ်ခြင်း၊ အစေ့ အလုပ်စေခိုင်းခံရခြင်း၊ ပြည့်တန်ဆာအလုပ်စေခိုင်းခံရခြင်းတို့ ကြုံတွေ့နေရကြောင်း၊ လူကုန်ကူးခံရသည့် သားကောင်အမျိုးသမီးများကိုလည်း ရုပ်ရည်နှင့်လူမျိုးအပေါ်မူတည်၍ ဈေးခေါ်ကာရောင်းချကြကြောင်း လေ့လာသိရှိရသည်။

လူမှောင်ခိုကုန်ကူးခြင်းသည် မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှုများ၏နောက်တွင် တတိယမြောက် ဝင်ငွေအကောင်းဆုံးသော ဒုစရိုက်လုပ်ငန်းတစ်ခုဖြစ်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အစိုးရတာဝန်ရှိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များစသည်တို့က ဝိုင်းဝန်းဆောင်ရွက်နေသည့်တိုင်အောင် လူကုန်ကူးမှုများရှိနေဆဲ၊ လူကုန်ကူးခံရသည့် သားကောင်များလည်း ရှိနေဆဲဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လူကုန်ကူးမှုများကို မဖြစ်ပွားမီကတားဆီးရေးနှင့် ဖြစ်ပွားပြီးပါကလည်း ခံစားခဲ့ရသည့်သားကောင်များကို ပြန်လည်ကယ်တင်ပြီး ပုံမှန်လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့မှာ အားလုံးပါဝင်ကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါကြောင်း။ ။




## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

**✻ *ကျောဖုံးမှ***

ဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မည့်အန္တရာယ်ကို ခံစားရမည်ဖြစ်ပြီး လက်ရှိအခြေအနေကို လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်း၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် မြောက်လတ္တီကျု ၁၅ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၁ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းဖြစ်သည်။

**နောက် နာရီ ၆၀ အတွင်း ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့ ညပိုင်းမှ နောက် နာရီ ၆၀ အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေဒေသကို ကော့ဘဇားမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေသို့ ဖြတ်ကျော်စဉ် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၆၀ မှ မိုင် ၈၀ ခန့်အထိ၊ ရေဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေသို့ ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေ အမြင့်ဆုံးမှာ မောင်တောနှင့် စစ်တွေခရိုင် ကမ်းခြေဒေသများတွင် ၁၀ ပေမှ ၁၂ ပေခန့်အထိနှင့် ကျောက်ဖြူခရိုင် ကမ်းခြေဒေသတွင် ၈ ပေမှ ၁၀ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မေ ၂၀ ရက်မှ ၂၂ ရက်အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**အကြံပြုချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# လျှပ်စစ်နှင့် ကျန်းမာရေးဆိုင်ရာကိစ္စများ ဆွေးနွေးမည်

**နေပြည်တော် မေ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို မေ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ သာစည်မြို့နယ်အတွင်းရှိ 11 KV လိုင်းမှ နှစ်မိုင်ပတ်လည်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အား ဆက်သွယ်တပ်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် သာစည်မြို့နယ် ညောင်ရမ်းကျေးရွာတွင် 33 KVA ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို လည်းကောင်း၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ နိုင်ငံတော်မှ ကလေးငယ်များအတွက် လုံခြုံစိတ်ချရသော အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ လုံလောက်စွာ ထုတ်လုပ်ဝယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိ၊ မရှိတို့နှင့် ပြည်တွင်း ပြည်ပမှ ထုတ်လုပ်တင်သွင်းသော ဆေးဝါးများ၏ စစ်မှန်မှုနှင့် စံချိန်စံညွှန်းကို မည်ကဲ့သို့စိစစ်ကြပ်မတ်စစ်ဆေးမှုများ ရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို လည်းကောင်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို မေ ၂၀ ရက် နံနက်ပိုင်း တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၉-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၄.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၂၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၃၄ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၇.၆၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

❀ *ရှေ့ဖုံးမှ*

ထို့ပြင် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မြန်မာ-ရုရှား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး၌ ရေးဆွဲအကောင်အထည်ဖော်ရန် သဘောတူညီခဲ့သည့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ ရေးဆွဲရေးနှင့် ဒုတိယအကြိမ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေး ဆက်လက်ကျင်းပနိုင်ရေး၊ မြန်မာ-ရုရှား ကုန်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ နိုင်ငံခြားကုန်သွယ်ရေးဘဏ်နှင့် ရုရှားနိုင်ငံရှိ ဘဏ်များနှင့် ချိတ်ဆက်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် နှစ်နိုင်ငံ လက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဦးစားပေးဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအနေဖြင့် မော်စကိုနှင့် ရန်ကုန် လေကြောင်းဝန်ဆောင်မှုများ ပြန်လည်စတင်ရေး၊ စက်မှုကဏ္ဍအနေဖြင့် ရုရှားနိုင်ငံ၏ အကူအညီဖြင့် မကြာမီ ဖွင့်လှစ်မည့် ရှမ်းပြည်နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံအတွက် နည်းပညာအကူဆိုင်ရာ အကူအညီများပေးအပ်ရေး၊ စွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီအနေဖြင့် လူမှုရေးဆိုင်ရာ ပူးပေါင်းတာဝန်ယူမှုများကို ဆောင်ရွက်ပေးရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ ပညာရေးကဏ္ဍအနေဖြင့် နှစ်နိုင်ငံအကြား ဘာသာရပ်ဆိုင်ရာ သင်တန်းများ အပြန်အလှန်ပေးအပ်ရေး၊ ယခင်ပေးခဲ့သည့် နည်းပညာနှင့် ဘာသာရပ်ဆိုင်ရာ ပညာသင်ဆုများ ဆက်လက်ပေးအပ်ရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အနာဂတ် အာဆီယံ-ရုရှားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း နှစ်နိုင်ငံ အကြီးအကဲများက ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာနှင့် မွန်းလွဲပိုင်းတွင် အဆိုပါ စင်တာ၌ ဆက်လက်တွေ့ဆုံပြီး သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်း စီမံကိန်းများနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ဆောင်ရွက်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ဖြစ်ထွန်းအောင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြီးအကဲများက ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ လူမှုလုံခြုံရေးရရှိရန်အတွက် ကျန်းမာရေးနှင့် ဘဝအာမခံချက် အကျိုးခံစားခွင့်များရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)


**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာတို့ တွေ့ဆုံဆွေးနွေးစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)

အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ၊ အလုပ်သမားများ အလုပ်အကိုင်ရရှိရေးဆိုင်ရာ သဘောတူညီချက်နှင့် နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက်များရရှိရန် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေးဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်ရွှမ်ဖတ်နှင့် Radission Blu Resort and Congress Centre ၌ တွေ့ဆုံပြီး မြန်မာ-ဗီယက်နမ် ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လက်ရှိတွင် ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေး၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ လေကြောင်းလိုင်းနှင့် စွမ်းအင်လောင်စာကဏ္ဍ ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် အလားတူ ရာသီဥတုရှိသည့်အတွက် ကော်ဖီနှင့် ငရုတ်ကောင်း စိုက်ပျိုးထုတ်လုပ်သည့်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံစလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်များ ပိုင်ဆိုင်ထား၍ ခရီးသွားလာမှု မြှင့်တင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း၊ GMS၊ ACMECS၊ CLMV စသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ၁၉၇၅ ခုနှစ်ကတည်းက သံတမန်ဆက်သွယ်မှု စတင်တည်ထောင်ခဲ့သည့် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းတွင် နှစ်ဖက်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးများအဆင့် မူဝါဒရေးရာများကို ထူထောင်ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**


**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ကျင်းပမည့် နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ရုရှားသို့ရောက်ရှိစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)


**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်ရွှမ်ဖတ်တို့ တွေ့ဆုံစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)

# မြန်မာ - တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr.Sun Guoxiang အား ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ - တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ငြိမ်းချမ်းရေးရရှိရန် ရည်လျှားပြီး ရှုပ်ထွေးလှသည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စိတ်ရှည်သည်းခံစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒအရ ၂၁ ရာစု ပင်လုံညီလာခံစနစ်တကျဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဧည့်သည်တော် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေးမည်သို့ပင် ပြောင်းလဲစေကာမူ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၊ တပ်မတော်နှစ်ရပ်အကြား ခိုင်မြဲသော ဆက်ဆံရေးများမပြောင်းလဲနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်သူလူထုက မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်မှုကိုလည်း ထောက်ခံပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

**(မြဝတီ)**



❄ *ရှေ့စာမှ*

"တောင်ထိပ်ကို တက်ရောက်နိုင်ပြီဖြစ်လို့ အောင်မြင်မှုရာခိုင်နှုန်း ၈၀ ရှိပြီး တောင်ခြေ Base Camp ရောက်မှ ၁၀၀ ရာခိုင်နှုန်း အောင်မြင်မှာဖြစ်ပါတယ်။ အဆင်းခရီးက အတက်ထက် အစစအရာရာ သတိထားတယ်။ ဒီနေ့က တက်တဲ့သူတွေများတော့ အတက်သမားကို သူတို့ ဦးစားပေးစောင့်ပြီးဆင်းရတယ်။ အဆင်းမှာ အသက်ကယ်ကြိုးတွေကို တစ်ဆင့်ချင်းစီ ချည်နှောင်ပြီးသတိနဲ့ဆင်းရတယ်၊ ရာသီဥတုကိုလည်း သတိထားရတယ်၊ မကောင်းရင် မဆင်းဘဲစောင့်နေရတာတွေရှိတယ်။ ဒါပေမယ့် ဒီနေ့တော့ ရာသီဥတုက သာသာယာယာဖြစ်နေတယ်၊ ဒါကြောင့် တောင်ထိပ်နဲ့ Camp 4 ကြားက သေမင်းတမန်ဇုန်ကို သူတို့ဖြတ်သန်းနိုင်ပြီလို့ သိရတယ်။ ဒီညတော့ Camp 4 မှာ ညအိပ်မှာပါ။ မနက်ကိုတော့ Camp 2 ကို ဆက်ဆင်းမှာဖြစ်ပြီး လာမယ့် မတ် ၂၁ ရက်မှာ Base Camp ကို အရောက် မတ် ၂၆ ရက်မှာ မြန်မာပြည်အရောက် မျှော်မှန်းထားပါတယ်။ ကျန်အဆင်းခရီးမှာ ရာသီဥတုဖောက်ပြန်ရင်တော့ သတ်မှတ်ရက်ထက် အနည်းငယ်နောက်ကျလိမ့်မယ်လို့ထင်တယ်။ သူတို့နှစ်ယောက်စလုံး ကျန်းမာရေးကောင်းမွန်ပြီး နေလောင်ဒဏ်ကြောင့် မျက်နှာတွေနီနေတာတော့ရှိပါတယ်" ဟု မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက် အဖွဲ့ချုပ်မှ ကိုရဲမြင့်သူက သုံးသပ်ပြောကြားသည်။

မြန်မာတောင်တက်သမားနှစ်ဦး၏ ဧဝရက်တောင် ခရီးစဉ်တွင် နိုင်ငံခြားသားလမ်းပြလေးဦး လိုက်ပါခဲ့ကြောင်းသိရသည်။ ထိုသူများသည် တောင်တက်သမားများအား ရာသီဥတု မိုးလေဝသ ခန့်မှန်းချက်များ အချက်အလက်များပေးပို့ခြင်း၊ လက်ရှိရောက်ရှိရာနေရာများနှင့် Base Camp သို့ဆက်သွယ်ပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်း၊ တောင်ပေါ်ရာသီဥတုကြောင့် အောက်ဆီဂျင်ဘူးများ သယ်ဆောင်ပေးခြင်းနှင့် တောင်တက်လမ်းကြောင်းများအား ပြပေးခြင်းများဆောင်ရွက်သည်။ ဧဝရက်တောင်သည် ပေ ၂၄၀၀၀ အမြင့်ရှိ Camp 3 မှ စတင်ရာ တောင်ထိပ်ခရီးတစ်လျှောက် အောက်ဆီဂျင်နည်းပါးခြင်း၊ နှလုံးခုန်နှုန်းနည်းပါးလာခြင်းနှင့် ခြေလှမ်း တိုင်းတွင် မောပန်းသည့်ဒဏ်များ ခံစားရကြောင်းသိရသည်။ သာမန်လူတစ်ယောက်သည် ပေ ၁၅၀၀၀ အထက်တွင် အောက်ဆီဂျင် နည်းပါးမှုဖြစ် ပေါ်သည့်ဒဏ်ကို ခံစားရကြောင်း သိရသည်။

တောင်တက်သမားသုံးဦးအနက် ကိုညီညီအောင်သည် အမြင့်ပိုင်းဆိုင်ရာ ကျန်းမာရေးစစ်ဆေးချက်တွင် နှလုံးခုန်နှုန်းသည် ပုံမှန်ထက် လွန်ကဲနေခြင်း၊ သွေးထဲတွင်အောက်ဆီဂျင် ၅၇ ရာခိုင်နှုန်းသာရှိနေသောကြောင့် တောင်တက် ကျန်းမာရေးဆေးမှူးများက တက်ရောက်ခွင့်မပြုခဲ့ကြောင်းသိရသည်။ သို့သော် Base Camp မှာနေပြီး တောင်တက်ခရီး၏ အချက်အလက်များကို မြန်မာနိုင်ငံသို့ အချိန်နှင့် တစ်ပြေးညီ ပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

"ဝါသနာ၊ စိတ်ဓာတ်နဲ့ ခန္ဓာကိုယ်ကြံ့ခိုင်မှုတွေ အပြည့်ရှိလို့ တစ်ကြိမ်မှ မရောက်သေးတဲ့ မြန်မာနိုင်ငံအလံကို ဧဝရက်တောင်ထိပ်ကို ယူဆောင်ပေးနိုင်ခဲ့တာပါ။ မြန်မာနိုင်ငံအတွက်ရော ခြေလျင်နဲ့တောင်တက် အားကစားအတွက်ပါ ဂုဏ်ယူမိပါတယ်။ တောင်ထိပ်ကိုရောက်သွားတဲ့ ကိုဝင်းကိုကိုနဲ့ ကိုပြည့်ဖြိုးအောင်၊ ကျန်းမာရေးအခြေအနေအရ Base Camp မှာ ကျန်နေခဲ့တဲ့ ကိုညီညီအောင်တို့ဟာ ပြည်တွင်း ပြည်ပမှာရှိတဲ့ ရေခဲတောင်နဲ့ အခြားအမြင့်တောင်တွေကို တက်ရောက်နိုင်ခဲ့ပြီး ဖြစ်တယ်။ တောင်တက် အားကစားသက်တမ်း ၁၀ နှစ်ခန့် အတွေ့အကြုံတွေရှိတယ်။ ဒီအတွေ့အကြုံတွေကြောင့် အခုလို ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကို တက်ရောက်နိုင်ကြတာပါ။ အလွန်ကို ဂုဏ်ယူမိပါတယ်။ အဆင်းခရီး အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်းမှ အမှုဆောင် ဦးကျော်နိုင်က သုံးသပ်ပြောကြားသည်။

ထိုဧဝရက်တောင်သည် ၁၉၅၇ ခုနှစ်တွင် နိုင်ငံတကာတောင်တက်သမားများ ခြေချရောက်ရှိခဲ့ကြောင်း သိရသည်။နိုင်ငံတကာတောင်တက်သမားများအား နီပေါအစိုးရ၏ ခွင့်ပြုချက်ဖြင့် တောင်တက်ရာသီ ဧပြီလနှင့် မတ်လတို့တွင် တက်ရောက်ခွင့်ပြုခဲ့သည်။ နှစ်စဉ်နိုင်ငံတကာမှ တက်ရောက်သူ ဦးရေ ၅၀၀ ခန့်ရှိ ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ အား တွေ့ဆုံ

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)မှ အမှုဆောင်အရာရှိချုပ် ဦးနေလင်းစိုးနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဦးနေလင်းစိုးက အသင်း၏ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ နောင်ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မသန်စွမ်းသူများ လွယ်ကူစွာမဲပေးနိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာအရလည်းကောင်း၊ နည်းဥပဒေလုပ်ငန်း လမ်းညွှန်ပိုင်းဆိုင်ရာအရ လည်းကောင်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပုသိမ်မြို့ အမှတ် (၄) ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ယနေ့နံနက်က ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီက အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ရက် ၁၀၀ စီမံချက် ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က တပ်ဖွဲ့ဝင် / မိသားစုများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ကွန်ပျူတာတစ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# စာကြည့်တိုက်များကို ပြည်သူအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်နိုင်လျှင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ၊ စာကြည့်တိုက်များသည် ရပ်ရွာလူထုအခြေပြုသည့် ဌာနများဖြစ်လာမည်

**နေပြည်တော် မေ ၁၉**

စာကြည့်တိုက်များကို ပြည်သူအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်နိုင်မည်ဆိုလျှင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ၊ စာကြည့်တိုက်များသည် အများပြည်သူကို အထောက်အကူပြုသော ရပ်ရွာလူထုအခြေပြုသည့် ဌာနများ ဖြစ်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ကျင်းပစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် အစိုးရ၏ မူဝါဒများနှင့် သက်ဆိုင်သည့် ဌာနဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရ၏မူဝါဒများကို ကျေလည်စွာသိရှိထားရန် လိုအပ်ပါကြောင်း၊ သို့မှသာအစိုးရ၏မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူတို့၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အစိုးရသစ်၏ မူဝါဒများဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့များသာမက အစိုးရ၏ ကျောထောက်နောက်ခံအဖွဲ့များအနေဖြင့် အဆိုပါမူဝါဒများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အစိုးရနှင့် အများပြည်သူ ပေါင်းကူးဆက်ဆံရန် ပြန်ကြားရေးဝန်ကြီးဌာန လိုအပ်ပါကြောင်း၊ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၏ ပြည်သူ့အတွက် ဆောင်ရွက်ချက်များကို ပြည်သူ့ထံ တင်ပြရန်တာဝန်ရှိပါကြောင်း၊ ပြည်သူကို မျက်နှာမူ၍ အလေးအနက်ထားလေးစားစွာဖြင့် ပြည်သူထံ တင်ပြပြောဆိုရမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ပြည်သူ၏ ပြောဆိုမှုများကိုလည်း နားထောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အချို့သောပုဂ္ဂိုလ်များ၏ အရေးအသား အပြောအဆိုများသည် အစိုးရ၏ မူဝါဒနှင့် မညီညွတ်သော်လည်း လွတ်လပ်စွာ ပြောဆိုခွင့်အရ ၎င်းတို့၏ မတူကွဲပြားသည့် သဘောထားအမြင်များကိုလည်း ဖော်ပြပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏မီဒီယာများကို အနယ်နယ်အရပ်ရပ် နယ်စွန်နယ်ဖျားအထိ ဖြန့်ကြက်ရန်လိုအပ်ပြီး အဆိုပါဒေသများရှိ ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစုများ၏ဘဝများ၊ အဖြစ်အပျက်များကို ဖော်ပြပေးရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်များကို အများပြည်သူ ပိုမိုဝင်ထွက်သွားလာနိုင်အောင် ဆောင်ရွက်ပြီး ပိုမိုသက်ဝင်လှုပ်ရှားလာအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ဖြည့်စွက်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၈ ခုနှစ်၊  လ  ရက်**
**(၂၀၁၆ ခုနှစ်၊  လ  ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၁၉၉၀ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ မေ ၂၂ ရက်တွင် မြန်မာနိုင်ငံသို့လာရောက်မည်



**နေပြည်တော် မေ ၁၉**

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီသည် မေ ၂၂ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီသည် ၎င်း၏ အာရှ-ပစိဖိတ် ခရီးစဉ်အဖြစ် မေ ၁၄ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံအပါအဝင် ဆော်ဒီအာရေးဗျ၊ သြစတြီးယား၊ ဘယ်လ်ဂျီယံနှင့် ဗီယက်နမ်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း မေ ၁၃ ရက်စွဲဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

မစ္စတာဂျွန်ကယ်ရီ၏ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်သည် မေ ၂၂ ရက်နေ့တစ်ရက်သာ ကြာမြင့်မည်ဖြစ်ပြီး မြန်မာအရပ်သားအစိုးရသစ် ရှေ့ဆက်ဆောင်ရွက်ရမည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အမေရိကန်နိုင်ငံအနေဖြင့် ထောက်ခံကြောင်း ပြသလို၍ လာရောက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်များမှ သိရသည်။

၁၉၈၈ နောက်ပိုင်းတွင် အမေရိကန်ဘက်မှ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သောကြောင့် မြန်မာနှင့် အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးသည် ဝေးကွာခဲ့သော်လည်း မြန်မာ့နိုင်ငံရေး အခင်းအကျင်း ပြောင်းလဲခဲ့သည့် ၂၀၁၁ နှင့် ၂၀၁၆ ခုနှစ်များအတွင်း ဆက်ဆံရေး ပြန်လည်ကောင်းမွန်ခဲ့သည်။

မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၄ နိုဝင်ဘာလတွင် အမေရိကန်သမ္မတ အိုဘားမား၊ ၂၀၁၄ ခုနှစ် သြဂုတ်လတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့ လာရောက်ခဲ့ပြီး ယခုအကြိမ်သည် ဂျွန်ကယ်ရီ၏ ဒုတိယမြောက်ခရီးစဉ်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန် နေရာတွင် ဆက်ခံနိုင်ရန်အတွက် အမေရိကန်သမ္မတ အိုဘားမားက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအား အမည်စာရင်းတင်သွင်းခဲ့ပြီး အထက်လွှတ်တော်၏ အတည်ပြုမှုဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

**ရဲခေါင်ညွှန့်**

---

# ဒီမိုကရေစီနိုင်ငံရေး အတွေ့အကြုံကောင်းများနှင့် နှစ်နိုင်ငံဆက်ဆံရေး ရည်မှန်းချက်များ ဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mohammad Sulfur Rahman နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင်အမှတ် (I-5) ဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးများ အပြင် အခြားနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှု၊ ဒီမိုကရေစီနိုင်ငံရေး အတွေ့အကြုံကောင်းများနှင့် ကြိုးပမ်းဆောင်ရွက်မည့် နှစ်နိုင်ငံဆက်ဆံရေး ရည်မှန်းချက်ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၁၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်မည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**(မိုး/ဇလ)**

---

အတွေးအမြင်

# ခရီးတိုလေး နေ့တိုင်းသွားမယ်

**ခင်ဘုန်းသွယ်**

တစ်နေ့က တက္ကစီစီးတော့ အဲဒီတက္ကစီမောင်းသူဟာ ကျွန်မတို့ ကားပေါ်ရောက်လာပြီဆိုကတည်းကိုက သူ့လမ်းကြောင်းပေါ်မှာ တွေ့သမျှ သူ့စိတ်တိုင်းမကျသမျှ ကားတိုင်းကို ဆဲလိုက်တဲ့ အဆဲဆိုတာ ဆဲနည်းပေါင်းစုံနဲ့ ဆဲလို့နေပါတယ်။ ကျွန်မမှာ နားမခံသာလွန်းလာလို့ ကားရပ်ခိုင်းပြီးတောင် ဆင်းပြေးလိုက်ချင်စိတ် ပေါက်လာပါတယ်။ အတော်ကြာတော့ သူ့ရဲ့ဆဲဆိုသံတွေရပ်သွားလို့သာ တော်တော့တာပါ။ ဆိုတော့ ကိုယ့်ကားပေါ်မိန်းကလေးတွေ ပါလာပြီဆိုကတည်းက ကားမောင်းသူတွေအနေနဲ့ ကိုယ့်ရဲ့အပြုအမူအပြောအဆိုတွေကို သတိလေးထားပြီးတော့ ပြောဆို ပြုမူစေချင်မိပါတယ်။ တကယ်တော့မိန်းကလေးမှမဟုတ်ပါဘူး ဘယ်ခရီးသည်မဆို ကားပေါ်ပါလာပြီဆိုရင် ကိုယ်က စောင့်ရှောက်ပြီး ခေါ်ဆောင်သွားရမယ့်သူတွေလို့ သဘောထားလိုက်ရင် ကိုယ့်အပြုအမူတွေကို ထိန်းသိမ်းပြီးသားဖြစ်သွားမှာ အမှန်ပါ။

ခုခေတ်ကြီးမှာ တက္ကစီတွေက လမ်းမထက်မှာ ပေါလွန်းလှပါတယ်။ ကိုယ်ရပ်နေလိုက်ပြီဆိုတာနဲ့ တစ်မိနစ်၊ နှစ်မိနစ်အတွင်းကို တက္ကစီ တစ်စီးစီးကတော့ ကိုယ့်ရှေ့ရောက်လာတော့တာပါပဲ။ ထုံးစံအတိုင်း ဘယ်သွားမလဲလို့မေးပြီး ဈေးစကားပြောကြရပါတယ်။ ဒီအခါ ကိုယ်ပြန်ဆစ်လိုက်တဲ့ဈေးကို သူတို့မလိုက်ချင်တဲ့အခါတွေမှာ တချို့ကားမောင်းသူတွေက စကားပြန်လေးတောင် ပြန်မရတော့ဘဲနဲ့ ချက်ချင်း ကားကို မောင်းထွက်သွားတော့ ကိုယ့်မှာ စကားပြောရင်း တန်းလန်းအံ့အားသင့်ပြီး ကျန်ခဲ့ရတာလည်း အကြိမ်မနည်းလှပါဘူး။ တကယ်ဆို မလိုက်နိုင်ကြောင်း ခေါင်းလေးခါပြမယ်ဆိုရင်တောင် ဘယ်လောက်မှ အပန်းကြီးတဲ့အရာလည်းမဟုတ်ပါဘူး။ အခုတော့ တက္ကစီမောင်းသူနဲ့ ခရီးသည်ကြားမှာ လူမှုဆက်ဆံရေးလေးမှ မရှိတော့သလိုပါ။ နောက်ပြီး တက္ကစီမောင်းသူတွေက ခရီးသည်ကို မေးတဲ့အခါမှာ ကိုယ့်ကားကို လမ်းဘေးချမရပ်တဲ့ တက္ကစီတွေက အများသားမို့ နောက်ကားတွေ ဟွန်းတတီတီ တီးကြတာကို ကိုယ်က ကြားထဲက အားနာလှစွာ လမ်းဘေးလေးချပေးလိုက်ဖို့ တောင်းဆိုရတတ်ပါသေးတယ်။

ကျွန်မတို့ဆီမှာ တက္ကစီစီးတော့မယ်ဆိုရင် အရင်ဆုံးကြုံတွေ့ရတဲ့ အခက်အခဲကတော့ တက္ကစီစတန်းမရှိတဲ့အခက်အခဲပါပဲ။ တက္ကစီစတန်းမရှိတဲ့အခါ တက္ကစီငှားတော့မယ်ဆိုရင် လမ်းမထက် ကြုံရာနေရာမှာရပ်ပြီး တက္ကစီအလာကို စောင့်ရတော့တာပါ။ တကယ်တမ်းသာ တက္ကစီစတန်းရှိမယ်ဆိုရင် တက္ကစီစတန်းတွေမှာ တန်းစီပြီးစောင့်ဆိုင်းကြရမှာမို့ တန်းစီတဲ့ အလေ့အကျင့်လေးတွေလည်း ပိုပြီး ထွန်းကားလာမှာလို့ ဆိုချင်ပါတယ်။ တက္ကစီစတန်းမရှိတဲ့အခါကျတော့ တစ်ခါတလေမှာ သူများငှားနေတဲ့ဘေးသွားရပ်မိတော့ ကိုယ့်နားတက္ကစီက အရင်လာရပ်တဲ့အခါ ကိုယ်က သူများရှေ့က ကြားဖြတ်ငှားလိုက်သလိုလည်း ဖြစ်တတ်သလို တစ်ခါတလေတော့လည်း သူများက ကိုယ့်ရှေ့က ကြားဖြတ်ငှားသွားတာကို ကြုံရပြန်ပါတယ်။

တက္ကစီမောင်းသူတိုင်းတော့ အခုလိုမျိုးတွေချည်း လုပ်တတ်ကြတယ်လို့ မပြောလိုပါဘူး။ တကယ်တော့ ကျင့်ဝတ်တွေဆိုတာ နေရာတိုင်းမှာ ရှိနေကြတာပါပဲ။ ဈေးရောင်းသူကလည်း ရောင်းသူကျင့်ဝတ်ဆိုတာရှိသလို ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းမျိုးကလည်း ဝန်ဆောင်မှုဆိုင်ရာ ကျင့်ဝတ်တွေရှိနေပါတယ်။ ဘယ်အရာမှာ ဘာကျင့်ဝတ် ကျင့်သုံးရမယ်လို့ အတိအကျ မညွှန်းဆိုထားပေမယ့်လည်း ကိုယ့်ဆီရောက်လာတဲ့ ကိုယ့်လုပ်ငန်းကို အားပေးသူ စားသုံးသူများကို စိတ်ကျေနပ်အောင် လုပ်ပေးချင်စိတ်ရှိသူများနဲ့ ကြုံရတဲ့အခါ တကယ့်ကိုပဲ စိတ်ချမ်းသာရပြန်ပါတယ်။ တချို့ တက္ကစီမောင်းသူတွေဆိုရင် လမ်းခရီးမှာ အဲကွန်းလေးနဲ့ သီချင်းလေးပါ ဖွင့်ပေးထားလို့ သီချင်းလေးလိုက်ညည်းရင်း စိတ်အေးလက်အေး လိုက်ပါသွားရုံပါပဲ။ သည့်ထက်ပိုပြီး အဆင်ပြေတဲ့အခါမျိုးမှာ ကားမောင်းသူက စကားစမြည်ပြောဆိုလာလို့ သူပြောတဲ့အကြောင်းအရာကလည်း ကိုယ်မသိသေးတဲ့ ကားမောင်းသူတို့ ကြုံရ

**တက္ကစီစီးတော့မယ်ဆိုရင် အရင်ဆုံးကြုံတွေ့ရတဲ့ အခက်အခဲကတော့ တက္ကစီစတန်းမရှိတဲ့ အခက်အခဲပါပဲ။ တက္ကစီစတန်းမရှိတဲ့အခါ တက္ကစီငှားတော့မယ်ဆိုရင် လမ်းမထက် ကြုံရာနေရာမှာရပ်ပြီး တက္ကစီအလာကို စောင့်ရတော့တာပါ။**

တဲ့ အခက်အခဲမျိုးတွေ ပြောနေတဲ့အခါ ကားလိုက်စီးရင်းနဲ့ လိုရာခရီးလည်းရောက် ဗဟုသုတလည်းရပါတယ်။

မိန်းကလေးတွေ တက္ကစီငှားစီးရတာ စိတ်ပူတတ်မယ်ဆိုရင် ပူစရာတွေချည်းပါပဲ။ ကိုယ်သွားမယ့်လမ်းခရီးတိုင်းကိုလည်း ကိုယ်က မကျွမ်းကျင်တဲ့အခါကျတော့ တစ်ခါတလေမှာ ကားမောင်းသူခေါ်ဆောင်ရာကိုပဲ ရင်တထိတ်ထိတ်နဲ့ လိုက်ပါသွားရတာမျိုးတွေ ကြုံရပါတယ်။ သူကဖြတ်လမ်းက မောင်းလေ ကိုယ့်မှာ ရင်တုန်ရလေပါပဲ။ တစ်ခါမှာတော့ ညနေဘက်ကြီး တစ်နေရာကိုသွားရတော့ ကားမောင်းသူက ရန်ကုန်တက္ကသိုလ် လှိုင်တက္ကသိုလ်ဝင်းထဲကနေဖြတ်ပြီး မောင်းပါတယ်။ ညနေကလည်းဖြစ်နေ၊ လမ်းက လူသူပြတ်တဲ့လမ်းလည်းဖြစ်နေတော့ ကိုယ့်မှာ ဘုရားစာသာတွင်တွင်ရွတ်မိတော့တာပါပဲ။ ကိုယ်သွားမယ့်နေရာကိုရောက်တော့မှ ကားမောင်းသူကို မနေနိုင် မထိုင်နိုင် ပြောဖြစ်အောင်ပြောလိုက်မိပါသေးတယ်။ နောက်ဆို မိန်းကလေးတစ်ယောက်တည်းပါလာရင် ဒီလိုလမ်းတွေကနေ မမောင်းပါနဲ့လို့ပါ။ ကားမောင်းသူတွေကတော့ ဘာကိုမှ ရည်ရွယ်မှာ မဟုတ်ပေမယ့်လည်း ကျွန်မတို့မိန်းကလေးတွေမှာတော့ အရာရာကို စိတ်ပူနေကြရတာကို ကားမောင်းသူတွေ သိစေချင်တဲ့စိတ်ကလေးနဲ့ပါ။


ကျွန်မတော့ ဒီလိုတက္ကစီငှားရတဲ့ ဒုက္ခတွေကနေကင်းအောင် သွားစရာရှိနေတဲ့နေရာတွေကို စုပြီးတော့ အသိအငှားကားတွေကိုပဲ ကြိုတင်ချိန်းထားပြီး သွားဖြစ်တာများပါတယ်။ သူတို့နဲ့ သွားတဲ့အခါကျတော့ ကိုယ့်ကို ဘယ်ကိုမှ မှားခေါ်သွားမလဲလို့လည်း စိုးရိမ်နေစရာမလို၊ မလိုအပ်ဘဲနဲ့ လမ်းတွေ ကွေ့ဝိုက်ခေါ်သွားခြင်းမျိုးကလည်း ကင်းဝေးလို့ လမ်းခရီးမှာ ကိုယ့်တွေးချင်ရာတွေး ငေးချင်းရာငေး စိတ်အေးလက်အေး လိုက်ပါသွားလို့ရပါတယ်။ နောက်ထပ်စိတ်ချရတာ တစ်ခုကတော့ ကားပေါ်မှာ ကိုယ့်ပစ္စည်းတွေပါလာလို့ ကိုယ်ကမေ့လျော့ကျန်နေရစ်ခဲ့လည်း ပျောက်မှာရှုမှာ မပူရတာပါပဲ။ တစ်ခါတလေ ပစ္စည်းမေ့ကျန်ခဲ့လည်း သိမ်းထားပြီး ပြန်လာပေးတာဆိုတော့ ပိုက်ဆံပေးငှားစီးရတာချင်းအတူတူ အသိကားကိုစောင့်ပြီး ချိန်းဆိုငှားစီးရတာက အများကြီးအားသာလို့နေပါတယ်။

အမှန်ဆို အသိကားက ပစ္စည်းကျန်တာပြန်ပေးတယ်ဆိုရင် အငှားကားမောင်းသူတိုင်း ငှားစီးလာတဲ့ခရီးသည်ပစ္စည်းတွေ ကျန်နေခဲ့ရင် ပြန်ပေးသင့်တာပါပဲ။ ခုတော့ အငှားကားပေါ် ကျန်ခဲ့တဲ့ပစ္စည်းပြန်ရတယ်ဆိုတာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်အလေ့အထတစ်ရပ်ဖြစ်နေရမယ့်အစား ကံဆိုးကံကောင်း ကြုံကြရသလို ဖြစ်နေပါတယ်။ တချို့ကံကောင်းသူတွေက ကျန်ခဲ့တဲ့ပစ္စည်း ပြန်ရလို့ ကားမောင်းသူကို ကျေးဇူးတင်ကြောင်း ဆိုရှယ်မီဒီယာထက်တင်ပြီး ကျေးဇူးတင်တာကို တွေ့ရလို့ ဝမ်းသာရပါတယ်။ ကျွန်မကတော့ ကံကောင်းတဲ့စာရင်းထဲမပါ။ တစ်ခါက ဝယ်ထားတာမှ လပိုင်းပဲရှိသေးတဲ့ မော်ဒယ်မြင့်ဖုန်းလေး အငှားကားပေါ် မေ့ကျန်ခဲ့ပါတယ်။ တကယ်ဆို အဲ့ဒီနေ့က ကျွန်မဆင်းသွားတာ အလုပြင်ဆိုင်။ သူပြန်လာပေးချင်ရင် ပြန်လာပေးလို့ရနေတာကို။ နောက်ပြီး ကျွန်မက သိပ်မကြာခင်လေးပဲ ဖုန်းကျန်ခဲ့တာကို သိတာပါ။ ဖုန်းကို လှမ်းဆက်လိုက်တော့ သူက မကိုင်ဘူး။ နောက်တော့ ဖုန်းပိတ်သွားလေရဲ့။ ပြန်မပေးချင်လို့ကို တမင်ကြံစည်လိုက်မှန်း သိပ်သိသာတာပါပဲ။ ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘာမှမတတ်နိုင်တဲ့အဖြစ်ပါ။ တကယ်ဆို လူတွေဟာ အချိန်ခဏလေးအတွင်းမှာလည်း မိတ်ဆွေဖြစ်နိုင်သလို ခဏလေး မိတ်ဆွေဖြစ်ခွင့်ရလိုက်တဲ့သူတွေကလည်း အကြောင်းအားလျော်စွာ ရေရှည်မိတ်ဆွေဖြစ်လာတတ်ကြတာမျိုးပါ။ အငှားကားမောင်းသူတွေနဲ့ လိုက်ပါစီးနင်းသူခရီးသည်တွေဟာ ရေရှည်မိတ်ဆွေ မဖြစ်နိုင်ကြဘူးဆိုရင်တောင် ကားပေါ်မှာ လိုက်ပါစီးနင်းတဲ့ ခရီးတိုလေးအတွင်းမှာတော့ ကောင်းသောစကားတွေကို၊ ပြောလို့ကောင်းသော အတွေးအမြင်တွေကို ဝေငှနိုင်ကြပါတယ်။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားသူအချင်းချင်း အပြန်အလှန် လေးစားအလေးထားကြမှသာ ခရီးတစ်ခုကို စိတ်ဖြောင့်ဖြောင့်နဲ့ သွားနိုင်ကြမယ်မဟုတ်ပါလား။ တက္ကစီစီးသွားကြတဲ့ ခရီးတိုလေးအတွင်းမှာလည်း မောင်းနှင်သူနဲ့ စီးနင်းသူတို့ အပြန်အလှန် လေးစားမှုများနဲ့ စီးနင်းသွားနိုင်ကြမယ်ဆိုရင်တော့ နေ့စဉ်သွားနေရတဲ့ ခရီးတိုလေးတွေဟာ စိတ်လက်ကြည်သာစွာနဲ့ လှပနေမှာအမှန်ပါ။ ။

# ကမ္ဘာ့စီးပွားရေး မြင်ကွင်း

**လူလေးဝိုင်း**

ပြီးခဲ့တဲ့အပတ်က သုံးဖက်မြင်ရုပ်လုံးကြွပုံနှိပ်နည်းပညာ (3-D printing) အကြောင်းတင်ပြထားတော့ ဒီတစ်ပတ်လက်တွေ့အသုံးချနေပုံတချို့ကို ဆက်လက်တင်ပြလိုပါတယ်။ သုံးဖက်ရုပ်လုံးကြွနည်းပညာနဲ့ထုတ်လုပ်ထားတဲ့ အုတ်ခဲအေး **(အောက်ပုံ)** ဟာ ရေစိမ့်ဝင်နိုင်တဲ့အတွက် အဆောက်အအုံရဲ့အပူချိန်ကို လျော့ကျစေပါတယ်။ မုန့်ကူကွက်ပုံစံဒီကြွေအုတ်ခဲဟာ သူ့ဒီဇိုင်းမှာပါတဲ့ လူ့အရေပြားချွေးထွက်ပေါက်လိုသေးငယ်တဲ့အပေါက်လေးတွေမှာ ရေမြှုပ်လို ရေကိုစုပ်ယူထားနိုင်ပါတယ်။ လေက ဒီမုန့်ကူကွက်ပုံစံကြွေအုတ်ခဲတွေကို ဖြတ်တိုက်တဲ့အခါ ရေငွေ့ကိုစုပ်ယူပြီး အေးစေတာပါ။ နောက်အသုံးချပုံတစ်မျိုးကတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ သုံးဖက်မြင်ရုပ်လုံးကြွနည်းပညာသုံးပြီး အကွေးအကောက်ပုံစံ၊ ခေါင်းပွပုံစံ၊ ဂျီသြမေတြီပုံစံစတဲ့ ဒီဇိုင်းဆန်းအဆောက်အအုံအစိတ်အပိုင်းတွေကို ရွေ့လျားစနစ်အခြေခံသုံးထုတ်လုပ်ရင် အဆောက်အအုံတစ်ခုဆောက်လုပ်ဖို့အချိန်က သိသိ



သာသာလျော့နည်းသွားမှာပါ။ တရုတ်ကုမ္ပဏီ Win Sun ဆိုရင် သုံးဖက်မြင်ရုပ်လုံးကြွပုံနှိပ်နည်းပညာကိုသုံးပြီး တစ်ထပ်အိမ်ငယ်ကို တစ်ရက်အတွင်း ဆောက်လုပ်ပေးမယ်လို့ အာမခံထားပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်မှာ ကမ္ဘာ့သူ ကမ္ဘာ့သားသန်းသုံးထောင်လောက်ဟာ အိုးအိမ်တွေလိုအပ်လာမှာဖြစ်လို့ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းရာမှာ သုံးဖက်မြင်ရုပ်လုံးကြွနည်းပညာဟာ အများကြီး အထောက်အပံ့ဖြစ်နိုင်ပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ နောက်နည်းပညာတစ်ခုကို တင်ပြလိုပါတယ်။ Elegant Embellishments ကုမ္ပဏီကိုစတင်ထူထောင်ခဲ့တဲ့ Allison Dring ဆိုတဲ့ အမျိုးသမီးက မီးခိုးမြူတွေကို စုပ်ယူပေးနိုင်တဲ့အဆောက်အအုံမျက်နှာစာကို တီထွင်ခဲ့ပါတယ်။

ဒီအဆောက်အအုံမျက်နှာစာဟာ တိုင်တန်နီယမ်ဒိုင်အောက်ဆိုက်ကိုအခြေခံထုတ်လုပ်ထားတဲ့ အထူးသုတ်ဆေးတစ်မျိုးသုံးသုတ်ထားတဲ့ မျက်နှာစာပါ။ နည်းပညာရဲ့သဘောက အဆောက်အအုံမျက်နှာစာဟာ နေ့အလင်းရောင်နဲ့ ထိတွေ့တဲ့အခါ အသက်ဝင်လာပြီး မော်တော်ကားတွေက ထုတ်လွှတ်လိုက်တဲ့မီးခိုးငွေ့တွေကို စုပ်ယူပါတယ်။ဒီလိုစုပ်ယူပြီးရင် ပထမအဆင့်အနေနဲ့ နိုက်ထရစ်အက်စစ် (Nitric Acid)အဖြစ်ပြောင်းပြီး ဒုတိယအဆင့်မှာ ကယ်လ်ဆီယမ်နိုက်ထရိတ် (Calcium Nitrate)အဖြစ် ဆက်ပြောင်းပေးပါတယ်။ ကယ်လ်ဆီယမ်နိုက်ထရိတ်ဟာ သဘာဝပတ်ဝန်းကျင်ကို လုံးဝအန္တရာယ်မပြုပါဘူး။ မက္ကဆီကို မြို့တော်ဆေးရုံမျက်နှာစာဟာ ဒီနည်းပညာသုံးထားတဲ့ မျက်နှာစာပါ။ **(ယာပုံ)**Allison Dring က "မက္ကဆီကိုမြို့တော် ဆေးရုံမျက်နှာစာဟာ တစ်နေ့ကို ကားအစီးတစ်ထောင်လောက်က ထုတ်လွှတ်တဲ့မီးခိုးငွေ့တွေကို စုပ်ယူနိုင်ပါတယ်"လို့ ရှင်းပြပါတယ်။ နည်းပညာသစ်တွေဟာ သဘာဝပတ်ဝန်းကျင်အပေါ်မှာရော စီးပွားရေးလောကအပေါ်မှာပါ သိသာတဲ့အပြောင်းအလဲတွေကိုဖြစ်စေပြီး စီးပွားရေးအခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်လို့ တင်ပြတာပါ။

ထိုင်းအာဏာပိုင်တွေက ထိုင်းနိုင်ငံမှာ ဆိုင်ကယ်တက္ကစီပြေးဆွဲနေတဲ့ Uber ကုမ္ပဏီနဲ့ Grab ကုမ္ပဏီတွေကို လုပ်ငန်းဆက်လုပ်ခွင့် ရပ်ဆိုင်းခဲ့ပါတယ်။ အကြောင်းရင်းကတော့ ဒီကုမ္ပဏီတွေဟာ စည်းမျဉ်း၊ စည်းကမ်းတွေကို ချိုးဖောက်ခဲ့သလို တခြားသယ်ယူပို့ဆောင်ရေးကုမ္ပဏီတွေနဲ့ ပဋိပက္ခတွေဖြစ်ပွားခဲ့လို့ပါ။ ဒီကုမ္ပဏီနှစ်ခုမှာ အလုပ်လုပ်တဲ့ ဆိုင်ကယ်တက္ကစီယာဉ်မောင်း ၆၆ ဦးကိုလည်း ထိုင်းအာဏာပိုင်တွေက ဖမ်းဆီးထားပါတယ်။ စည်းကမ်းဖောက်ဖျက်တဲ့ ဆိုင်ကယ်တက္ကစီယာဉ်မောင်းတွေကို ၁၁၂ ဒေါ်လာအထိ ဒဏ်ရိုက်မှာဖြစ်ပြီး လိုင်စင်တွေကိုလည်း ရုပ်သိမ်းမှာပါ။ လက်ရှိအချိန်မှာတော့ ဆိုင်ကယ်တက္ကစီလုပ်ငန်းတွေကို ဘယ်အချိန်ထိ ရပ်ဆိုင်းထားမလဲဆိုတာက မရှင်းလင်းသေးပါဘူး။ Grab ကုမ္ပဏီကတော့ "ဖူဆိုကုမ္ပဏီဟာ စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာသလို ယာဉ်မောင်းတွေရဲ့ လုံခြုံရေးကိုလည်း အထူးဂရုစိုက်ပါတယ်။ သူတို့ရဲ့ ဝန်ဆောင်မှုဟာ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်ကို ထိထိရောက်ရောက်အားဖြည့်ပေးနိုင်ပါတယ်"လို့ ရှင်းလင်းခဲ့ပါတယ်။ ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်မှာ ဆိုင်ကယ်တက္ကစီလုပ်ငန်းဟာ လူကြိုက်များတဲ့လုပ်ငန်းပါ။ ဗန်ကောက်မြို့ရဲ့ စိတ်ပျက်စရာယာဉ်ကြောပိတ်ဆို့မှုကို ဆိုင်ကယ်တက္ကစီတွေက ပေါ့ပေါ့ပါးပါး သက်သက်သာသာကျော်လွှားပေးနိုင်လို့ပါ။ ထိုင်းနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ဆိုင်ကယ်တက္ကစီ ၁၈၆၀၀၀ ကျော်ရှိပြီး တစ်ဝက်ကျော်က မြို့တော်ဗန်ကောက်မှာရှိတာပါ။ ဗန်ကောက်မြို့နည်းတူ တခြားအာဆီယံမြို့တော်တွေဖြစ်တဲ့ ဂျကာတာနဲ့ မနီလာတို့မှာလည်း ဆိုင်ကယ်တက္ကစီတွေက လူကြိုက်များပါတယ်။ ကိုယ့်ရုံး၊ ကိုယ့်ကုမ္ပဏီကို အချိန်မီရောက်ချင်တဲ့ဝန်ထမ်းတွေ ဆိုင်ကယ်တက္ကစီကို သဘောကျတာကတော့ သဘာဝကျပါတယ်။

အမေရိကန်အစိုးရရဲ့ကြွေးမြီတွေကို တတိယမြောက် အများဆုံးပိုင်ဆိုင်ထားတဲ့ ကျွန်းစုကတော့ ကရစ်ဘီယန်ပင်လယ်အနောက်ပိုင်းမှာရှိတဲ့ ကေမန်ကျွန်းစုပါ။ ကေမန် (Cayman)ဟာ ဗြိတိသျှပိုင်ပင်လယ်ရပ်ခြားနယ်မြေတစ်ခုပါ။ အမေရိကန်အစိုးရရဲ့ ကြွေးမြီတွေကို ပထမအများဆုံးပိုင်ဆိုင်တဲ့ နိုင်ငံက တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးပိုင်ဆိုင်ထားတဲ့နိုင်ငံက ဂျပန်နိုင်ငံပါ။ အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာနရဲ့ မကြာသေးခင်က ထုတ်ပြန်ချက်အရ အမေရိကန်အစိုးရထုတ် ဘွန်းစာချုပ် (ငွေချေးစာချုပ်) တန်ဖိုးဒေါ်လာ ၂၆၅ ဘီလီယံလောက်ကို ကေမန်ကျွန်းစုကပိုင်ဆိုင်ထားတာပါ။ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံပိုင်ဆိုင်ထားတဲ့ အမေရိကန်အစိုးရကြွေးမြီတွေဟာ ဒေါ်လာတစ်ထရီလီယံကျော်ပါတယ်။ အစိုးရတွေဟာ ဘတ်ဂျက်လိုငွေပြတဲ့အခါ လိုအပ်တဲ့ငွေကိုဖြည့်ဆည်းဖို့ ဘွန်းစာချုပ်တွေထုတ်ရောင်းပြီး ငွေရှာပါတယ်။ ဘွန်းစာချုပ်ဝယ်သူ



တွေဟာ အတိုးရပြီး ငွေလိုတဲ့အခါမှာလည်း ပြန်ရောင်းနိုင်ပါတယ်။ ကေမန်ကျွန်းစုမှာ အမြတ်ငွေများများရအောင် စွန့်စားရင်းနှီးမြှုပ်နှံတဲ့ကမ္ဘာ့ဘဏ္ဍာရေးလုပ်ငန်း(hedge fund) အများစု (၆၀ ရာခိုင်နှုန်းခန့်) ဟာ ဖွင့်လှစ်ထားတာပါ။ ဒီတစ်ပတ် နောက်ထပ်တင်ပြလိုတဲ့သတင်းကတော့ တရုတ်နိုင်ငံက အမေရိကန်နိုင်ငံကိုကျော်လွှားပြီး စီးပွားရေးအရ ကမ္ဘာ့နံပါတ်တစ်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းနေတဲ့ကိစ္စပါ။ တရုတ်နိုင်ငံကသာ အစိုးရဗဟိုချုပ်ကိုင်ဖွံ့ဖြိုးရေးပုံစံကနေ ဈေးကွက်အခြေခံ စီးပွားရေးပုံစံကို ပီပီပြင်ပြင်ပြောင်းလဲနိုင်ခဲ့ရင် ၁၀ နှစ်အတွင်း ကမ္ဘာ့နံပါတ်တစ်နိုင်ငံ ဖြစ်လာနိုင်တယ်လို့ Bloomberg မဂ္ဂဇင်းမှာ တင်ပြထားပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ အမေရိကန်ပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP) ဟာ တရုတ်နိုင်ငံ ပြည်တွင်းထုတ်ကုန် တန်ဖိုး(GDP) ထက် ၈ ဒသမ ၅ ပိုများပါ တယ်။ ၂၀၀၆ ခုနှစ်မှာတော့ အမေရိကန် ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ဟာတရုတ်နိုင်ငံ ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ထက် ၅ ဒသမ ၁ ဆပဲ ပိုများပါတော့တယ်။ ၂၀၁၂ ခုနှစ်မှာတော့ အမေရိကန်ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ဟာ တရုတ်နိုင်ငံပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ထက် ၁ ဒသမ ၉ ဆပဲ ပိုများပါတော့တယ်။ ဒီအခြေအနေတွေကို မူတည်ပြီး တွက်ချက်ကြည့်တဲ့အခါ တရုတ်နိုင်ငံဟာ ၂၀၂၆ ခုနှစ်မှာ အမေရိကန်နိုင်ငံကိုကျော်သွားပြီး ကမ္ဘာ့မှာ နံပါတ်တစ် စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံ ဖြစ်လာနိုင်ပါတယ်။ ကျွမ်းကျင်သူတွေကတော့ တရုတ်နိုင်ငံ ရှေ့တန်းရောက်လာအောင် အမေရိကန်တစ်နိုင်ငံပဲ ပေးဆပ်ခဲ့ရတာမဟုတ်ပါဘူး။ ဥရောပသမဂ္ဂနဲ့ ဂျပန်နိုင်ငံတွေကလည်း ပေးဆပ်(တစ်နည်းပြောရရင်) ဝေစုခွဲပေးခဲ့ရတာပါ။ ဒါပေမယ့် အမေရိကန် ပြည်သူတစ်ဦးချင်းဝင်ငွေ (GDP per capita) ဟာ တရုတ်ပြည်သူတစ်ဦးချင်းဝင်ငွေထက် သိသိသာသာ များပါတယ်။ ကိန်းဂဏန်းအရ ပြောရင် ၂၀၁၄ ခုနှစ်မှာ အမေရိကန်ပြည်သူတစ်ဦးချင်းဝင်ငွေဟာ ဒေါ်လာ ၅၄၃၆၀ ရှိပြီး တရုတ်ပြည်သူတစ်ဦးချင်းဝင်ငွေက ဒေါ်လာ ၇၆၂၆ ပဲရှိပါတယ်။

တရုတ်နိုင်ငံက ပြည်ပပို့ကုန်တွေကို အရှိန်အဟုန်ပြင်းပြင်းတိုးချဲ့တင်ပို့ခဲ့တဲ့အတွက် ကုန်သွယ်ရေးပိုငွေတွေအဆမတန်များပြားလာပြီး အမေရိကန်နိုင်ငံနဲ့ တင်းမာမှုတွေဖြစ်လာတာကတော့ ကမ္ဘာ့ပြည်သူတွေကြား ရိုးနေပြီဖြစ်တဲ့ စီးပွားရေးဇာတ်လမ်းတစ်ခုပါ။ ဒီဖြစ်ရပ်ကိုမူတည်ပြီး ဒေါ်နယ်ထရမ့်က "တရုတ်နိုင်ငံကို ကမ္ဘာ့သမိုင်းမှာ မတော်လောဘအများဆုံးသူခိုးကြီး" လို့ ထိုးနှက်ဝေဖန်ခဲ့တာပါ။ ၂၀၁၅ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ ကမ္ဘာ့တစ်ဝန်းကုန်သွယ်မှုဟာ တရုတ်နိုင်ငံရဲ့ ကမ္ဘာ့တစ်ဝန်းကုန်သွယ်မှုရဲ့ ၀ ဒသမ ၉ ဆပဲရှိပါတယ်။ ကိန်းဂဏန်းအရပြောရရင် အမေရိကန်နိုင်ငံရဲ့ကမ္ဘာ့တစ်ဝန်းကုန်သွယ်မှုက ဒေါ်လာ ၃၇၂၄ ဘီလီယံရှိပြီး တရုတ်နိုင်ငံရဲ့ ကမ္ဘာ့တစ်ဝန်းကုန်သွယ်မှုက ဒေါ်လာ ၄၀၆၈ ဘီလီယံရှိပါတယ်။ မြို့ပြဘဝ နေထိုင်နိုင်မှုကိုကြည့်ရင်တော့ တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံထက် ဟိုအဝေးကြီးမှာ ပြတ်ကျန်နေတာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ အမေရိကန်ပြည်သူတွေရဲ့ ၈၁ ဒသမ ၄ ရာခိုင်နှုန်းက မြို့ပြတွေမှာနေထိုင်ပြီး တရုတ်နိုင်ငံမှာတော့ ပြည်သူတွေရဲ့ ၅၄ ဒသမ ၄ ရာခိုင်နှုန်းလောက်ပဲ မြို့ပြတွေမှာ နေထိုင်နိုင်ပါတယ်။ နှိုင်းယှဉ်မှုအရပြောရရင် တရုတ်နိုင်ငံရဲ့လက်ရှိအနေအထားဟာ အမေရိကန်နိုင်ငံရဲ့ ၁၉၃၀ အနေအထားကို မမီသေးပါဘူး။

နောက်ဆုံးတင်ပြလိုတာကတော့ တရုတ်နိုင်ငံရဲ့ အရန်နိုင်ငံခြားငွေကြေး (foreign exchange reserve)ပါ။ တရုတ်နိုင်ငံပိုင် အရန်နိုင်ငံခြားငွေကြေးဟာ ၂၀၁၆ ခုနှစ် ဧပြီလမှာ ဒေါ်လာ ၇ ဒသမ ၀၉ဘီလီယံတိုးလာပြီး စုစုပေါင်း ဒေါ်လာ ၃ ဒသမ ၂၂ ထရီလီယံအထိ ရှိလာပါတယ်။ ဒီကိန်းဂဏန်းကို တရုတ်နိုင်ငံ ဗဟိုဘဏ်က ဒီနှစ် မေလဆန်းပိုင်းမှာ ထုတ်ပြန်ခဲ့တာပါ။ တရုတ်နိုင်ငံရဲ့ အရန် နိုင်ငံခြားငွေကြေးတွေ တိုးတက်လာတယ်ဆိုပေမယ့် ဆက်လက်နှေးကွေးနေတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကြောင့် တရုတ်နိုင်ငံသားတွေနဲ့ တရုတ်ကုမ္ပဏီ တွေက ပြည်ပကို ငွေကြေးတွေခိုးထုတ်နေတာကိုတော့ မဟန့်တားနိုင်သေးပါဘူး။ ဒါပေမယ့် တရုတ်ဗဟိုဘဏ်ရဲ့ဘဏ္ဍာရေးဆိုင်ရာထွက်ပေါက်တွေအပေါ် တင်းတင်းကျပ်ကျပ်ကိုင်တွယ်ခဲ့မှုနဲ့ ယွမ်ငွေတန်ဖိုး တည်ငြိမ်လာအောင်ဆောင်ရွက်ခဲ့မှုတွေကြောင့် နိုင်ငံခြားငွေကြေးတွေ ပြည်ပစီးထွက်မှုလျော့ကျလာခဲ့ပါတယ်။ စင်ကာပူအခြေစိုက် UOB ဘဏ်ရဲ့ခန့်မှန်းချက်အရ ၂၀၁၆ ခုနှစ် ဧပြီလမှာ တရုတ်နိုင်ငံကနေ ပြည်ပကိုဒေါ်လာ ၁၄ ဘီလီယံလောက် စီးထွက်သွားပါတယ်။ ဒါပေမယ့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ တရုတ်နိုင်ငံကနေ ပြည်ပကို စီးထွက်ခဲ့တဲ့ ဒေါ်လာ ၁၄၅ ဘီလီယံနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ သိသိသာသာ လျော့နည်းသွားပါတယ်။ ။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆွေးနွေး

**လှိုင်ကော် မေ ၁၉**

တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံပွဲအခမ်းအနားကို လှိုင်ကော်ခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ မေလ ဒုတိယပတ်က ကျင်းပခဲ့သည်။




အဆိုပါအခမ်းအနားတွင် ကယားပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်က တရားစီရင်ရေး၏မဟာဗျူဟာစီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိစ္စ၊ တရားရုံးရပ်ဝင်းရှိပုဂ္ဂိုလ်များ အရည်အချင်းမြင့်မားခြင်းကိစ္စ၊ ရွေ့ပြေးတရားရုံးဆိုင်ရာကိစ္စများ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ**

## လွယ်ဂျယ်၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး

**လွယ်ဂျယ် မေ ၁၉**

လွယ်ဂျယ်မြို့လူကုန်တားတပ်ဖွဲ့စိတ်(၂) စည်ပင်သာယာရေးဦးစီးဌာနနှင့် ပြန်/ဆက်ဦးစီးဌာနတို့ ပူးပေါင်း၍ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မေ ၁၇ ရက်က မြို့စည်ပင်သာယာရေးဈေး၌ ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် လူကုန်တားတပ်ဖွဲ့စိတ်(၂) လွယ်ဂျယ်မှ ခေတ္တတပ်ဖွဲ့စိတ်မှူး ရဲအုပ် ရဲနေဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိ ဦးမြင့်ဦး၊ ပြန်/ဆက်ဦးစီးမှူး ဦးထွန်းထွန်းနိုင်တို့က ဈေးသူဈေးသားများ၊ ဈေးဝယ်ယူသူများကို လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မောက်မယ်မြို့နယ်တွင် GSM တာဝါအသစ် တည်ဆောက်မည်ဖြစ်ပြီး အောက်တိုဘာလကုန်တွင် ပြီးစီးမည်

**နေပြည်တော် မေ ၁၉**

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးထက်မပိုသော ဦးရေဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို တင်သွင်းသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးတင်စိုးက မူလအဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် ပါရှိသော နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် **အဖွဲ့ဝင် ငါးဦးစီကို** ဆိုသည့် စကားရပ်ကို **၅ ဦးစီထက်မပိုသော အဖွဲ့ဝင်များကို** ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ဆောင်ရွက်ခြင်းအားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် မိမိတာဝန်များကို ကျစ်လျစ်သိပ်သည်းစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်လိုအပ်ချက်အရ ၁၅ ဦးထက်မပိုသော၊ ၁၅ ဦးအောက်လိုအပ်သော အရေအတွက်ဖြင့်သာ



မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းစဉ်

ဖွဲ့စည်း တာဝန်ပေးအပ်ခြင်းဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်အသုံးစရိတ်များကို ခြိုးခြံချွေတာရာရောက်မည် ဖြစ်သောကြောင့် ယခုဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ**သည် ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့သည့် ဥပဒေဖြစ်သည်။

ယင်းပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို မေ ၂၄ ရက် နောက်ဆုံးထားပေးပို့ကြရန် တောင်းခံထားသည်။

ယနေ့ အစည်းအဝေးတွင် **ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ ကောလင်းမြို့နယ် ကျောက်ပုထိုးဒေသ ရွှေတူးဖော်ရေးလုပ်ငန်းကို ပတ်ဝန်းကျင်နှင့် လူနေမှုဘဝ ထိခိုက်မှုမရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးမြန်းချက်အပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြေအောက်ရေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က အဝီစိတွင်း TW-1 မှ TW-13 အထိ ရေနမူနာများကောက်ယူပြီး လစဉ်စစ်ဆေးလျက်ရှိပါကြောင်း၊ လေထုအရည်အသွေးကိုလည်း HAZ SCANNER ကို အသုံးပြု၍ စစ်ဆေးလျက်ရှိပါကြောင်း။

Mine Site အသီးသီးမှ ထွက်ရှိသော စွန့်ပစ်ရေများကို ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး၊ ဓာတ်ဆေးသုံးစွဲမှု သက်သာစေရေး၊ သတ္တုပြန်ရနှုန်းကောင်းမွန်စေရေးအတွက် လုံးဝစွန့်ပစ်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဖြေကြားစဉ်

ခြင်းမပြုဘဲ Recycle Process တွင် ပြန်လည်အသုံးပြုကြောင်း၊ ကျောက်ပုထိုး ရွှေသတ္တုတွင်း၏ သတ္တုရိုင်းမြေစာ ထုတ်လုပ်ခြင်း၊ ရွှေသန့်စင် ထုတ်လုပ်ခြင်းတို့မှ ထွက်ရှိလာသည့် စွန့်ပစ်ရေ၊ အနည်အနှစ်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သည့်အချက်များအား လေ့လာစိစစ်ဖော်ထုတ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများအား စစ်ဆေးရေးအဖွဲ့များဖြင့် စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး အကြံဉာဏ်ပေးခြင်း၊ အကြံပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ်တွင်(GSM) ဖုန်းလိုင်းများ မည်သည့်အချိန်၌ အသုံးပြုခွင့် ရရှိနိုင်မည်နည်း** မေးမြန်းချက်အပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မောက်မယ်မြို့နယ် ဟိုနမ့်ရွာအနီးတွင် GSM စနစ်ရရှိစေရန် တယ်လီနော၏ တာဝါကို ငှားရမ်းတပ်ဆင် သုံးစွဲသွားမည်ဖြစ်ပြီး ၂၀၁၆ ဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ မောက်မယ်မြို့နယ် မိုက်နုစင်ရွာတွင် GSM စနစ်ရရှိစေရန် တာဝါအသစ်ကို တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၆ အောက်တိုဘာလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ မောက်မယ်မြို့လက်ရှိ CDMA-450 စခန်း တာဝါတိုင်၌ GSM စနစ်ရရှိစေရန် ဆက်ကြောင်းချိတ်ဆက်ခြင်း၊ စက်ပစ္စည်းတပ်ဆင်ခြင်းတို့သည် ၂၀၁၆ အောက်တိုဘာလကုန်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

ဝေးလံ၍ Micro/ Fiber Transmission ရရှိရန် မလွယ်ကူသော စခန်းများအတွက် Thaicom ဂြိုဟ်တုစနစ်အား ငှားရမ်းသုံးစွဲလျက်ရှိပြီး စခန်းအသီးသီးအတွက် Bandwidth သုံးစွဲနိုင်မှုနှင့် Bandwidth အသစ်တိုးချဲ့ရရှိနိုင်မှုတို့သည် အကန့်အသတ်ရှိပါသဖြင့် ကိုယ်ပိုင်ဂြိုဟ်တုစနစ်ဖြင့် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တယ်လီနောမြန်မာလီမိတက်မှလည်း မောက်မယ်မြို့ဗိုလ်ချုပ်လမ်းနှင့် ဟိုနမ့်ရွာအနီးတို့ရှိ GSM စခန်းများ၌ တာဝါတိုင်တည်ဆောက်ပြီးစီး၍ ဆက်ကြောင်း ချိတ်ဆက်ရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ဇွန်လကုန်ခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြန်လည်ကြားနာရန် ဆုံးဖြတ်

**နေပြည်တော် မေ ၁၉**

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန်ဆုံးဖြတ်ကြောင်း ယနေ့ ကြေညာသည်။

အဆိုပါ ဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ မြတ်ညဏစိုးက မေ ၅ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် တင်သွင်းခဲ့ပြီး ယနေ့ကျင်းပသည့် အစည်းအဝေး ၂၆ ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွန်း**က ဒီမိုကရေစီနှင့်ပတ်သက်သည့် အပြောင်းအလဲများ ဖော်ဆောင်ရန် လိုအပ်သည့်အတွက် ယခုဥပဒေကြမ်း ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ ယခုတင်ပြသော ဥပဒေသည် ယခင်ဥပဒေထက် ဖြေလျှော့ထားပါကြောင်း၊ ဒီမိုကရေစီ လျှောက်လှမ်းသည့်အခါတွင် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သော အငွေ့အသက်များကင်းစင်ရန် လိုအပ်သည့်အတွက် အခန်း(၃) ပုဒ်မ(၄)၊ အပိုဒ်ခွဲငယ်(က) (ခ) (ဂ) (ဃ) (င)၊ အခန်း(၅) ပုဒ်မ(၉) အပိုဒ်(ဧ)၊ အခန်း(၆) ပုဒ်မ(၁၄)နှင့် အခန်း(၈)တို့၌ ပြင်ဆင်ဖြည့်စွက်ရမည့်အပြင် နောက်ထပ် ဖြေလျှော့ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး**က ဤဥပဒေပုဒ်မ ၂ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဥပဒေတစ်ခုအတွက် မည်မျှအရေးကြီးသည်ကို ဥပဒေသမားတိုင်း သိရှိပါကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုရာ၌ မြန်မာစကားလုံးတစ်လုံး ရေးထားယုံဖြင့် အားလုံးသိရှိသည်ဟု မှတ်ယူ၍မရပါကြောင်း၊ ဥပဒေပါစကားလုံး၏ အဓိပ္ပာယ်ကို သိရှိလိုပါက ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ရမည်ဖြစ်ပါကြောင်း၊ ၎င်းဥပဒေပါ စကားလုံးနှင့်စပ်လျဉ်း၍ ပြင်ပတွင် ကွဲပြားသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုများ ရှိသော်လည်း ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်၌ ပြဋ္ဌာန်းသတ်မှတ်သည့် အဓိပ္ပာယ်အတိုင်း ကောက်ယူရမည် ဖြစ်ပါကြောင်း၊

ထို့ကြောင့် ရှေ့နေများ၊ တရားသူကြီးများနှင့် ဥပဒေအရာရှိများက အဓိပ္ပာယ်ဖွင့်ဆိုချက်၌ပါရှိသည့် အင်္ဂါရပ်တစ်ခုချင်းကို ကောက်ယူ၍ ဥပဒေပုဒ်မများနှင့် ငြိစွန်းခြင်းရှိ မရှိကို သုံးသပ်ဆုံးဖြတ်ကျင့်သုံးရသည့်အတွက် ဥပဒေတစ်ခု၌ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အရေးကြီးပါကြောင်း၊ ဤဥပဒေ၏ ပုဒ်မ(၂) (ခ) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ပုဒ်မ(၂) (ဂ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့၏



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွန်း ဆွေးနွေးစဉ်

အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ခုသည် ယခင်ငြိမ်းစုစီ ဥပဒေ၏ အဓိပ္ပာယ်ဖွင့် ဆိုချက်များအတိုင်း ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ငြိမ်းချမ်းစွာ စုဝေးခြင်းကို **ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ နေရာတွင် မိမိသဘောဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသောသူများက သတ်မှတ်စည်းကမ်းနှင့်အညီ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်**ဟု ပြဋ္ဌာန်းထားသည့်အတွက် တစ်ဦးထက်ပိုသောသူများ ပြုလုပ်ပါက ငြိမ်းချမ်းစွာ စုဝေးခြင်းဆိုသည့် အဓိပ္ပာယ်သက်ရောက်သည်ဟု ရေးသားထားပါကြောင်း။

တစ်ဦး တစ်ယောက်တည်း တစ်ကိုယ်တော် ဆန္ဒပြသမားများက ငြိမ်းချမ်းစွာ စုဝေးခြင်း အဓိပ္ပာယ်ထဲတွင် မပါဝင်သည့်အတွက် အပြစ်မရှိဟု အဓိပ္ပာယ် ကောက်ယူနိုင်ပါကြောင်း၊ လက်ရှိဥပဒေကြမ်း၏ ပုဒ်မ ၂၂ ၌ နိုင်ငံသား တစ်ဦးချင်းအနေဖြင့် တစ်ဦးတစ်ယောက်တည်း ဆန္ဒထုတ်ဖော်ပါက ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဟု ထည့်သွင်းဖြည့်စွက် ဖော်ပြထားသည့်အတွက် ဥပဒေတစ်ခုတည်းတွင် ရှေ့တစ်မျိုး၊ နောက်တစ်မျိုး ဖြစ်နေပါကြောင်း၊ ထို့ကြောင့် ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လုံလောက်ပြည့်စုံအောင် အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ**က အခန်း(၁) ပုဒ်မ(၂) အပိုဒ်ခွဲ(င)မှ ပိုစတာဆိုသည်မှာ မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့် ရေးသားခြင်းဖြင့်လည်းကောင်း၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ရုပ်တု ရေးဆွဲခြင်းဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့် နည်းလမ်းဖြင့် လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် လည်းကောင်း ဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင်စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသည့် အရာကိုဆိုသည်ဟု မိမိအနေဖြင့် ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး**က ဥပဒေကြမ်း၏ အခန်း(၃) အသိပေးတင်ပြခြင်းအပိုင်း၏ ပုဒ်မ(၄)ပါ ဖြတ်သန်းမည့်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးစဉ်

မြို့နယ်များရှိပါက **သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ၄၈ နာရီ ကြိုတင်၍ မိတ္တူပေးပို့ရမည်အစား ဖြတ်သန်းမည့် မြို့နယ်များရှိပါက မူလမြို့နယ်ရဲတပ်ဖွဲ့မှူးမှ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ အချိန်မီ ဆက်လက်အကြောင်းကြား ဆက်သွယ်ပေးရမည်**ဟု ပြင်ဆင်လိုပါကြောင်း သို့မှသာ အချိန်ကုန်သက်သာ၍ အစစအရာရာ အဆင်ပြေချောမွေ့နိုင်မည် ဖြစ်ပါကြောင်း။

ပုဒ်မ(၁၄)ပါ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပြီးနောက် ဆက်လက်စည်းကမ်းဖောက်ခြင်းများ လူစုမကွဲဘဲ စုဝေးစီတန်းလှည့်လည်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူဆောင်ရွက်ရာ၌ အင်အားအလွန်အကျွံသုံးစွဲခြင်းနှင့် အသက်အန္တရာယ် ထိခိုက်နိုင်စေခြင်းတို့ မရှိစေရန် ပြုမူဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပါက စည်းကမ်းထိန်းသိမ်းမှုမှ ဖိနှိပ်အကြမ်းဖက်ခြင်းကို တားမြစ်နိုင်မည် ဖြစ်ပါကြောင်း။

ပုဒ်မ(၂၀)ပါ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို သက်ဆိုင်ရာ တရားရုံးသို့ (၁၅)ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်ကို သက်ဆိုင်ရာ တရားရုံးသို့ (၇)ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်ဟု ပြောင်းလဲပြင်ဆင်လိုပါကြောင်း၊ ပြစ်မှုထင်ရှားသည့်အတွက် တရားစွဲဆိုခြင်းကို တစ်ပတ်အတွင်း ဆောင်ရွက်နိုင်သည့်အတွက် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင်က **ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို မေ ၂၀ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၁၉** - ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထကရေတာရှည်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်တည် ခေါင်းဆောင်သည့် အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် ကင်းထောက်လူငယ် ၁၃၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးမိုးမြင့်ဦး ခေါင်းဆောင်သည့် ပါတီဝင် ၄၉ ဦး၊ မန္တလေးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)မှ ဦးနိုင်အောင်လွင် ခေါင်းဆောင်သည့် ကျောင်းသား၊ ကျောင်းသူ ၃၁၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ခင်ကြည်ဝင်း ခေါင်းဆောင်သည့် လေ့လာသူ ၁၁ ဦး စုစုပေါင်း ၅၁၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆည်တာတမံများနှင့် ဒေသသောက်သုံးရေကန်များအား ကွင်းဆင်းလေ့လာစစ်ဆေး

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၁၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ဆည်အတွင်း ရေသိုလှောင်ထားနိုင်မှုနှင့် ရေဖြန့်ဝေပေးနေမှုများ၊ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရှမ်းပြည်နယ် တောင်ပိုင်း ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး ဦးမြင့်က ဒေသ၏စိုက်ပျိုးရေးနှင့် သောက်သုံးရေအပြင် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနေမှု၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်လာသောရေများကို ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်း သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် စက်ရုံသုံးရေများအဖြစ် ပေးဝေအကျိုးပြုလျက်ရှိနေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့် တာဝန်ရှိသူအဆင့်ဆင့်မှ အောက်ခြေအထိ မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိနေသောလုပ်ငန်းများအပေါ် လုပ်ရိုးလုပ်စဉ်မျိုးမဟုတ်ဘဲ ပကတိအခြေအနေထက် တိုးတက်ပြောင်းလဲနိုင်ရေးကို ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် မှာကြားပြီး ရေလှောင်တမံအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၎င်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ကင်းတားရေလှောင်တမံနှင့် ကင်းတားရေလွှဲဆည်အတွင်း ဆည်ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ပြုပြင်ပြီးကန်အတွင်း ရေဝင်ရောက်မှု၊ ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ဒေသနေပြည်သူများ ပျော်ရွှင်စွာ လာရောက်အပန်းဖြေ အနားယူနေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အဖွဲ့ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသို့ ကြည့်ရှုစစ်ဆေးစဉ်

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေ မြင့်တက်လာမည် ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမြှုပ်ပေါက် ဖြတ်လမ်းများကို အသုံးပြု ခုတ်မောင်းခြင်းမပြုကြရန်နှင့် မိမိရေယာဉ်၏စက်အားနှင့် ရေစီးနှုန်းကိုချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ကူးတံတားရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားပါသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကိုဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စီးယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏သယ်ဆောင်ဝန်အားနှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက်လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့်နည်းဥပဒေများအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးမျှော်နေကြစဉ် မိုးရွာသွန်းခဲ့သဖြင့် ပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိ

**ဖြူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် နေ့အပူချိန်များ စံချိန်တင်မြင့်မားလျက်ရှိနေသဖြင့် အပူဒဏ်မှ လွတ်ရာလွတ်ကြောင်း မိုးရွာသွန်းမှုကိုသာ နေ့စဉ်မျှော်လင့်နေကြစဉ် မေ ၁၉ ရက် နံနက် ၆ နာရီမှ ၇ နာရီအထိ တစ်နာရီကြာမျှ အဆက်မပြတ် မိုးရွာသွန်းပြီး နေ့အပူချိန်များ သိသိသာသာလျော့နည်းသွားခဲ့သဖြင့် မိုးမျှော်နေကြသည့် ပြည်သူများဆန္ဒပြည့်ဝသွားကြပြီး အပူဒဏ်မှလည်း ကင်းလွတ်သွားကြသဖြင့် ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ငဝန်ရေကာတာ တာပေါင်မြှင့်တင်မှုစတင်

**ပုသိမ် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဆည်မြောင်းဦးစီးဌာနအစီအစဉ်ဖြင့် ငါးသိုင်းချောင်းမြို့ ဗောဓိရေကာတာ တာမိုင် ၄၅/၂ မှ ၄၅/၄ အတွင်း တာပေါင်အမြင့်သုံးပေ ထပ်မံမြှင့်တင်ခြင်းလုပ်ငန်းကို မေ ၁၉ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိပြီး ရေကြည်မြို့နယ်အတွင်း တာမိုင် ၃၉/၀ မှ ၆၁/၀ အထိ ၂၀၁၅ ခုနှစ် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့စဉ်က ကြံ့ခိုင်မှုနည်းပါးခဲ့သော တာပေါင်နေရာများနှင့် တာပေါင်နိမ့်သောနေရာများအား မေလ နောက်ဆုံးပတ်အတွင်း ပြီးစီးအောင် ပြုပြင်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အရေးပေါ်ပြင်ဆင်ရန် လိုအပ်သောတာပေါင်နေရာများကိုလည်းစိစစ်၍ ဆက်လက်တင်ပြကာ ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# မြစ်ရေတက်လာသဖြင့် ညောင်ဦးရေလမ်းကြောင်းလုပ်ငန်းများ ယာယီရပ်ဆိုင်း

**ညောင်ဦး မေ ၁၉**

ဧရာဝတီမြစ်အတွင်း ညောင်ဦးနှင့် ပခုက္ကူ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဧရာဝတီမြစ်ဝှမ်းဘက်စုံ စီမံခန့်ခွဲမှုစီမံကိန်း၊ Component-3 အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ မြစ်ရေတက်လာသဖြင့် ညောင်ဦးရေလမ်းကြောင်းမှ လုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားကြောင်း ဦးအောင်မျိုးခိုင် (Deputy Director from DWIR)က ပြောသည်။

ညောင်ဦးရေလမ်းကြောင်း သောင်တူးလုပ်ငန်းနှင့် မျောရေကာရိုက်ခြင်း လုပ်ငန်းများဆောင်ရွက်မှုကို ယခုနှစ် ဧပြီ ၁ ရက်ကစတင်ခဲ့ရာ မေ ၁၂ ရက်နေ့ကစ၍ မြစ်ရေတက်လာသဖြင့် ခေတ္တရပ်ဆိုင်းထားခြင်းဖြစ်သည်။

“ညောင်ဦးရေလမ်းမှာ သင်္ဘောတွေသွားလာရေး ပိုကောင်းအောင် သောင်တူးလုပ်ငန်းနဲ့ မြစ်ကြောင်းထိန်းသိမ်းဖို့ မျောရေကာနှစ်ခုရိုက်တဲ့လုပ်ငန်း လုပ်နေပြီး မြစ်ရေကြောင့် ခဏရပ်ထားတယ်။

“အဲဒီနေရာမှာ ရေယာဉ်တွေသွားလာဖို့ လုံလောက်တဲ့ရေအနက်ရှိပြီး ရေကျသွားရင် လုပ်ငန်းပြန်စမယ်” ဟု ၎င်းက ပြောသည်။

အဆိုပါ မျောရေကာတည်ဆောက်ရာတွင် မီတာ ၅၅၀ အရှည်နှင့် ၄၂၀ မီတာ အရှည်နှစ်ခုဖြစ်ပြီး သောင်တူးလုပ်ငန်းများပါဝင်ကြောင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ် မြစ်ရေမှာ ခြောက်မီတာခန့်မြင့်တက်လာသဖြင့် လက်ရှိအချိန်တွင် လုပ်ငန်းရပ်ဆိုင်းထားရာ ၁၅ ရာခိုင်နှုန်းသာပြီးစီးကြောင်း သိရသည်။

“လုပ်ငန်းက မုတ်သုံလေပေါ်မူတည်ပြီး မိုးမရွာသေးရင် ပြန်လည်စတင်လို့ ရပါတယ်။ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ လုပ်မယ့် ခုလုပ်ငန်းစဉ်တွေထဲမှာ ပခုက္ကူရေလမ်းကြောင်းကောင်းမွန်ရေး သောင်တူးလုပ်ငန်းလည်းပါဝင်ပြီး အဲဒီလုပ်ငန်းတွေကတော့ ရပ်နားစရာမလိုဘဲ ဆက်လက်လုပ်ဆောင်နေပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ပခုက္ကူရေလမ်းတွင် ပခုက္ကူတံတားအောက်ဘက်ရှိ အကျယ်လေးကီလိုမီတာ၊ အရှည်သုံးကီလိုမီတာကျယ်ဝန်းသည့် သောင်ပြင်ကိုဖြတ်၍ downstream နှင့် upstream တူးဖော်နေရာ သုံးလခန့်မှန်းထားပြီး လက်ရှိတွင် ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ညောင်ဦးနှင့် ပခုက္ကူရေလမ်းတို့တွင် သောင်တူးခြင်း၊ မျောရေကာရိုက်ခြင်းလုပ်ငန်းများ ကုန်ကျစရိတ်မှာ ဌာနတွက်ချက်မှုအရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းခန့်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်လှစ်

**ဖားဆောင်း မေ ၁၉**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် တောင်ပေါ်ကျေးရွာ၌ မေ ၁၇ ရက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်၊ ပိုက်ဆက်၊ လျှပ်စစ်သင်တန်း ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဌေးလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းတွင် သင်တန်းနည်းပြ သုံးဦးဖြင့်သင်ကြားပေးပြီး သင်တန်းသား ၂၀ ရှိကာ သင်တန်းကာလမှာ ၁၅ ရက်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Segar နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား ရုပ်ရှင်ကဏ္ဍနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား ကျောင်းသူများက သောက်သုံးရေလုံလောက်မှုမရှိသည့် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကန်ကြီးတောကျေးရွာတွင် စက်ရေတွင်းနှင့် လိုအပ်သောဆက်စပ်ပစ္စည်းများ တူးဖော်ရန်အတွက် ငွေကျပ် ၁၂၈ သိန်းကို မေ ၁၆ ရက်က ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းစဉ်** တင်စိုး(မြန်မာ့အလင်း)

◆ *ကျောဖုံးမှ*

သေတ္တာတင် သင်္ဘောများ အဝင်၊ အထွက် မရှိသော်လည်း ယခုနှစ် သင်္ကြန်ကာလအတွင်း ကုန်သေတ္တာတင်သင်္ဘော ၁၂ စင်း ဆိုက်ကပ်ခဲ့ပြီး ကွန်တိန်နာအလုံးရေ ၁၀၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ၂၀၀၈ ခုနှစ်ခန့်မှစတင်ကာ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများ၌ သင်္ကြန်ကာလအပြီးတွင် ကွန်တိန်နာများ အတင်အချပြုလုပ်ခြင်းများကြောင့် ယင်းကဲ့သို့ အခက်အခဲများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသည် ကျဉ်းမြောင်းသောကြောင့် ကွန်တိန်နာများ အလွယ်တကူ အတင်အချ မပြုလုပ်နိုင်ခြင်း၊ ၂၄ နာရီ စီမံခန့်ခွဲမှု မပြုလုပ်နိုင်ခြင်းစသည့် အခက်အခဲများနှင့်ရင်ဆိုင်နေရသည်။ ထိုကဲ့သို့ ပြဿနာများရင်ဆိုင်နေရသည့်အပြင် ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ကုန်စည်စီးဆင်းမှုပြုလုပ်ရာတွင် အချိန်ကြန့်ကြာမှု အခက်အခဲများလည်း ရှိနေသည်။

ထိုသို့ဖြစ်ပွားနေမှုကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်၊ ကုန်တင်ကုန်ချပြုလုပ်ရာ၌ ကြုံတွေ့နေရသည့်အခက်အခဲများကို ဖြေရှင်းရန်အတွက် လိုအပ်သည့် ယန္တရားများ၊ ဝန်ထမ်းများတိုးမြှင့်ကာ ဆိပ်ကမ်းများတွင် ၂၄ နာရီ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်က ပြောသည်။

ရန်ကုန်မြို့တွင် ဆိပ်ကမ်းများစွာရှိသည့်အနက် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာပြီး ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာများ အတင်အချပြုလုပ်နိုင်သည့် ဆိပ်ကမ်း ခြောက်ခုရှိရာ ယင်းတို့အနက် MIP နှင့် Asia World ဆိပ်ကမ်းတို့တွင် အများဆုံး ဆိုက်ကပ်လေ့ရှိသည်။

MIP ဆိပ်ကမ်းတွင် X-Ray စက်သုံးလုံးရှိပြီး တစ်ရက်လျှင် ပျမ်းမျှကုန်သေတ္တာ ၂၅၀ ကျော် ၃၀၀ အထိ ဖြတ်သန်းလျက်ရှိရာ ကွန်တိန်နာယာဉ်မောင်း ကိုမြင့်သိန်းက "ယာဉ်ကျပ်တဲ့အခါမျိုးမှာ X- Ray ဖြတ်တာ တစ်ရက်ကြာတယ်။ ပြီးတော့ စာရွက်စာတမ်းလုပ်တာတွေနဲ့ စစ်ဆေးမှုတွေ အားလုံးပေါင်းရင် ကွန်တိန်နာတစ်လုံးထွက်ဖို့ သုံးရက်လောက်အထိ ကြာတာမျိုးရှိတယ်။ ဆိပ်ကမ်းဝင်းအတွင်းမှာ ယာဉ်တွေကျပ်ပြီး လုတိုးနေရလို့ အသေးစားယာဉ်တိုက်မှုတွေလည်း ခဏခဏဖြစ်တယ်" ဟု ပြောသည်။

ထိုကဲ့သို့ အခက်အခဲဖြစ်ပေါ်နေမှုများကြောင့် အကောက်ခွန်ဦးစီးဌာန အနေဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အစိုးရရုံးချိန်များအတိုင်း ယခင်က ဆောင်ရွက်ပေးခဲ့သော်လည်း ကုန်သေတ္တာထုတ်ယူမှုများပြားလာမှုကြောင့် ယခုအခါ သေတ္တာများထုတ်ယူရန် ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီကျော်အထိ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စနေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် ကုန်သေတ္တာနှင့် ကုန်စည်ရှင်းလင်း ရေးအား Manual စနစ်ဖြင့် လုပ်ဆောင်လျက်ရှိရာမှ အချိန်ကုန်သက်သာပြီး ကုန်သေတ္တာနှင့် ကုန်စည်ရှင်းလင်းရေး လွယ်ကူလျင်မြန်စေရန် ဂျပန်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System- MACCS) ကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် အသုံးပြုနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် အိမ်နီးချင်းနိုင်ငံများနှင့်သာ ကုန်သွယ်မှုအများဆုံးပြုလုပ်နိုင်သေးပြီး အနာဂတ်ကာလတွင် ဥရောပနှင့် အမေရိကန် ဈေးကွက်များကိုထိုးဖောက်မည်ဆိုပါက ဆိပ်ကမ်းများကို ယခုထက် ပိုမိုတိုးတက်အောင် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတကာသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရှိခဲ့ပြီး အစိုးရသစ်သက်တမ်းအတွင်း ပို့ကုန်ကဏ္ဍကို သုံးဆတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားထားသည်။

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ရမည်းသင်းမြို့၊ ရွှေကျင်မြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**



**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ပူးပေါင်း၍ ချောင်းဆုံမြို့ ဝင်ဂလုံဘုရားဝင်း ဓမ္မာရုံ၌ မေ ၁၄ ရက်က ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်၊ အာမခံကြေးပေးသွင်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောစဉ်**
မော်လမြိုင်(ကိုယ်ပွား)




# ထိန်းသိမ်းခံ စစ်ကိုင်းဆန္ဒပြ အလုပ်သမားအဖွဲ့မှ ပြန်လိုသူများကို တပ်ကုန်းမြို့နယ် ထွေ/အုပ်မှ မော်တော်ယာဉ်စီစဉ်ပြီး နေရပ်ပြန်ပို့

**တပ်ကုန်း မေ ၁၉**

နေပြည်တော် တပ်ကုန်းမြို့မရဲစခန်းတွင် ခေတ္တထိန်းသိမ်းထားသော လမ်းလျှောက်ချီတက်ဆန္ဒဖော်ထုတ်သည့် စစ်ကိုင်းမြို့ ပတ္တမြား စက်မှုဇုန်အလုပ်သမားအဖွဲ့မှ နေရပ်ပြန်လိုသူ ၂၃ ဦးကို ယနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် အေးချမ်းစွာ ပြန်လည်ပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆန္ဒဖော်ထုတ် အလုပ်သမားအဖွဲ့မှ အလုပ်သမားအမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦးနှင့် လူနာစောင့်သုံးဦးတို့အား တပ်ကုန်းမြို့နယ် ထွေ/အုပ်မှ ဒုတိယဦးစီးမှူး ဦးစနေထွန်း ဦးဆောင်သောအဖွဲ့က မေ ၁၉ ရက် နံနက် ၂ နာရီ မိနစ် ၄၀ တွင် ယာဉ်မောင်း ဦးသော်ဇင်အောင် မောင်းနှင်သော "ထက်ဦး" ခရီးသည်တင်ယာဉ်ဖြင့် ပို့ဆောင်ခဲ့ရာ စစ်ကိုင်းမြို့သို့ ယင်းနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင်ရောက်ရှိခဲ့ကြောင်း၊ ထိုသို့ရောက်ရှိပြီးနောက် စစ်ကိုင်းမြို့စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးအစည်း အဝေးခန်းမ၌ ဦးစနေထွန်းက ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်သောင်းနှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# လယ်ယာမြေထဲတွင် ငါးကန်တူးဖော်မှုဖျက်သိမ်းရေး ဆန္ဒဖော်ထုတ်

**ညောင်လေးပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မြို့မ(၁) ရပ်ကွက် မဟာတိလောကသယမ္ဘူကျောက်တော်ကြီးဘုရားကြီးရှေ့၌ မေ ၁၉ ရက် နံနက် ၁၀ နာရီက အင်အား ၂၃ ဦးခန့်ရှိသော ဆန္ဒဖော်ထုတ်သူများသည် တရားဝင်ခွင့်ပြုချက်ဖြင့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်သူများသည် ညောင်လေးပင်မြို့ဘုရားကြီးရှေ့မှစတင်၍ ဘုရားကြီးလမ်း၊ ဗိုလ်ချုပ်လမ်း ၎င်းမှ ရန်ကုန်-မန္တလေးကားလမ်းအတိုင်းချီတက်လာပြီး မြို့မ(၃) ရပ်ကွက် ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့ထိရောက်အောင် ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ယင်းမှတစ်ဆင့် ရန်ကုန်-မန္တလေး ကားလမ်းအတိုင်းပြန်လာကာ ဗိုလ်ချုပ်လမ်းအတိုင်းဆက်လျှောက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှေ့အထိ ဆန္ဒဖော်ထုတ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ရာတွင် တောင်းဆိုသောအချက်ဖြစ်သည့် ပုံစံ(၇) ချထားပြီးသော လယ်မြေထဲတွင် ငါးလုပ်ငန်းဦးစီးမှူးက ငါးကန်တူးဖော်ခွင့်ပေးထားမှုကို ဖျက်သိမ်းပေးရေး၊ ပုံစံ(၇) ချထားပြီးသောလယ်မြေထဲတွင် လယ်စပါး ပြန်လည်စိုက်ပျိုးခွင့်ရရှိရေး၊ လယ်မြေထဲတွင် တူးဖော်ထားသောငါးကန်အား မြေသားပြန်လည်ဖို့ပေးရေး၊ ဘုရားငုတ်တိုအင်းအား ယခင်ဘုတ်ပြင်းအင်းအတိုင်း ကျွဲရေသောက် နွားရေသောက်အဖြစ် ပြန်လည်သတ်မှတ်ပေးရေးနှင့် နိုင်ငံတော်ကို အခွန်ထမ်းဆောင်ထားခြင်းမရှိသောအင်းအားဖျက်သိမ်းပေးရေး စသည့် အချက်ငါးချက်ဖြင့် ကြွေးကြော်တောင်းဆိုခဲ့ကြပြီး နံနက် ၁၁ နာရီခွဲခန့်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# သပိတ်ကျင်းလေဘေးသင့်ပြည်သူများအတွက် သွပ် ၇၆၁ ချပ် လှူ

**သပိတ်ကျင်း မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့တွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သပိတ်ကျင်း မြို့ပေါ်ရပ်ကွက်များရှိ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များပျက်စီးဆုံးရှုံးခဲ့သဖြင့် အိမ်မိုးသွပ်ပြားများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမ၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မေသန်း၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က လှူဒါန်းရခြင်းနှင့် သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ပါက အန္တရာယ်ကင်းရှင်းစေရန်အတွက် ကြိုတင်ကာကွယ်မှုများပြုလုပ်ထားရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ခနှင့် တာဝန်ရှိသူများမှတက်ရောက်လာကြသည့် လေဘေးသင့်ပြည်သူများအား အိမ်မိုးသွပ် ၇၆၁ ချပ်ကို ခွဲဝေပေးခဲ့သည်။

အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလှဆွေက "မြို့ပေါ်မှ ကျွန်တော့်ကျောင်းက အများဆုံး ပျက်စီးခဲ့တာပါ။ မန္တလေးစည်ပင်က သွပ်အချပ်ရေ ၃၀၀ လှူဒါန်းထောက်ပံ့ပေးတဲ့ အတွက် ကျောင်းဖွင့်ရာသီအမီ ပြန်လည်ပြုပြင်နိုင်မှာဖြစ်လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# အီဂျစ်ခရီးသည်တင် လေယာဉ် ပါရီမှ ကိုင်ရိုသို့သွားစဉ် ပျောက်ဆုံး

**ကိုင်ရို မေ ၁၉**
အီဂျစ် ခရီးသည်တင် လေယာဉ်တစ်စင်းသည် ကြာသပတေးနေ့က ပါရီမှ ကိုင်ရိုသို့ ပျံသန်းလာရာ ဂရိနိုင်ငံတောင်ဘက်ရှိ မြေထဲပင်လယ်ကိုဖြတ်စဉ် ရေဒါမှ ပျောက်ဆုံးသွားကြောင်း အမျိုးသားအီဂျစ်လေကြောင်းလိုင်းက ပြောသည်။

အဆိုပါ ရေဒါမှပျောက်ဆုံးသွားသော လေယာဉ်သည် ပါရီမှ ကိုင်ရိုသို့ ဦးတည်ပျံသန်းလာသည့် ခရီးစဉ်အမှတ် MS-804 ဖြစ်ကြောင်း လေကြောင်းလိုင်း တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။

လေယာဉ်သည် အီဂျစ်လေပိုင်နက်အတွင်း ဝင်ရောက်ပြီးနောက် ၃ နာရီ ၅ မိနစ်တွင် ဆင်းသက်ရမည်ဖြစ်သော်လည်း မိနစ် ၂၀ အလို နံနက် ၂ နာရီ ၄၅ မိနစ်တွင် ပျောက်သွားခြင်းဖြစ်ကြောင်း၊ လေယာဉ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၇၀၀၀ ခန့်မှ ပျံသန်းခဲ့ကြောင်း သိရသည်။



ပါရီရှိ ချားလ်စ်ဒီဂေါလ်လေဆိပ်၌ လေယာဉ်ပျောက်သွားသည်ကို သိရပြီးနောက် ဂိတ်နံပါတ် (၁)၌ လုံခြုံရေးတပ်ဖွဲ့အသင့် အနေအထားရှိနေစဉ်

အဲယားဘတ်စ် အေ-၃၂၀ လေယာဉ်သည် ကလေးတစ်ဦး၊ မွေးကင်းစကလေးငယ်နှစ်ဦး၊ လေယာဉ်ဝန်ထမ်း ၁၀ ဦးအပါအဝင် ခရီးသည် ၅၆ ဦးတင်ဆောင်လာကြောင်း သိရသည်။

အစောပိုင်းက ခရီးသည် ၅၉ ဦးဟု သိရပြီး လိုက်ပါလာသူ အရေအတွက်ကို ထပ်မံစိစစ်ထားခြင်းဖြစ်သည်။

လေယာဉ်မှူးသည် အတွေ့အကြုံရှိသူတစ်ဦးဖြစ်ကြောင်း၊ ၁၂ နှစ် သက်တမ်းရှိသော လေယာဉ်သည် ဂရိနိုင်ငံတောင်ဘက်ရှိ မြေထဲပင်လယ်ပြင်အထက်တွင် နောက်ဆုံးတွေ့ရှိရကြောင်း Flight rader 24.com မှ သိရသည်။

ပျောက်ဆုံးလေယာဉ်ကို စုံစမ်းရှာဖွေမှုများ ပြုလုပ်ပြီး ကယ်ဆယ်ရေးအဖွဲ့များ လွှတ်ထားကြောင်း အီဂျစ်ပြည်တွင်းလေကြောင်း ဝန်ကြီးဌာနက ပြောသည်။ လေယာဉ်၏ နည်းပညာပိုင်းဆိုင်ရာ အခြေအနေများကို စုစည်းထားပြီးဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။
**(ရိုက်တာ)**

# တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ တာလီဘန်များပါဝင်ရန် အမေရိကန်ဖိတ်ခေါ်

**ဝါရှင်တန် မေ ၁၉**
အာဖဂန်နစ္စတန်အစိုးရနှင့် တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တာလီဘန်များ ပါဝင်ရန် အမေရိကန်က တောင်းဆိုလိုက်သည်။

"တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တာလီဘန်တွေ ပါဝင်ဆွေးနွေးဖို့ သမ္မတ ဂါနီနဲ့ ဆက်သွယ်သွားမှာပါ။ သူတို့မှာ ရွေးချယ်စရာတော့ရှိပါတယ်။ ဒါပေမယ့် သူတို့ ရွေးချယ်မှုမှန်ကန်နိုင်ဖို့မျှော်လင့်ပါတယ်" ဟု ပြောခွင့်ရသူ ဂျွန်ကာဘိုင်က မေ ၁၈ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်ဖြစ်သူ ရစ်ချတ်အော်လ်ဆွန်သည် အစ္စလာမ္မာဘတ်၌ကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသည်။

"လိုချင်တဲ့ရလဒ်ကိုတော့ မရောက်သေးဘူး။ ကျွန်တော်တို့အနေနဲ့ အာဖဂန် အစိုးရကိုလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ပဋိပက္ခတွေကို အဆုံးသတ်ဖို့ ဖိအားပေးမှုတွေ ဆက်လက်ပြုလုပ်သွားမှာပါ။ ဒီလုပ်ငန်းစဉ်တွေကို အာဖဂန်ကနေ ဦးဆောင်ပြီး လုပ်သွားဖို့ ထပ်တလဲလဲ ပြောခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

Hekmatyar ရှိ ဟက်အီအစ္စလမ္မီများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် သဘောတူညီချက် အဆိုကို အမေရိကန်က ကြိုဆိုခဲ့သည်။ အမေရိကန်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် အာဖဂန်-တာလီဘန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မူကြမ်းချမှတ်ရန် ယမန်နေ့က တွေ့ဆုံခဲ့သည်။
**(ပီတီအိုင်)**

# အီကွေဒေါ်၌ ငလျင် နှစ်ခု ထပ်မံလှုပ် ၈၅ ဦး ဒဏ်ရာရ

**ကွီတို မေ ၁၉**
အင်အားပြင်းထန်သော ငလျင်နှစ်ခု အီကွေဒေါ်၌ လှုပ်ခတ်ပြီးနောက် လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ ယင်းမှာ တောင်အမေရိကနိုင်ငံ၌ လူပေါင်း ၆၀၀ ကျော် သေဆုံးစေခဲ့သည့် ငလျင်လှုပ်ပြီး တစ်လခန့်အကြာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဟူးနေ့ အစောပိုင်းက ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခဲ့ပြီးနောက် မွန်းလွဲပိုင်း၌ ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူ ထပ်မံလှုပ်ခဲ့သည်။ ငလျင်နှစ်ခုစလုံးမှာ ဧပြီ ၁၆ ရက်က လှုပ်ခဲ့သည့် ငလျင်ဗဟိုချက်အနီး လှုပ်ခဲ့ခြင်းဖြစ်သည်။

သမ္မတရာဖဲလ်ကော်ရီယာက ကွီတို၌ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ငလျင်ကြောင့် လူ ၈၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ သက်ကြီးရွယ်အိုတစ်ဦး သေဆုံးသွားကြောင်း အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်အတွင်းရှိ ပြည်သူများ အသက်အန္တရာယ်လုံခြုံရေးကို ကာကွယ်ပေးနိုင်ရေး အာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်း သမ္မတ ရာဖဲလ်က ထပ်ပြောသည်။

Esmeraldas မြို့ရှိ ဟိုတယ်တစ်ခု၌ အလုပ်လုပ်နေသော အလုပ်သမားတစ်ဦးက ဗုဒ္ဓဟူးနေ့က ဒုတိယအကြိမ်လှုပ်ခတ်သည့် ငလျင်မှာ ၅၀ စက္ကန့်ကြာမြင့်ကြောင်း ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းကြောင်း ဆင်ဟွာသို့ ပြောသည်။
**(အင်န်အိတ်ချ်ကေ)**

# ဂျီ-၇ ထိပ်သီးအစည်းအဝေးအတွက် ရဲတပ်ဖွဲ့ဝင် ၂၃၀၀၀ ဖြန့်ချထား

**တိုကျို မေ ၁၉**
ဂျပန်နိုင်ငံအလယ်ပိုင်း အီဆဲရှီးမား၌ ကျင်းပမည့် ဂျီ-၇ ထိပ်သီး အစည်းအဝေး၏ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်ပေါင်း ၂၃၀၀၀ ကို ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း ဂျပန် ရဲတပ်ဖွဲ့က ပြောသည်။



အီဆဲရှီးမားမြို့တော်၌ လာမည့် ကြာသပတေးနေ့တွင် စက်မှုဒီမိုကရေစီနိုင်ငံများမှ ခေါင်းဆောင်များသည် နှစ်ရက်ကြာ ဆွေးနွေးမည်ဖြစ်သည်။

အစည်းအဝေးအပြီး ဟီရိုရှီးမားသို့ အမေရိကန် သမ္မတ ဘားရက်အိုဘားမား လာရောက်မည်ဟု သိရသည်။ အဏုမြူဗုံးကြဲခံရသည့် မြို့တော်သို့ အမေရိကန် သမ္မတ တစ်ဦးအနေဖြင့် လာရောက်လည်ပတ်ခြင်းသည် ပထမဆုံးအကြိမ်လည်း ဖြစ်သည်။

အစည်းအဝေး ကာလအတွင်း အနီးအနားဝန်းကျင်နေရာများနှင့် ဂျီ-၇ ခေါင်းဆောင်များ ရောက်ရှိလာမည့် ချူဘူအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်ပေါင်း ၂၃၀၀၀ ခန့် ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ကြေညာထားသည်။

ထို့ကြောင့် ယခုအရေအတွက်သည် ယခင် ဂျပန်ကအိမ်ရှင်အဖြစ်လက်ခံကျင်းပသော ဟော့ကိုင်းဒိုး-တိုကျို (၂၀၀၈) ထိပ်သီးအစည်းအဝေးထက်ပိုများကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင် ၄၆၀၀ ကို ဟီရိုရှီးမား၌ တာဝန်ပေး ချထားမည်ဖြစ်ကြောင်း အေဂျင်စီမှ သိရသည်။

ဟီရိုရှီးမားနှင့် တိုကျို၌ လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များကို နေရာချထားခြင်းသည် ယခုအကြိမ်၌ အရေအတွက်အများဆုံးဖြစ်သည်။

ဘယ်လ်ဂျီယံနှင့်ပြင်သစ်၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုများရှိခဲ့သဖြင့် ကပွဲခန်းမနေရာများ၊ တိုကျိုနှင့် အခြားမြို့ကြီးများရှိ မီးရထားဘူတာရုံများတွင် လုံခြုံရေးအစီအစဉ်တိုးမြှင့် ချထားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။
**(အင်န်အိတ်ချ်ကေ)**



# ဘိုကိုဟာရမ်တို့ပြန်ပေးဆွဲထားသည့်အထဲမှ မိန်းကလေးငယ်တစ်ဦးလွတ်မြောက်

**လာဂိုစ့် မေ ၁၉**
လွန်ခဲ့သောနှစ်နှစ်ကျော်က ဘိုကိုဟာရမ်အကြမ်းဖက်အုပ်စု ပြန်ပေးဆွဲသွားခဲ့သည့် ကျောင်းသူများထဲမှတစ်ဦးကို ကယ်တင်နိုင်ပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားတပ်ဖွဲ့က ပြောကြားသည်။

မည်သို့ကယ်တင်ခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်တပ်မှ ရှင်းလင်းပြောကြားခြင်းမရှိပေ။ နိုင်ငံ၏ အရှေ့မြောက်ဘက်ရှိ မိန်းကလေးငယ် ၂၀၀ ကျော်ကို ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ပြီး ယခုတစ်ကြိမ်မှာ ပထမဦးဆုံးကယ်တင်နိုင်ခဲ့ခြင်းဖြစ် ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမျိုးသမီးငယ်များပြန်လည်လွတ်မြောက်ရေးကြိုးပမ်းသည့် အုပ်စုက ကင်မရွန်း နယ်စပ်တွင် အမျိုးသမီးငယ်များကိုတွေ့ရှိရကြောင်းပြောသည်။

ယခုကယ်တင်နိုင်ခဲ့သည့် မိန်းကလေးကို အသက် တစ်နှစ်ခန့်အရွယ်ရှိ ကလေးငယ်တစ်ဦးနှင့်အတူ တွေ့ရှိခဲ့သည်။ အခြားဖမ်းဆီးခံထားရသူများမှာ ဘိုကိုဟာရမ်အဖွဲ့ထိန်းချုပ်ထားရာတောအုပ်အတွင်း ကျန်ရှိနေသေးကြောင်း လွတ်မြောက်လာသောမိန်းကလေးကပြောသည်။ ဘိုကိုဟာရမ်အုပ်စုက ဖမ်းဆီးထားသည့်မိန်းကလေးများကို ကျေးကျွန်အဖြစ်ရောင်းချမည်ဟု ခြိမ်းခြောက်လျက်ရှိသည်။
**(အင်န်အိတ်ချ်ကေ)**

# ဘိုကိုဟာရမ်အရေး အလေးပေးဆွေးနွေးနေသည့် ငြိမ်းချမ်းရေးညီလာခံ

ကလျာမိုးမြင့်

**အစွန်းရောက် အစ္စလာမ္မစ်ဝါဒီတို့၏ အကြမ်းဖက်လှုပ်ရှားမှုများကို တိုက်ဖျက်ရန်အတွက် ဒေသတွင်းခေါင်းဆောင်များက နိုင်ဂျီးရီးယား၌ စုဝေးနေချိန်တွင် ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့က အိုင်အက်စ်အဖွဲ့နှင့် ပူးကပ်ယှက်နွယ်လာခြင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စိုးရိမ်လာခြင်းနှင့်အတူ ကမ္ဘာ့အင်အားကြီးနိုင်ငံများကလည်း ဘိုကိုဟာရမ်အကြမ်းဖက်အုပ်စုအား ယခုရက်သတ္တပတ်အတွင်း အလေးအနက် အာရုံစိုက်လာကြသည်။**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဘိုကိုဟာရမ် အကြမ်းဖက်အုပ်စုတို့နှင့် အိုင်အက်စ်တို့၏ ပတ်သက်ဆက်နွှယ်မှုကို သတိပေးတပ်လှန့်လျက်ရှိပြီး အနောက်နှင့် ဗဟိုအာဖရိကဒေသများ၏ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို တဖြည်းဖြည်း တိုက်စားဝါးမျိုနေသည့် အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်ကို အလေးအနက်ထား ကိုင်တွယ်လျက်ရှိကြောင်း သောကြာနေ့က သမ္မတမိန့်ခွန်း၌ ဖော်ပြခဲ့သည်။

ဒေသအတွင်း ဖြစ်ပွားလျက်ရှိသော စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ပြဿနာရပ်အပေါ် စိုးရိမ်ပူပန်လျက်ရှိပြီး ဘိုကိုဟာရမ်တို့ကြောင့် ဖြစ်ပွားရသည့် နေရပ်စွန့်ခွာထွက်ပြေးသူများနှင့် ဒုက္ခသည်အမြောက်အမြားအကြောင်းကို မိန့်ခွန်း၌ ထည့်သွင်းပြောဆိုခဲ့သည်။ နေအိမ်မှ စွန့်ခွာထွက်ပြေးကြရသည့် နိုင်ဂျီးရီးယားနိုင်ငံသား ၂ ဒသမ ၂ သန်းကျော်ရှိပြီး ကင်မရွန်း၊ ချက်ဒ်နှင့် နိုင်ဂျာနိုင်ငံတို့တွင် နေအိမ်စွန့်ခွာထွက်ပြေးသူနှင့် ဒုက္ခသည် ၄၅ သိန်းကျော်ရှိကြောင်း လုံခြုံရေးကောင်စီက ဖွင့်ဟခဲ့သည်။ လုံခြုံရေးကောင်စီသည် လွန်ခဲ့သော နှစ်နှစ် အကြာက ပြန်ပေးဆွဲထားသည့် ကျောင်းသူ ၂၁၉ ဦးအပါအဝင် ဘိုကိုဟာရမ်တို့ ဖမ်းဆီးထားသော ဓားစာခံ ထောင်ပေါင်းများစွာတို့ လွှတ်မြောက်ရေးအတွက် တောင်းဆိုလျက်ရှိသည်။

လုံခြုံရေးကောင်စီက ပဋိပက္ခကြောင့် အထိအနာဆုံးဖြစ်ခဲ့သည့် ကင်မရွန်း၊ ချက်ဒ်၊ နိုင်ဂျာနှင့် နိုင်ဂျီးရီးယားနိုင်ငံများမှ ပြည်သူများအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အရေးပေါ် ကူညီထောက်ပံ့မှုများ အမြန်ဆုံးပေးအပ်ရန် နိုင်ငံတကာအဖွဲ့ အစည်းများသို့ အကူအညီ တောင်းဆိုထားပြီး ယခုနှစ်အတွင်း ထိုကဲ့သို့ ကူညီထောက်ပံ့ရန် လိုအပ်သည့် ငွေကြေးပမာဏဖြစ်သည့် အမေရိကန်ဒေါ်လာ ၅၃၁ သန်း၏ ၁၀ ရာခိုင်နှုန်း နီးပါးကို ရရှိခဲ့ပြီးဖြစ်သည်။




**လုံခြုံရေးကောင်စီသည် လွန်ခဲ့သော နှစ်နှစ်အကြာက ပြန်ပေးဆွဲထားသည့် ကျောင်းသူ ၂၁၉ ဦးအပါအဝင် ဘိုကိုဟာရမ်တို့ ဖမ်းဆီးထားသော ဓားစာခံ ထောင်ပေါင်းများစွာတို့ လွှတ်မြောက်ရေးအတွက် တောင်းဆိုလျက်ရှိ**

နိုင်ဂျီးရီးယား၌ပြုလုပ်သည့် အဆိုပါ လုံခြုံရေးဆွေးနွေးပွဲသည် လွန်ခဲ့သော နှစ်နှစ်အကြာက ပဲရစ်၌ ပြုလုပ်ခဲ့သည့် ကင်မရွန်း၊ ချက်ဒ်၊ နိုင်ဂျာ၊ နိုင်ဂျီးရီးယားနှင့် ဟီနင်နိုင်ငံများအကြား အိုင်အက်စ်ချေမှုန်းရေး ပူးပေါင်းမှုကို အဓိကထား ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲ၏ နောက်ဆက်တွဲ တွေ့ဆုံမှုဖြစ်သည်။

စနေနေ့က အဆိုပါညီလာခံဆုံတွေ့မှုတွင် ပါဝင်တက်ရောက်ခဲ့ကြသူများမှာ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်း၊ ကင်မရွန်းသမ္မတ ပေါလ်ဘီရာ၊ ချက်ဒ်သမ္မတ အိုင်ဒရစ်ဒီဘိုင်၊ ဟီနင်သမ္မတ ပက်ထရစ်တာလွန်း၊ နိုင်ဂျီးရီးယားသမ္မတ မဟာမာဒူအီဆိုဖူ၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ဟာမွန်၊ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး တိုနီဘလဲကင်နှင့် ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များ၊ အနောက် အာဖရိကနှင့် ဗဟိုအာဖရိကနိုင်ငံများရှိ အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ ဖြစ်ကြသည်။

ကင်မရွန်းနိုင်ငံမှ ဆက်သွယ်ရေးဝန်ကြီးက ကင်မရွန်းအထူးကာကွယ်ရေးနှင့် လုံခြုံရေးအင်အားစုများသည် ယခုရက်ပိုင်း၌ နိုင်ဂျီးရီးယားနိုင်ငံ မဒါဝါယာတောအုပ်အနီးတွင် စစ်ဆင်ရေး အောင်မြင်မှုတစ်ရပ်အနေဖြင့် ဘိုကိုဟာရမ်စစ်သွေးကြွ ၅၈ ဦး ထက်မနည်း သုတ်သင်ချေမှုန်းနိုင်ခဲ့ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။ အဆိုပါ နယ်မြေသည် နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနယ်စပ်အနီးတစ်နေရာဖြစ်သည်။

စစ်ဆင်ရေးအတွင်း ဘိုကိုဟာရမ်တို့၏ စခန်းသုံးခုကို ဖျက်ဆီးနိုင်ခဲ့ပြီး အကြမ်းဖက်အဖွဲ့၏ နာမည်ကြီး ခေါင်းဆောင် တပ်မှူးချုပ် ဘူဘာအကာဝူကို အပေါင်းအပါငါးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အကြမ်းဖက် အဖွဲ့ဝင် ၅၈ ဦးသေဆုံးပြီး လက်နက် အမြောက်အမြား သိမ်းဆည်းနိုင်ခဲ့သည်။

ဓားစာခံ ၄၈ ဦးကို လွှတ်မြောက်စေခဲ့ပြီး ကင်မရွန်းသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည်။ ဓားစာခံ ၄၈ ဦးတို့တွင် အမျိုးသမီး ၁၈ ဦးပါဝင်ပြီး ၎င်းတို့အနက် ၁၅ ဦးမှာ နိုင်ဂျီးရီးယားနိုင်ငံသားများဖြစ်ကာ ကင်မရွန်းနိုင်ငံသားသုံးဦးနှင့် ကလေးငယ် ၂၈ ဦးတို့ဖြစ်သည်။ ကင်မရွန်းတပ်ဖွဲ့တွင် အသေအပျောက်မရှိခဲ့ပေ။

**ကိုးကား - စီအင်န်အင်န်**

■


## ဖခင်အမည်မှန်

မအူပင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မောင်အောင်ကိုခန့်၏ ဖခင်အမည်မှန်မှာ ဦးလှမြင့်ဦး ဖြစ်ပါသည်။

ဦးလှမြင့်ဦး
၁၄/မအပ(နိုင်) ၁၆၁၀၆၈

## အမည်ပြောင်း

ဦးဝင်းသိန်း၏သား မအူပင်မြို့၊ ရေလဲကလေးကျေးရွာ အခြေခံပညာအထက် တန်းကျောင်း ပထမတန်းမှ မောင်ရှိန်းထက်အား မောင်ရာပြည့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

## မဟာကျော်

အဝေးသင် ဝိဇ္ဇာသိပ္ပံ
စိစစ်ရေးမှူး(၂)ဝင်ခွင့်

အမှတ်-၃၅၃၊ ဒုထပ်၊ မဟာဗန္ဓုလလမ်း
(ဆိပ်ကမ်းသာလမ်းနှင့်ဒုဝူလမ်းကြား)
Ph:09-250359833,
09-253034191,
09-263451177

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၂၃၈၅ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ၃/ကဆက(နိုင်)၀၁၂၃၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)

## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မီးသတ်ယာဉ်နှင့် အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့် ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၆-၅-၂၀၁၆ရက်မှစ၍ နေပြည်တော် ပြည်ထဲရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁၀)တွင် ဝယ်ယူနိုင်ပြီး ၆-၆-၂၀၁၆ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။ လုပ်ငန်းရှင်များ သည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့်ကုမ္ပဏီ Profile တို့ကို တင်ပြရမည် ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်ကို နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၅၇၈၊၀၆၇-၄၁၂၅၇၉ |
| (ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၅၁၂၊၀၆၇-၄၁၂၀၄၅ |
| (ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၅၈၀၊၀၆၇-၄၁၂၅၈၂ |
| (ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၃၇၄၊၀၆၇-၄၃၁၃၉၅ |
| (င) အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၂၆၊၀၆၇-၄၃၁၄၂၀ |
| (စ) မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၄၂၀၀၂၅၊၀၁-၆၆၁၅၄၄ |

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမင်းသန့်[၁၂/မဂဒ(နိုင်)၁၃၀၈၂၂] ၏ နိုင်ငံကူးလက်မှတ်-M-591888 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၇၈၄၁၅၄၂၉၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလှမင်းဦး ၁၂/ဒလန(နိုင်) ၀၂၈၉၂၀၏ သဘော်သား လုပ်သက်စာအုပ်ရန်(အမှတ်)-၄၀၀၃/၁၀ စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၆၆၆၉၄၇

## ချင်းပြည်နယ်
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## တင်ဒါစည်းကမ်းချက်များပြင်ဆင်ခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း၊ လမ်းတံတား၊ ရေပေးရေးလုပ်ငန်း၊ တင်ဒါခေါ်ယူရေးကိစ္စအား ၂၈-၄-၂၀၁၆ရက်၊ ၃၀-၄-၂၀၁၆ရက်၊ ၂-၅-၂၀၁၆ရက်၊ ၄-၅- ၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာတွင် လျှောက်လွှာများခေါ်ယူထားပြီးဖြစ်ပါသည်။

၂။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် တင်ဒါစည်းကမ်းချက်များ၊ တစ်ပြေးညီဖြစ်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်အရ တင်ဒါစည်းကမ်းချက်များပြင်ဆင်သတ်မှတ်မည်ဖြစ်ပါ၍ တင်ဒါလျှောက်လွှာဝယ်ယူထားသူများ အမြန်ဆုံးဆက်သွယ်ပြီး တင်ဒါစည်းကမ်းအသစ်များရယူကြပါရန် အသိပေးအပ်ပါသည်။ တင်ဒါနောက်ဆုံးပေးသွင်းရမည့်ရက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်-

**တင်ဒါလျှောက်လွှာနောက်ဆုံး**
**တင်သွင်းရမည့်ရက်/ချိန်** - ၁၅-၆-၂၀၁၆ရက် ၁၆း၃၀နာရီ

၃။ နည်းပညာအဆိုပြုလွှာ Technical Proposal အား ပြည့်စုံမှုရှိ/မရှိ ၁၆-၆-၂၀၁၆ရက် နံနက် ၉နာရီတွင် ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါ၍ ကုမ္ပဏီမှတာဝန်ရှိသူ (၁) ဦး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၇/ခ၊ မြေကွက်အမှတ် ၉၇/က မြေကွက် တည်နေရာအမှတ် ၂၆/ခ၊ ၉၇/က၊ ဦးစံဖေလမ်း၊ သဃ်န်းကျွန်းမြို့နယ် (ဒေါ်မာမာခင်) အမည်ပေါက် နှစ်၆၀ ဂရန်မြေအား ၁၂/မရက(နိုင်)၀၆၆၁၇၀ အမည်ပေါက် ဒေါ်မာမာခင် ၁၂/မရက(နိုင်)၀၆၆၁၇၀၏ GP/(၁၁၆၇၂၃/၁၃) (၁၁-၇-၂၀၁၃) ရသူ ဦးသင်းဇော် ၁၂/မရက(နိုင်)၀၆၇၅၁၉က ကိုယ်စားလှယ်လွှဲစာမိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း(၃)၊ မြေကွက်အမှတ် ၁၆၇ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်မြင့် ၁၂/ပဇတ(နိုင်)၀၂၉၇၃၈ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မိုးမိုးလွင် ၁၂/သဃက(နိုင်)၀၈၇၉၆၆က ပိုင်ရှင်အမည် ပြောင်းလဲ၍ မြေငှားဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အမည်ပြောင်း၍ မြေငှားဂရန်ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ပြည်ထဲရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများဆောက်လုပ်ရန်အတွက် ပြည်တွင်း မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ၂၆-၄-၂၀၁၆ရက်မှ ၂၈-၄-၂၀၁၆ ရက်အထိ ကြော်ငြာခဲ့ပြီး တင်ဒါအဆိုပြုလွှာများအား ၂၆-၄-၂၀၁၆ ရက်မှ စတင်ဝယ်ယူနိုင်ကြောင်း ဖော်ပြထားရှိပြီး ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများ နောက်ဆုံးပေးပို့တင်သွင်းရမည့်ရက်အား ၂၀-၅-၂၀၁၆ရက်အစား ၂၇-၅-၂၀၁၆ရက်အထိ နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ပြင်ဆင်သတ်မှတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၊ အနောက်ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၆/ဂ)၊ M.L Martin အမည်ပေါက်မြေပေါ်ရှိ (၂)ထပ်သစ်သားအိမ်၏ ပထမထပ်အခန်းနှင့်ပတ်သက်၍ ဒေါ်တင်တင်အေးနှင့် သက်ဆိုင်သူများ/အများ သိရှိစေရန် ကြေညာခြင်း

အချင်းဖြစ် ပထမထပ်အခန်းသည် ၂၀-၁-၁၉၄၉ရက်ရက်တွင် အစိုးရက ယာယီသိမ်းယူခဲ့သောအခန်းဖြစ်ပြီး ယနေ့တိုင်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ် ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသည့် အခန်းဖြစ်ပါသည်။ ယင်းပထမထပ်အခန်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာန၏ စာဖြင့်ရေးသားထားသော သဘောတူညီခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အချင်းဖြစ် ပထမထပ်အခန်း၏ ကြံ့ခိုင်မှုကို ထိခိုက်စေသည့် ဆောင်ရွက်ခြင်းနှင့် အချင်းဖြစ် ပထမထပ်အခန်းသို့ ဦးစီးဌာနမှ တာဝန်ရှိသူက ဝင်ရောက်စစ်ဆေးခွင့်၊ ဌာနမှတရားဝင်ချထားပေးသည့် အိမ်ငှားဦးစီးနှင့် မိသားစုဝင်များ ဝင်/ထွက် နေထိုင်ခွင့်တို့ကို အနှောင့်အယှက်၊ အတားအဆီး၊ အဟန့်အတားမပြုလုပ်ပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

သတင်းတိုများ

## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ကဆုန်လပြည့်(မေ ၂၁ ရက် စနေနေ့) နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင်အင်္ဂါထောင့် မဟာဗောဓိညောင်ပင်၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်ကာ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

. . . . . . . . . . . . . . . . . . . .

## မိုးမကျမီ ရေကန်များပြီးစီးအောင် ဆောင်ရွက်

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးမျိုးကြည်နှင့် သထုံခရိုင် ကျေးလက်ဦးစီးမှူး ဦးလှမျိုးဝင်းတို့သည် သက်ဆိုင်ရာမြို့နယ် ဦးစီးမှူးများနှင့်အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်း ဆောင်ရွက်သည့် ဘီးလင်းမြို့နယ်ရှိ မြေသားရေကန်နှစ်ကန်၊ လက်တူးတွင်း ငါးတွင်း၊ တံတားတစ်စင်း၊ သထုံမြို့နယ်အတွင်းရှိ ကွန်ကရစ်တံတားနှစ်စင်း၊ မြေသားရေလှောင်ကန်တစ်ကန်၊ တံတားသုံးစင်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေကန်များနှင့်လက်တူးတွင်းများမှာ မိုးမကျမီပြီးစီးနိုင်မည်ဖြစ်ပြီး တံတားလုပ်ငန်းများကိုလည်း ရက် ၁၀၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝေဝေ**

. . . . . . . . . . . . . . . . . . . .

## သားဖွားမီးယပ်ဆိုင်ရာ လေစုပ်စက်လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စုရှိ မော်လူးတိုက်နယ် ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကိရိယာများ ပြည့်စုံစေရေးနှင့် လာရောက်ကုသသော ဝေဒနာရှင်များ ခက်ခဲမှုမရှိစေရေး ရည်ရွယ်၍ သားဖွားမီးယပ်ဆိုင်ရာရောဂါများ ကုသရာတွင် အသုံးပြုသည့် လေစုပ်စက်တစ်စုံကို အလှူရှင် ဒေါက်တာမျိုးအောင်မိသားစု(မန္တလေး)က မော်လူးတိုက်နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာဝတ်မှုံထွန်းနှင့် လက်ထောက်ဆရာဝန် ဒေါက်တာကေခိုင်ကျော်တို့ထံ မေ ၁၇ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**

# မြန်မာ့ဆောက်လုပ်ရေးဖွံ့ဖြိုးစေရန် စင်ကာပူနည်းပညာပေးမည်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စင်ကာပူနိုင်ငံမှ ပညာရှင်များက နည်းပညာများ မျှဝေပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းတွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်စိုး က ပြောသည်။

"လာမယ့် မေ ၂၆ ရက်ကနေ ၂၈ ရက်အထိ ရန်ကုန်မြို့မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)မှာ Build Tech Yangon 2016 ကို မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းနဲ့ စင်ကာပူပရက်စ်ဟိုးဒင်းရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ Sphere Exhibits တို့ပူးပေါင်းကာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပြပွဲမှာ စင်ကာပူနိုင်ငံက ပညာရှင်တွေအနေနဲ့ မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံတွေ၊ ဗဟုသုတတွေ၊ Engineering အသိပညာဗဟုသုတတွေ မျှဝေပေးသွားမှာ ဖြစ်ပါတယ်။ ဒီအချိန်က အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုဆောက်လုပ်ရေးလုပ်ငန်းတွေအပါအဝင် လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာတွေ အများကြီး လိုအပ်ပါတယ်။ စင်ကာပူပညာရှင်တွေအနေနဲ့ နည်းပညာကောင်းတွေ ဖြန့်ဝေပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



အဆိုပါ ပြပွဲတွင် ပြခန်းပေါင်း ၆၀ ပါဝင်ပြီး ဩစတြေးလျ၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူတို့မှ အပါအဝင် လူပေါင်း ၄၅၀၀ လာရောက်ကြည့်ရှုနိုင်ရန် မျှော်မှန်းထားသည်။ အဆောက်အအုံ ဆောက်လုပ်ရေးကဏ္ဍသည် မြန်မာ့ဆောက်လုပ်ရေးကဏ္ဍ ၌ ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၆၅ သန်းဖိုးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အိမ်ရာများသာမက အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာအောင် အစိုးရသစ်အနေဖြင့် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ အဆောက်အအုံသစ်များ၊ လမ်းသစ်များအပြင် လျှပ်စစ်ဓာတ်အားပေးကွန်ရက်များ စနစ်တကျဖွံ့ဖြိုးလာဖွယ်ရှိသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးလာမှုကြောင့် ရုံးခန်းနှင့် နေအိမ်လိုအပ်ချက်များလည်း မြင့်တက်လာဖွယ်ရှိသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



## ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာအသိပညာပေးဆွေးနွေး

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဝန်ဆောင် မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေး တင်ပြပြီး ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်အပေါ် ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဧပြီလ ၂၁ ရက်နေ့မှ ၃၀ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | ကျော်လှိုင်ဦး | သိဒ္ဓိကျင့်စဉ်လုပ်ငန်းခွင် | ၄၀၀၀ | မိဘမေတ္တာ |
| ၂။ | သော်တာဆွေ | ဘိုးဘိုးပြောင်နှင့်ဟစ်တလုံး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃။ | အောင်စည်နေမျိုး | ဘူဆန်-ဆိုးလ်အနုပညာခရီးသည် | ၁၀၀၀၀ | ယဉ်မျိုး |
| ၄။ | စိန်ဇေယျာကို | ဘဝဇာတ်စုံဟာသပုံ | ၁၅၀၀ | ပိတောက်ရနံ့ |
| ၅။ | ခရမ်းပြာ | မေမေ့ဒိုင်ယာရီ | ၂၅၀၀ | မိတ်ဆွေများ |
| ၆။ | သားဦး-ရာမျိုး | နှစ်ရောင်စပ် | ၁၅၀၀ | မိတ်ဆွေများ |
| ၇။ | မင်းပုည | သခင်သန်းထွန်း(သို့)တောပုန်းကြီး | ၅၀၀ | ဖူးပွင့်ဝေ |
| ၈။ | ရန်နိုင် | အမ်-၁ အေဘရမ်တင့်နှင့်တီ-၇၂ယူရယ်တင့် | ၂၅၀၀ | ပြည့်စုံ |
| ၉။ | ဒိုဂျေဆန်း | လီကွမ်ယု၊ ဘဝတစ်သက်တာ ဘာသာစကားခရီးရှည် | ၄၃၀၀ | စိတ်ကူးချိုချို |
| ၁၀။ | ဦးလှမြင့် | ကင်ဆာနှင့်အစားအစာ | ၂၀၀၀ | မဇ္ဈိမ |
| ၁၁။ | မင်းခိုင် | စုရဲ့ဆု | ၄၀၀၀ | ဂန္ထဝင်သစ် |
| ၁၂။ | ဦးကြည်ရွှင် | လွယ်ကူလေ့လာရုပ်ပုံပြကလေးအဘိဓာန် | ၂၀၀၀ | မဇ္ဈိမ |
| ၁၃။ | သိန်းစိန်ထွန်း | စီးဆင်းနေသောရောဝတီနှင့်ဝတ္ထုတို | ၂၈၀၀ | မြဝတီ |
| ၁၄။ | လက်ာရည်ကျော် | နှင်းဆွတ်ရေ | ၂၅၀၀ | နန်းဒေဝီ |
| ၁၅။ | သိန်းဟန်-၁ | Marketing Effectively ထိရောက်စွာ ဈေးကွက်တင်ရောင်းချခြင်း | ၄၅၀၀ | သိန်းဟန်(၁)စာပေ |
| ၁၆။ | ဦးသန်းမောင် | ဉာဏပစ္စည်းမှုပိုင်ခွင့်ဆိုင်ရာဥပဒေဆောင်းပါးများ | ၅၀၀၀ | Wisdom House |
| ၁၇။ | မောင်မင်းနိုင် | မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဝင် မှတ်ဆလင်များ | ၂၅၀၀ | ခေတ်သစ် |
| ၁၈။ | အရှင်ဉာဏိန္ဒ | ဗုဒ္ဓဘုရားရှင်၏ ပရိတ်တော်(၃၆)သုတ် | ၂၀၀၀ | စိုးစံ |
| ၁၉။ | ကျော်မောင် | ထေရဝါဒသံဃာ့ဂုဏ်ရည် | ၁၅၀၀ | သစ္စာအလင်း |
| ၂၀။ | သင့်လူ | စူး | ၂၅၀၀ | နှစ်ကာလများ |
| ၂၁။ | မဇော် | မဇော့်ပင်လယ်နှင့်ရသအက်ဆေးများ | ၂၅၀၀ | နှစ်ကာလများ |
| ၂၂။ | ရာပြည့် | မန္တလေးသို့အပြန် | ၆၀၀၀ | ငါတို့စာပေ |
| ၂၃။ | ကလောင်စုံ | သုံးနှစ်ပြည့်စံတော်ချိန်နေ့စဉ်စာပဒေသာပေါင်းချုပ် | ၅၀၀၀ | စံတော်ချိန် |
| ၂၄။ | ခိုင်မြဲကျော်စွာ | ရေငုပ်သင်္ဘော | ၁၅၀၀ | နှင်းဆီဖြူ |
| ၂၅။ | ကိုသိန်း | လူတိုင်းမိမိတို့အခွင့်အရေးလိုချင်မှုသည် နိုင်ငံရေးဖြစ်သည် | ၁၀၀၀ | မြန်မာ့ခေတ် |
| ၂၆။ | နေခြည်ဇေယျ | အင်အားဖြည့်လုံးချင်းကောက်အင်္ဂလိပ်စကားလုံးများ | ၁၅၀၀ | ဦးကျော်ဇေယျ |
| ၂၇။ | ဦးခန့်ကျော် | ဆေးဖက်လည်ဝင်း စားလို့လည်းကောင်း လျှာလည် သွားမယ့် အသုပ်စုံကောင်းကောင်း | ၁၀၀၀ | ခန့်ကျော် |
| ၂၈။ | မင်းသိခ် | ဆားပုလင်းနှင်းမောင်နှင့်ခေါင်းမြီးခြုံလုံပါပေ့ | ၂၅၀၀ | ဘုမ္မာဝတီ |
| ၂၉။ | စေတ | ထူးဆန်းသောစာကြည့်တိုက် | ၁၅၀၀ | နှင်းဆီဖြူ |
| ၃၀။ | တည်တံ့ | တစ်ကိုယ်ရေစာ နာဖျားမှု | ၂၅၀၀ | နှင်းဆီဖြူ |
| ၃၁။ | ကလောင်စုံ | လမ်း(၄) | ၄၀၀၀ | ကျော်မွှေး |
| ၃၂။ | ကလောင်စုံ | ကဗျာ(၆၀) | ၁၅၀၀ | ကျော်မွှေး |
| ၃၃။ | ဒေါက်တာကျော်စိန် | စိတ်ပညာရှင်တို့၏ ကိုယ်ရည်ကိုယ်သွေး စစ်ဆေးလွှာများ | ၁၃၀၀ | Wisdom House |
| ၃၄။ | ကောင်းပြည့်စုံ | ကျော်ကြားထင်ရှားမြန်မာ့သာသနာ့ သမိုင်းဝင်ဆရာတော်ကြီးများ | ၆၀၀၀ | စိတ်ကူးချိုချို |
| ၃၅။ | စိန်စိန်ဦး | စင်တီမီတာညှပ်နည်း၊ ချုပ်နည်း | ၃၀၀၀ | စိန်စိန်ဦး |
| ၃၆။ | မခိုင်ဝါ | လူငယ်များအတွက် လောကဓမ္မထဲမှ အတွေးများ | ၁၀၀၀ | မနော်ဖြူ |
| ၃၇။ | သျှင်ဇဝန | ပရဟိတအမြုတေ | ၁၅၀၀ | ပဋ္ဌာဂံ |
| ၃၈။ | မင်းလှအောင်ကြီး | လူတိုင်းအတွက် မြတ်ပဋ္ဌာန်းဒေသနာတော် | ၃၅၀၀ | ကောင်းသန့် |
| ၃၉။ | သိန်းထက်အောင် | အာဏာနိုင်ငံရေးမှသည် မေတ္တာနိုင်ငံရေးသို့ | ၂၅၀၀ | ကောင်းသန့် |
| ၄၀။ | မောင်မောင်ညို | အရေပြားတစ်ထောက် ပတ္တမြားငမောက် | ၃၀၀၀ | ဂုဏ်ထူး |
| ၄၁။ | မောင်ရင် | ဘိန်းဘုရင်ခွန်ဆာကိုခြေရာခံခြင်း | ၃၀၀၀ | အိပ်မက်သစ် |
| ၄၂။ | စိုးရာဇာထွန်း | ၅ နှစ်တာသတင်းလွတ်လပ်ခွင့် ဒိုင်ယာရီ | ၁၅၀၀ | ဂျာနယ်လစ် |
| ၄၃။ | ဆင်ဖြူကျွန်းအောင်သိန်း | မေတ္တာသုတ်တစ်စောင်လုံးပုဒ်မပါကျုံး၍ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၄၄။ | ဉာဏ်ကြွယ် | Format အမျိုးမျိုးပြောင်းလဲအသုံးပြုနည်းနှင့် Windows မှ အခွေကူးယူနည်းစနစ်များ | ၃၀၀၀ | မနော်ဖြူစာပေ |
| ၄၅။ | ဒဂုံရွှေမျှား | ကမ္ဘာမြေအောက်ခရီး | ၂၀၀၀ | Quality |
| ၄၆။ | ဒဂုံရွှေမျှား | အဏ္ဏဝါရေအောက်ခရီး | ၂၀၀၀ | Quality |
| ၄၇။ | ဒဂုံရွှေမျှား | သုံးဖော်ညီနောင် | ၂၀၀၀ | Quality |
| ၄၈။ | မောင်ခိုင်လတ် | ဝေဖန်ရေးဆရာ မဝင်ရ | ၂၅၀၀ | လင်းလွန်းခင် |
| ၄၉။ | မောင်ဒေး | နိုင်ငံတကာကဗျာ ၁၀၀ | ၁၅၀၀ | နှစ်ကာလ |
| ၅၀။ | ကိုနေ(မန်း) | ဒေးလ်ကာနယ်ဂီရဲ့ထိရောက်ထက်မြက်တဲ့ စကားပြောနည်း | ၄၀၀၀ | ကိုနေမန်းစာပေ |
| ၅၁။ | ကိုနေ(မန်း) | အပြုသဘောခေါင်းဆောင်မှုနှင့် အသင်းအဖွဲ့ကို ကိုယ်တိုင်ပြင်ဆင်လေ့ကျင့်ပေးခြင်း | ၃၅၀၀ | ကိုနေမန်းစာပေ |

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေထုတ်ဝေဖြန့်ချိရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့တွင် အပတ်စဉ်သောကြာနေ့တိုင်း အသစ်ထွက်ရှိသည့် စာအုပ်စာရင်းများအား ထည့်သွင်းဖော်ပြပေးနေပါသည်။ ဤစာအုပ်စာရင်းများကို စာပေလောက(၂)၊ စာပေနန်းတော်၊ အင်းဝစာအုပ်ဆိုင်များမှ အချက်အလက်များ စုဆောင်းပြီး နေ့အလိုက်ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာ ထည့်သွင်းဖော်ပြပေးစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသော စာအုပ်တစ်အုပ်အား မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ ရုံးအဖွဲ့မှူး၊ အမှတ်-၂၆၃ ၊ သိမ်ဖြူလမ်း၊ အမျိုးသား YMCA အဆောက်အအုံ၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၃၀၀၀ ၂၃၁၁ သို့ ဆက်သွယ်ပေးပို့ထည့်သွင်းနိုင်ပါသည်။

# အရိုးကျနေသည့် အမျိုးသားအလောင်း ဆီအုန်းတောအတွင်း တွေ့ရှိ

**ကော့သောင်း မေ ၁၉**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ ၃၅ မိုင် ဆီအုန်းတောအတွင်း သစ်ပင်တစ်ပင်၌ ကြိုးဆွဲချသတ်သေခဲ့သည့်အနေအထားဖြင့် အရိုးကျနေသည့် အမျိုးသားအလောင်းတစ်လောင်းကို မေ ၁၃ ရက် မွန်းလွဲပိုင်းက တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အလောင်းကို လူသူအရောက်အပေါက်နည်းသည့် တောအတွင်း၌ ဆီအုန်းစိုက်ပျိုးရေး အလုပ်သမားအချို့က တွေ့ရှိသတင်းပို့သဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ အလောင်းမှာ သစ်ပင်တစ်ပင်၌ မိမိကိုယ်ကိုယ် ကြိုးဆွဲချသတ်သေခဲ့သည့်အနေအထားဖြစ်ကြောင်း၊ သေဆုံးခဲ့သည်မှာ ခန့်မှန်းကာလ နှစ်လခန့်ကြာမြင့်ခဲ့ဟန်တူကြောင်း၊ အလောင်းအနေအထားမှာ အသားများမရှိတော့ဘဲ ဝတ်ဆင်ထားသည့် အဝတ်အစားများဖြင့် အရိုးစုသဏ္ဌာန် တွဲလောင်းအနေအထားအဖြစ် တွေ့ရှိရကြောင်း၊ သေဆုံးသူမှာ မည်သူမည်ဝါဟူ၍ မသိရသေးကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်၍ ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ပြန်/ဆက်)**

# နွားကျောင်းသည့်ကိစ္စဖြင့် ဆဲဆိုရိုက်နှက်သူကို ဓားဖြင့်ထိုး၍သေဆုံးရ

**ပျဉ်းမနား မေ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ကူးတို့ဆိပ်အုပ်စု ရွှေပြည်သာကျေးရွာ၌ မေ ၁၆ ရက်က ဓားထိုးခံရမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၅ နာရီတွင် တရားလိုဖြစ်သည့် မကြူကြူဝင်း (၃၈ နှစ်) ရွှေပြည်သာကျေးရွာ ကူးတို့ဆိပ်အုပ်စု ပျဉ်းမနားမြို့နေသူ၏ မောင်ဖြစ်သူ မျိုးကို (၂၃ နှစ်)သည် နေအိမ်ရှေ့၌ ခြင်းခတ်နေစဉ် မကြူကြူဝင်း၏ ယောက္ခမဖြစ်သူ ဦးမောင်မောင်က နွားကျောင်းရန်ပြောသည်ကို မျိုးကိုက နွားများကို ညနေမှကျောင်းမည်ဟု ပြောဆိုခဲ့ကြောင်း၊ ထိုသို့ ပြောဆိုစဉ် မကြူကြူဝင်း၏ ခင်ပွန်း ဦးတင်စိန် (၄၅နှစ်)က အိမ်ရှေ့လမ်းပေါ်ထွက်လာပြီး မျိုးကိုအား ဆဲဆိုကြိမ်းမောင်းကာ တုတ်ဖြင့်ရိုက်ခဲ့ကြောင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှု ပြုလုပ်လာသည့်အတွက် မျိုးကိုက အသွားခုနစ်လက်မခွဲရှိ ဓားမြှောင်ဖြင့် ပြန်လည်ထိုးခဲ့ခြင်းကြောင့် ဦးတင်စိန် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိရဲတပ်ဖွဲ့၏ စစ်ဆေးချက်တွင် ဖော်ပြထားသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူ မျိုးကိုအား ပျဉ်းမနားမြို့နယ် မြို့မရဲစခန်းက သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားပြီး ဆက်လက် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**



# ၂၂ ဘီးကုန်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ နေအိမ်အတွင်းဝင်တိုက်

**ကျောက်တံခါး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် ကျွန်းကုန်း-ဖဒိုမြို့ ချောင်းကားလမ်းတွင် မောင်းနှင်လာသော ၂၂ ဘီးကုန်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးလျှပ်စစ်မီးတိုင်နှင့် တံတားများကို ဝင်တိုက်ကာ နေအိမ်အတွင်းသို့ပါ ဆက်လက်ဝင်ရောက်တိုက်မိခဲ့မှု မေ ၁၉ ရက် နံနက် ၈ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဆေးရိုးခင်ကျေးရွာအနီး ကျွန်းကုန်း-ဖဒိုမြို့ချောင်းကားလမ်းပေါ်တွင် ကျောက်တံခါးမြို့နယ်နေ ယာဉ်မောင်း အောင်လွတ်လပ်(၂၀နှစ်)မောင်းနှင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးလျှပ်စစ်မီးတိုင်နှင့် တံတားကို ဝင်တိုက်ကာ ဆက်လက်၍ လမ်းဘေးရှိ ဦးမြင့်ဦး၏ နေအိမ်တစ်ထပ်တိုက်ခေါင်းရင်းဘက်သို့ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ဓာတ်တိုင်မှာ အောက်ခြေပြတ် ပျက်စီး၍ တံတားကွန်ကရစ်ဘေးပေါင်များ ပျက်စီးခဲ့သည်။ ထို့အတူ နေအိမ်မှ အုတ်ခဲများပြိုကျကာ အိမ်အတွင်း အိပ်နေသော ဦးမြင့်ဦးနှင့် ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေးတို့၏ ဦးခေါင်းနှင့် ရင်ဘတ်တို့တွင် အုတ်ခဲစများထိမှန်၍ ဒဏ်ရာများရရှိခဲ့ပြီး ပြင်ပလူနာမစိုးရိမ်ရအဖြစ် ကုသခံထားရကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# မိုးသည်းထန်စွာရွာသွန်းပြီး မြေသားနံရံပြိုကျ၍ လူတစ်ဦးသေဆုံး

**သံတောင်ကြီး ၊ မေ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် သံတောင်ကြီးမြို့၌ မေ ၁၈ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မြေသားနံရံပြိုကျရာမှ လူတစ်ဦး ပိမိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက်က တစ်ညလုံး မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် သံတောင်ကြီးမြို့ အမှတ်(၁)ရပ်ကွက်နေ ဒေါ်နော်ဘွဲ့ဖော၏ နေအိမ်မြောက်ဘက်ရှိ အုတ်နံရံနှင့်ကပ်လျက်ရှိသော အမြင့် ခုနစ်ပေခန့်ရှိ မြေသားနံရံသည် မေ ၁၉ ရက် နံနက် ၅ နာရီခွဲခန့်တွင် ပြိုကျခဲ့ခြင်းဖြစ်ရာ အဆိုပါမြေပြိုကျမှုကြောင့် ရှစ်ပေအကျယ် အိမ်နံရံတစ်ခန်းပြိုကျခဲ့ပြီး အိပ်ပျော်နေသော ဒေါ်နော်ဘွဲ့ဖောမှာ အုတ်နှင့်မြေပိ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။ ဒေါ်နော်ဘွဲ့ဖောနှင့် အတူအိပ်နေသူ အငယ်ဆုံးကလေး နော်စန္ဒီးဝိုက်(၈ နှစ်)မှာ မြေအနည်းငယ်သာပိသဖြင့် ပွန်းပဲ့ဒဏ်ရာ အနည်းငယ်သာရရှိပြီး အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်စစ်ဆေးခဲ့ပြီး သေဆုံးသူ မိသားစုအတွက် မြို့နယ်ရန်ပုံငွေမှ ငွေကျပ်နှစ်သိန်းကို မောင်ဖြစ်သူ စောသာခူးထံ ပေးအပ်လှူဒါန်းကာ လိုအပ်သည်များကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ကလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## ကွန်ဒိုတိုက်ခန်း (၃)ခန်းတွဲ အမြန်ရောင်းမည်

ရန်ကုန်မြို့လယ်၊ Down Town မြို့နယ်အတွင်း သက်သာသော ဈေးနှုန်းဖြင့် အခန်းကျယ်ကျယ် နေထိုင်လိုသူများ၊ အခန်းကျယ်ကျယ် ရုံးခန်းဖွင့်လိုသူများအတွက် ဗိုလ်တထောင်မြို့နယ်၊ ၅၁လမ်းကွန်ဒို၊ (၃)ခန်းတွဲ၊ sqft (၁၈၀၀)၊ ကြိုးဖုန်းတစ်လုံး၊ ဓာတ်လှေကား (၄)စင်းပါ၊ မြေညီထပ်ကားပါကင်ပါ။ ကျပ်သိန်း(၂၇၀၀)၊ (၃)ခန်းတွဲအခန်းကို ပထမအကြိမ် ငွေကျပ်သိန်း (၁၈၀၀)တိတိ ပေးချေ၍ အခန်းလက်ဝယ်ရယူကာ ကျန်ငွေကျပ်သိန်း (၉၀၀)တိတိကို ၆လ အတွင်း ပေးချေနိုင်ပါသည်။

**ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ ဂေါက်ကွင်းလမ်းနေ ဒေါ်မြရှင် ပိုင်ဆိုင်နေထိုင်သည့် ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ ကွင်းအမှတ် ၁၆စီ၊ တောရကွင်း၊ ဦးပိုင်အမှတ်(၈ ^ကဠ)၊ မြေဧရိယာ ၀ဒသမ၁၅၉ အား ဦးအေးသန်း ၇/ပမန(နိုင်)၀၂၃၄၉၀ က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး နိုင်ငံတော်သို့ သတ်မှတ်သည့်အခွန်ပေးသွင်း၍ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေဂရန်တင်ပြလျှောက်ထားမည်ဖြစ်ပါသဖြင့် အထက်ပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ နှစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါရန် ၄င်းရက်ထက်ကျော်လွန်ပါက မြေဂရန်တင်ပြလျှောက်ထားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**ဦးအေးသန်း ၇/ပမန(နိုင်)၀၂၃၄၉၀**
**ဂေါက်ကွင်းလမ်း၊ ခေတ္တရာမြို့သစ်**

## ဘဏ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ ရောင်း/ငှားမည်

၁။ ၅၅'×၇၀'(မ/ဥ)(ဒေး-၂)အနီး
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀'ဂြိုဟ်တုစလောင်း+စက်
စုံစမ်းရန် ဖုန်း-09 5010196

## အမည်ပြောင်း

ချောက်မြို့၊ အလက(၃) ကျောင်း အဋ္ဌမတန်း (B) မှ ဦးဝင်းအောင် ၈/ခမန(နိုင်)၂၀၂၄၄၇၏ သမီး မခင်လင်းဖြူအား မဇေပရယ်ထားလွင်ဟုခေါ်ဆိုပါရန်။ **မဇေပရယ်ထားလွင်**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ဖော်ပြပါ ဖြည့်စွက်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | တည်နေရာ |
| --- | --- | --- |
| (က) | Vault ခန်း အမိုးအကြီးစား ပြင်ဆင်ခြင်းနှင့် အမိုးသွပ်/ဒိုင်းမြားတန်း/ရေနုတ်မြောင်း/ ရေထွက်ပေါက်များ မြေကျွံမှုများပြုပြင်ခြင်း ပေ (၁၇၄×၁၂၅) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၂၆၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ၁၆-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းများနှင့်**
**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၂၆၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၁၉၁**

## ပျောက်ဆုံးကြောင်း

ဒေါ်ပုလဲရွှေဝင်း ၁၂/ သဃက (နိုင်)၁၆၁၃၈၈ရဲ့ (ပတ္တမြား)ဆိုင်အမှတ်-၁၈ သုဝဏ္ဏဈေးရှိ မှတ်ပုံတင်အမှတ် E-24497ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၈၁၀၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၃၅၁၆၇ J.L.M 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုစိမ့်စိမ့်ချော ၉/ရမသ(နိုင်)၀၈၇၁၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4792၊ Toyota Hilux LN107, P/U (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၅/ကလထ(နိုင်)၁၂၅၇၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၇၉၁၈၊ Honda C90. H Cyhen, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/မရမ(နိုင်)၀၇၂၇၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၃၁၉၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



**ရန်ကုန် မေ ၁၉**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ပထမအဆင့် ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ နေပြည်တော်၊ Horizon နှင့် ချင်းယူနိုက်တက်အသင်းတို့ နောက်တစ်ဆင့်တက်ခဲ့သည်။

သုဝဏ္ဏကွင်းပွဲစဉ်တွင် နေပြည်တော်အသင်းနှင့် တက္ကသိုလ်လက်ရွေးစင်အသင်းတို့ မိနစ် ၁၂၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ နေပြည်တော်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ MNL မှ တန်းဆင်းလာရသည့် နေပြည်တော်အသင်းမှာ ရတနာပုံနှင့် ရန်ကုန်ကစားသမားဟောင်း ကိုနေး၊ အဒမ်မာအပါအဝင် အမာခံကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း ခြေအသာမရခဲ့ဘဲ အနိုင်ရရန် ရုန်းကန်ခဲ့ရသည်။ တက္ကသိုလ်လက်ရွေးစင်အသင်းမှာ နာမည်ကြီးများ မပါဝင်သော်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး နေပြည်တော်အသင်းကို အခက်တွေ့အောင်ကစားနိုင်ခဲ့သည်။

နိုင်ငံခြားသားကစားသမားနှစ်ဦးကို ပွဲထုတ်လာသည့် နေပြည်တော်အသင်းကို တက္ကသိုလ်လက်ရွေးစင်အသင်းက ထိန်းချုပ်နိုင်ခဲ့ပြီး အပြန်အလှန်ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံး အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ မိနစ် ၉၀ အတွင်း ဂိုးမရှိသရေကျကာ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ပယ်နယ်တီ ငါးလုံးစီ ကန်သွင်းရာတွင် နေပြည်တော်အသင်းက ငါးဂိုးစလုံး ဂိုးဝင်ခဲ့ပြီး တက္ကသိုလ်လက်ရွေးစင်အသင်းက နောက်ဆုံးအလုံး လွဲချော်ကာ လေးဂိုးသာဝင်ခဲ့၍ နေပြည်တော်အသင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ Horizon အသင်းက ဖုန်ဂန်အသင်းကို သုံးဂိုးပြတ်၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းက ငွေကြယ်ပွင့်လေးများအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်များအပြီးတွင် မြဝတီ၊ ရခိုင်၊ Southern၊ Horizon ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့ ဒုတိယအဆင့်သို့ တက်ရောက်သွားသည်။

**ယနေ့ပွဲ**

**(အောင်ဆန်းကွင်း)**

မနောမြေ - ဒဂုံ

**(သုဝဏ္ဏကွင်း)**

မဟာယူနိုက်တက် - သန်လျင်ယူနိုက်တက်

## ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် နေပြည်တော်၌ကျင်းပ

**နေပြည်တော် မေ ၁၉**

ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရော်ဝတီဘဏ်က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲပထမပွဲစဉ်ကို မေ ၁၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရွှင်ရယ်မြန်မာဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ မက်(စ်) မြန်မာကုမ္ပဏီလီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၂၇ ဦး၊ ဝါသနာရှင်အဆင့် ၉၄ ဦး (အမျိုးသား)၊ ဝါသနာရှင်အဆင့် ၁၄ ဦး(အမျိုးသမီး) စုစုပေါင်း ၁၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဖိုးသော်ဇင်**

# ယူရိုပါလိဂ်ဖလား ဆီဗီလာတို့ သုံးနှစ်ဆက်တိုက်ဆွတ်ခူး




ဆီဗီလာအသင်း ယူရိုပါလိဂ်ဖလားနှင့်အတူ အောင်ပွဲခံစဉ်

ယူအီးအက်ဖ်အေယူရိုပါလိဂ် ၂၀၁၅ - ၂၀၁၆ ဗိုလ်လုပွဲကို ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့၌ မေ ၁၉ ရက် နံနက်ပိုင်းက လီဗာပူးနှင့် ဆီဗီလာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆီဗီလာအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး သုံးနှစ်ဆက်တိုက်ဖလားဆွတ်ခူးခဲ့သည်။

နည်းပြ ဂျာဂျင်ကလော့ပ်သည် လီဗာပူးကို ဖလားရရှိရန်မျှော်လင့်ချက်ထားပြီး ယင်းပွဲတွင် အဓိကကစားသမားများ လူစုံပါဝင်ခဲ့သည်။ ပထမပိုင်းပွဲချိန် ၃၅ မိနစ်တွင် တိုက်စစ်မှူး စတာရစ်ဂျ်၏ သွင်းဂိုးဖြင့် ဦးဆောင်ထားနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲစပြီး ၄၆ မိနစ်တွင် တိုက်စစ်မှူး ဂါမီရိုက ဆီဗီလာအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ကွင်းလယ်ကစားသမားကိုကီသည် ဆီဗီလာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၄ မိနစ်နှင့် မိနစ် ၇၀ တွင် သွင်းယူခဲ့သည်။ လီဗာပူးအသင်းသည် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဒိုင်များ၏ အားနည်းချက်ကြောင့် အခွင့်အရေးများဆုံးရှုံးခဲ့ရသည်။

ဆီဗီလာအသင်းသည် သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ပြီး ယူရိုပါလိဂ်ဖလား ငါးကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ယူရိုပါလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ရယူခဲ့ဖူးသည့်အသင်းမှာ ရီးရဲမက်ဒရစ်ဖြစ်ပြီး ၁၉၈၅ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်တွင် ရယူခဲ့ခြင်းဖြစ်သည်။ ရီးရဲနောက်တွင် ဖလားဆက်တိုက်ရရှိသည့် အသင်းမှာ နှစ်ပေါင်း ၂၀ ကျော်ပျောက်ဆုံးခဲ့ကာ ဆီဗီလာအသင်းသည် ၂၀၀၆ နှင့် ၂၀၀၇တွင် နှစ်နှစ်ဆက်တိုက်ရရှိခဲ့ဖူးပြီး ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ သုံးနှစ်ဆက်တိုက် ဖလားရရှိသော ထူးခြားသည့်အသင်းဖြစ်သည်။ ဆီဗီလာသည် ပြည်တွင်းဖလားတစ်လုံးဖြစ်သော စပိန်ကိုပါဒယ်ရေးဖလားကို မေ ၂၂ ရက်တွင် ဘာစီလိုနာနှင့်ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

**သီဟ**

## အနောက်တောင် မုတ်သုံလေ တောင်ပိုင်းဒေသများသို့ ဝင်မည်

**နေပြည်တော် မေ ၁၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်မည်။

(မိုး/ဇလ)


**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်ဇင်မြင့်မြတ်မောင် (ဘ) ဦးလှမောင် ၁၂/သဃက(နိုင်)၀၀၇၁၉၀ ၏နိုင်ငံကူးလက်မှတ် MA-၁၆၇၁၃၈ သည် ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၀၄၉၆၀

PIONEER
မိုဘိုင်းဖုန်းသင်တန်းကျောင်း
HARDWARE=150000;SOFTWARE=150000
၆၀/အင်းစိန်လမ်းမ၊လှည်းတန်းစံရိပ်ငြိမ်၊ကမာရွတ်ရန်ကုန်
09788845507;095121467;0931452059

ရောင်းမည် (ပွဲစားမလို)
၁။ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရှိ RC(၂ထပ်)တိုက်
၂။ အောင်ဇေယျမြို့တော် အိမ်ယာဝင်းအတွင်းရှိ ပေ(၈၀×၈၀)မြေ
၃။ ပါရမီကွန်ဒိုအခန်းကျယ်၊ အိပ်ခန်း(၃)ခန်း ပြင်ဆင်ပြီး
စုံစမ်းရန်- ဖုန်း - ၀၉ ၅၁၅၀၇၅၀၊ ၀၉ ၅၁၁၂၄၀၈

FAME Chitobit®
Natural lipid inhibitor
သဘာဝအဆီကျဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008204 (1115)
၂/၂၀၁၅ တဆထလ (တိုး) ၀၆၅၇

FAME SpiruGarlic®
Natural cholesterol lowering
အဆီကျရေညှိဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 006127 (0717)
၂/၂၀၁၅ တဆထလ (တိုး) ၀၆၅၇


**ကချင်ပြည်နယ်**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၀)၊ ကချင်ပြည်နယ် ဦးစီးမှူးရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်ရန်ပုံငွေဖြင့် ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်-

| စဉ် | တည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | ဗိုင်းမော်မြို့ဦးအမှတ်(၁)ရပ်ကွက်၊ စက်လှေဆိပ် | ကျောက်စီတမံ |
| (ခ) | မိုးကောင်းမြို့နယ်၊ မန်ရွက်ကျေးရွာ | ဝါးဂရစ်တန်းရေကာ |
| (ဂ) | မိုးကောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက် | ဝါးဂရစ်တန်းရေကာ |
| (ဃ) | မိုးအောင်းမြို့နယ်၊ နတ်ကြီးကုန်းကျေးရွာ | ဝါးဂရစ်တန်းရေကာ |
| (င) | မိုးကောင်းမြို့နယ်၊ လွဲလောဘုန်းကြီးကျောင်းအနီး | သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံ |
| (စ) | မန်စီမြို့နယ်၊ မိုးယုချောင်း | မျှောဂရစ်တန်းသစ်ခက်ဖြည့်ရေကာ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၅-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် ဦးစီးမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်** - ၂၈-၅-၂၀၁၆ ရက်
**အချိန်** - ၁၂း၀၀ နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၈-၅-၂၀၁၆ ရက်
**အချိန်** - ၁၄း၀၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး (တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး)(ပြည်နယ်ဦးစီးမှူးရုံး) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၇၄-၂၀၉၈၉၊ ၀၉-၅၄၁၂၀၃၀ နှင့် ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၆ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


အလွန်တန်သောဈေးဖြင့်ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်းတွင်ရှိသော မြေညီ+ ထပ်ခိုးအကျယ်အဝန်း(၁၂.၅ပေ× ၅၀ပေ)၊ (အမြင့်၁၇ပေ) လူနေထိုင်ခွင့်ကျပြီး တိုက်သစ်၊ နောက်ဖေးမြေပိုပါ စီးပွားရေးလုပ်ရန်နေရာကောင်းသော တိုက်ခန်းဖြစ်ပါသည်။ (၄၇၅သိန်း)
ဖုန်း- ၀၉ ၄၄ ၈၀၀ ၇၄၉၁ ၊ ၀၉ ၄၂၀၀ ၄၅ ၃၃၃


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၁၁)လမ်း၊ လေးလွှာ၊ အမှတ် ၉၀၅/ခ ဟုခေါ်တွင်သော တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဦးလှချို ၁၂/ဥဟန(နိုင်)၀၃၇၆၇၂ထံမှ ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေမှ ငွေကြေးတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်တော်၏ထံသို့ ခိုင်လုံသည့်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသီရိလှိုင် LL.B** | **ဒေါ်သက်ထားနွယ် LL.B**
**အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ**
**စဉ်-၃၈၀၆၆** | **စဉ်-၄၂၀၇၆**

**အမှတ် ၄၇၅၊ ပထမထပ်(ယာ)၊ သုမနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၁၇၀၁၆၀၊ ၀၉-၉၇၉၁၆၆၆၉၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဧည့်ဝတီလမ်း၊ အမှတ် ၁၀၊ ငါးလွှာ၊ ခေါင်းရင်းခန်း၏ပိုင်ရှင် ဒေါ်နှောင်းနှောင်းထွေး ၁၂/ကမရ(နိုင်)၀၀၂၄၁၁ထံမှ ကျွန်မ ဒေါ်အိစန္ဒာ ၇/သနပ(နိုင်)၀၈၇၄၅၉ က အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုးစရန် တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ၎င်းအခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိစန္ဒာ ၇/သနပ(နိုင်)၀၈၇၄၅၉**
**ဖုန်း-၀၉-၄၃၁၉၃၅၇၁**

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## နှစ်ပေါင်း ၁၀၀ ကျော်ရှိ ရွာသာအေးမြေသားရေလှောင်ကန်ကြီးပြန်လည်တူးဖော်

**ရေစကြို မေ ၁၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သော ကျေးလက်များသောက်သုံးရေရရှိရေးအတွက် သရက် ပင်ကန်ကျေးရွာအုပ်စု ရွာသာအေးကျေးရွာတွင် မြေသားရေလှောင်ကန်တူးဖော်ခြင်းနှင့် ကံစွယ်-ဝါယာဘူတာ-ကျောက်ခတ်-သာစည်ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်း၊ မြေနီလမ်းခင်းခြင်းတို့ကို ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် ဝန်ထမ်းများမှ ဆောင်ရွက်လျက်ရှိရာ အဆိုပါရက် ၁၀၀လုပ်ငန်းများဆောင်ရွက်နေမှုကို မေ ၁၇ ရက်က မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းနှင့် ဦးမင်းဟန်တို့ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရက် ၁၀၀ လုပ်ငန်းထဲမှ သရက်ပင်ကန်ကျေးရွာအုပ်စု၊ ရွာသာအေးကျေးရွာရှိတိမ်ကောနေပြီဖြစ်သော မြေသားရေလှောင်ကန်ကြီး တူးဖော်လျက်ရှိရာတွင် မြေသားရေလှောင်ကန်အလျား ပေ ၅၀၀၊ အနံ ပေ ၅၀၀ နှင့် ကန်အနက် လေး ပေ အထိ တူးဖော်လျက်ရှိသည်ဟု သိရသည်။

“ကျွန်တော်တို့ ရွာသာအေးကျေးရွာလေးက ရှင်မတောင် တောင်ခြေအနီးမှာ တည်ရှိပြီး မြိုင်မြို့နယ်နဲ့ ရေစကြိုမြို့နယ်စပ်ကြားမှာတည်ရှိပါတယ်။ သောက်သုံး ရေအလွန်ရှားပါးတဲ့အတွက် အခုလတ်တလောမှာတော့ ရေစကြိုမြို့က ရေအလှူရှင် တွေနဲ့ မြိုင်မြို့နယ်ဘက်က ရေအလှူရှင်တွေက သောက်ရေလာလှူပေးနေကြပါတယ်။ ရွာမှာရှိတဲ့ ရေတွင်းတွေက ရေငန်နဲ့ရေခါးတွေပဲထွက်ပါတယ်။ ရေတွင်းတူးတိုင်း ရေငန်နဲ့ရေခါးတောင်မထွက်ပါဘူး ယခင်ကလည်း unicef က ရေတွင်းတွေတူးပေးပေမယ့် ရေကမထွက်ပါဘူး၊ အခုကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်တူးဖော်ပေးနေတဲ့ မြေသားရေလှောင်ကန် ကြီးက ၁၂၇၇ ခုနှစ်လောက်က တူးဖော်ခဲ့တဲ့ ကန်ကြီးဖြစ်ပါတယ်။ ကန်ကြီးအနီးမှာရှိတဲ့တောင်ကုန်းပေါ်က ဘုရားနဲ့ မြေသားရေလှောင်ကန်ကြီးကို အလှူရှင်တစ်ဦးက တစ်ပြိုင်တည်း လှူဒါန်းခဲ့တာ ဖြစ်တယ်လို့ ရှေးလူကြီးတွေပြောစကားအရသိရပါတယ်။ တောင်ကုန်းပေါ်ကဘုရားမှာ အလှူမှတ်တမ်းရေးထိုးထားတာက ၁၂၇၇ ခုနှစ်လို့ တွေ့ရတဲ့အတွက် မြေသားရေလှောင်ကန်ကြီးသက်တမ်းက အခုဆိုရင် နှစ် ၁၀၀ ကျော်နေပါပြီ။ ကန်အနက်က ၁၂ ပေရှိပါတယ်။ ရေမှတ်တိုင်ရှိပါတယ်။ အခုတော့ နုန်းတွေထဲမြုပ်နေပါတယ်။ ကန်ကြီး ထဲကို မိုးကောင်းလို့ ရေတစ်ကြိမ်လောက်ဝင်ရင် သုံး နှစ်လောက်သောက်သုံး လို့ရပါတယ်။ အခုပြန်တူးနေတဲ့ မြေသားရေလှောင်ကန်ကြီးကို သုံးရေအနေနဲ့ကို ယခင်က ကျွန်တော် တို့ သရက်ပင်ကန်ကျေးရွာအုပ်စုထဲက ကျေးရွာသုံးရွာရယ်၊ မြိုင်မြို့နယ်ထဲက ကျေးရွာနီးချင်း သုံးလေးရွာလောက်ကသုံးကြရတာပါ။ အခုမြေသား ရေလှောင်ကန်ကြီး တူးဖော်ပြီးစီးလို့ မိုးကောင်းကောင်းရွာလိုက်ရင်တော့ ကျွန်တော်တို့ ရွာသာ အေးရွာလေးနဲ့ရွာနီးချင်း ငါးရွာ ခြောက်ရွာလောက်မှာနေထိုင်ကြတဲ့ ရွာသူ ရွာသားတွေ အတွက်ကတော့ သုံးနှစ်လောက်သောက်သုံးရေပူပင်စရာမလိုတော့အတွက် ဝမ်းသာမိပါတယ်”ဟု ရွာသာအေးကျေးရွာနေသူတစ်ဦးက ပြောသည်။



**အိမွန်ဆွေ(ရေစကြို)**

## မှုခင်းလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဆွေးနွေး

**ကော့ကရိတ် မေ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့ကကျင်းပသော မှုခင်းလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၁၆ ရက် ညနေ ၄ နာရီခွဲက အမှတ်(၂)ရပ်ကွက်(ဝင်းကြီး)၌ ကျင်းပသည်။

ရှေးဦးစွာ ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်သီဟက အမှာစကားပြောကြားပြီး ကော့ကရိတ်မြို့နယ် ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုက မှုခင်းလျော့နည်းကျဆင်းရေး၊ ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး(ဦးစီး)ဒုတိယရဲမှူးမျိုးဝင်းက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်း၊ အမှတ်(၇၁)ယာဉ်ထိန်း ရဲတပ်ဖွဲ့ကော့ကရိတ်တပ်စုမှူး ရဲအုပ်ဟန်ကိုကိုဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသရုပ်ပြ ရှင်းလင်းပြောကြားပြီး ကျေးရွာ/ ရပ်ကွက် များတွင်လည်း အသိပညာပေး လုပ်ငန်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ရက် ၁၀၀ စီမံချက် ကျေးလက်လမ်းနှင့် ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**ပြည် မေ ၁၉**

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်လမ်းနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်က ပေါက်ခေါင်းမြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီဒွန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေး နှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက် လုပ်ငန်းများဖြစ်သည့် မြေသားကန်တူးဖော်ခြင်းလုပ်ငန်းများကို မြေတူးစက် တစ်စီး၊ မြေသယ်ကား ခြောက်စီးတို့ဖြင့် သတ်မှတ်စံချိန်၊ စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက် ဦးစီးမှူး ဦးမောင်မောင်ကြည်က ပြောသည်။

ယင်းစီမံချက်ပါ လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် သက်ဆိုင်ရာကျေးရွာများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထိန်တော- ကမ္ဘကြီးလမ်း တစ်မိုင်မြေနီခင်းခြင်းနှင့် ညောင်ကုန်းကျေးရွာတို့တွင် မြေထန်းတပင်ကျေးရွာ၊ မြေအိုးလည်စွဲကျေးရွာ၊ မြေသားများကန်တူးဖော်ခြင်း၊ ထောင်ရကျေးရွာတွင် တွင်းတိမ်၊ အုတ်ဖို၊ ကျွန်းပင်စမ်း၊ ညောင်ဝန်းကျေးရွာများတွင် လက်တူးတွင်းကျယ်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ ဆက်)**

## ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ဇန်းမော် မေ ၁၉**

ကချင်ပြည်နယ် ဇန်းမော်မြို့ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန(ခရိုင်) ရုံးဝင်းအတွင်း ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို မေ ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ယာဉ်ကြီး၊ ယာဉ်ငယ်အသင်း၊ ထော်လာဂျီအသင်း၊ သုံးဘီးအသင်းများမှ တာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် လုပ်ငန်းလာရောက် ဆောင်ရွက်ကြသူများကို ခရိုင်ဦးစီးမှူး ဦးမောင်မောင်သန်းက စစ်ဆေးမှူ (၂)နှင့် (၃)တို့က ယာဉ်သွားလာမှုစည်းကမ်းများ၊ လမ်းညွှန်များ၊လမ်းအမှတ်အသားများ၊ အချက်ပြများနှင့် မော်တော်ယာဉ် ဥပဒေပါ တားမြစ်ချက်များ၊ အမြန်လမ်းမကြီးတွင် လိုက်နာရမည့်စည်းကမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေခူးမံခံ- မံသဲကျေးရွာချင်းဆက်လမ်း ရက် ၁၀၀ အတွင်းပြုပြင်မည်

**မန်စီ မေ ၁၉**

ကချင်ပြည်နယ် ဇန်းမော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မည့် ရေခူးမံခံ-မံသဲကျေးရွာချင်း သဲကျောက်ခင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းအား မေဒုတိယပတ်က ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့ နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ဦးဌေးမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းများက လက်ရှိလမ်း၏ အနေအထားနှင့်အကွာအဝေးတို့ကို ကွင်းဆင်း တိုင်းတာခဲ့ကြောင်း သိရသည်။

ယင်းလမ်းသည် ဇန်းမော်-မန္တလေးကားလမ်းမကြီးနှင့် ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းဖြစ်သည့်အပြင် ရေခူးမံခံ-မံသဲကျေးရွာသူ ကျေးရွာသားများအား အကျိုးပြုမည့်လမ်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရက် ၁၀၀ ပြည်သူ့ဝန်ဆောင်မှုစီမံချက်ကွင်းဆင်းဆောင်ရွက်

**ရေစကြို မေ ၁၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှ ရက်၁၀၀ စီမံချက်ဖြစ်သော ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစဉ်အကောင်အထည် ဖော်ပညာပေး ဆွေးနွေး ဟောပြောပွဲကို မေ ၁၄ ရက်က ရေစကြိုမြို့နယ် ကြူရွာကျေးရွာအုပ်စု ကြူရွာကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးလွင်က ရက် ၁၀၀ ရဲလုပ်ငန်းစီမံချက်နှင့်ပြည်သူများအား မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ရန် ဟောပြောဆွေးနွေးသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မိတ္ထီလာ မေ ၁၉**

မိတ္ထီလာမြို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ခရိုင်ရုံး)မိတ္ထီလာ၏ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို မေ ၁၄ ရက်က ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးကျော်မင်းထွေး စစ်ဆေးရေးမှူး(၂)က ယာဉ်စစ်ဆေးရေးပြုလုပ်ခြင်းနှင့် ယာဉ်မောင်း လိုင်စင် ထုတ်ပေးခြင်း၊ ယာဉ မောင်းသင်တန်းတက်ရခြင်းရည်ရွယ်ချက်များကို ဟောပြော ပို့ချခဲ့သည်။

ဆက်လက်၍ (ယာဉ်ထိန်း) တပ်ဖွဲ့မှ ဒုရဲမှူးမြင့်စိုးက လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းအကြောင်း သိကောင်းစရာများကို ဗီဒီယိုစလိုက်ဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။ ပညာပေးဟောပြောပွဲသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့ပေါ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

## ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ပြည်သူ့အတွက် ပထမ ရက် ၁၀၀**

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်း အလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူ စုစည်းဖော်ပြအပ်ပါသည်။

# လူသားအရင်းအမြစ်နှင့် လယ်ယာကဏ္ဍသွင်းအားစုများကို ခေတ်မီနည်းပညာ အသုံးချတတ်အောင် ကူညီဆောင်ရွက်ပေးမည်



ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## [စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်]

■ **တွေ့ဆုံမေးမြန်း - ဟန်နီဝင်း၊ ဓာတ်ပုံ-ကေကေ**

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ အစိုးရသစ်၏ ရက် ၁၀၀ ခရီးစဉ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အတူ ဆက်စပ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ကြမည်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် တာဝန်ရှိသူများအား မေးမြန်းထားသည်။

**ဒေါက်တာအောင်သူ**
**ပြည်ထောင်စုဝန်ကြီး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**မေး။ ။ ဝန်ကြီးရှင့်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြည်သူအတွက် ရက် ၁၀၀ အတွင်း ဘာတွေ လုပ်ဆောင်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ဧပြီလဆန်းကနေစပြီး ပျားရည်ဆမ်း ရက် ၁၀၀ ကို စတင်ဆောင်ရွက်မှုတွေ လုပ်ခဲ့တယ်။ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာန ၁၂ ခုကနေပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သမဝါယမနဲ့ ဆည်မြောင်းဒီလိုကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ကြတယ်။

ဘာတွေလဲဆိုတော့ လူသားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွေ၊ လယ်ယာကဏ္ဍဆိုရင် လိုအပ်တဲ့သွင်းအားစု



ဒေါက်တာခင်ဇော်
အမြဲတမ်း
အတွင်းဝန်
စိုက်ပျိုးရေး၊
မွေးမြူရေးနှင့်
ဆည်မြောင်း
ဝန်ကြီးဌာန



ဒေါက်တာ
ရဲတင့်ထွန်း
ညွှန်ကြား
ရေးမှူးချုပ်
စိုက်ပျိုးရေး
ဦးစီးဌာန



ဦးအောင်ဖြူ
ညွှန်ကြား
ရေးမှူးချုပ်
သမဝါယမ
ဦးစီးဌာန

အတွက် ဘဏ္ဍာရေး အထောက်အပံ့ပေးတာတွေ၊ နည်းပညာဆိုင်ရာ အသိပညာပေးတာတွေနဲ့ ခေတ်မီနည်းပညာတွေကို အသုံးချတတ်အောင် ကူညီဆောင်ရွက်ပေးတာတွေနဲ့ သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာပါ။

အခြေခံအဆောက်အအုံတွေ မွမ်းမံပြင်ဆင်ထိန်းသိမ်းတာတွေနဲ့ အသစ်ထပ်မံ တည်ဆောက်ပေးတာတွေ၊ တိရစ္ဆာန်တွေမှာ ကျရောက်တတ်တဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သက်ဆိုင်တဲ့ ဗဟုသုတတွေ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်တဲ့ ပြည်သူတွေဆီ အသိပညာပေးတာနဲ့ သူတို့ရဲ့ရိုးရာ လုပ်ငန်းတွေ မတိမ်ကော၊ မပပျောက်စေဖို့ ထိန်းသိမ်းစောင့်ရှောက်တဲ့ အသိပညာပေးတဲ့ပြပွဲတွေ ကျင်းပတာမျိုးတွေကိုလည်း ဆောင်ရွက်သွားမယ်။ ထင်သာမြင်သာနဲ့ အပြီးဆောင်ရွက်သွားမယ့် လုပ်ငန်းတွေဖြစ်ပြီးတော့ လုပ်ငန်း ၂၈ ခုရှိပါတယ်။

**မေး။ ။ ဦးစားပေး ဆောင်ရွက်သွားမှာမျိုးရော ရှိပါသလား။**

ဖြေ။ ။ ဝန်ကြီးဌာနအနေနဲ့ ဒီလုပ်ငန်းတွေကို သက်ဆိုင်ရာ ဦးစီးဌာနတွေက တစ်ချိန်တည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ထားခြင်း မရှိပါဘူး။

**မေး။ ။ ဝန်ကြီးအနေနဲ့ ဒီလိုဆောင်ရွက်တဲ့ လုပ်ငန်းတွေထဲက ဘယ်လုပ်ငန်းက ရက် ၁၀၀ အတွင်း ပြီးပြတ်အောင် ဆောင်ရွက်မယ်၊ ဘယ်လုပ်ငန်းကတော့ ဆက်လက် ဆောင်ရွက်သွားရမယ်ဆိုတာမျိုးကိုလည်း ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ လုပ်ငန်းတွေထဲက ရက် ၁၀၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမှာတွေကတော့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနတွင်းဝန်ထမ်း စွမ်းရည်မြှင့်သင်တန်းတွေကို ဌာနတိုင်းမှာ ဆောင်ရွက်သွားမယ်။ စက်မှုလယ်ယာအနေနဲ့ စက်ပစ္စည်းကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းတွေ၊ အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ အသက်မွေးဝမ်းကျောင်း သင်တန်းတွေ စုစုပေါင်း ၉၀ ကျော်ကို ဆောင်ရွက်သွားမယ်။

ပြီးတော့ တောင်သူတွေအတွက် ဘဏ္ဍာရေးဆိုင်ရာ အကူအညီထောက်ပံ့ပေးတဲ့အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေကို စပါးသီးနှံအတွက် အရင်က တစ်သိန်းထုတ်ချေးခဲ့ရာ ကနေ တစ်သိန်းခွဲ တိုးမြှင့်ထုတ်ချေးသွားမယ်။ အသေးစားချေးငွေ ၁၈ ဘီလီယံကို ထုတ်ချေးပေးသွားမယ်။ ပြီးတော့ လယ်ယာသုံးစက်ကိရိယာတွေကို အရစ်ကျငွေချေစနစ်နဲ့ သုံးဘီလီယံကျော် ရောင်းချပေးသွားမယ်။ ဆေးမားအူဒေါင် ကျေးရွာသစ် ၁၀၀ စီမံကိန်းအနေနဲ့ စီမံကိန်းမှာပါတဲ့ ကျေးရွာတစ်ရွာကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ စီ ပေးအပ်သွားမယ်။

ပြီးတော့ နည်းပညာပေးတဲ့ လုပ်ငန်းအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းတွေ၊ မေထုန်မဲ့သားစပ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်သလို သုတေသနလုပ်ငန်းအနေနဲ့ တောင်သူတွေအတွက် စွမ်းဆောင်ရည်မြှင့်မားဖို့၊ လယ်ယာလုပ်သားရှားပါးမှုကို အထောက်အပံ့ဖြစ်စေဖို့ weeder၊ seeder တို့ကို အပြီးထုတ်လုပ်ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒါနဲ့အတူ ဆည်ရေသောက်စနစ်တွေ တိုးချဲ့တည်ဆောက်ပေးတာ၊ အဆင့်မြှင့်တင်တာ၊ စနစ်တကျလယ်ယာတွေ ဖော်ထုတ်ပေးတာတွေကို ဆောင်ရွက်မယ်။ မြစ်ရေတင်လုပ်ငန်းတွေနဲ့



ယမန်နှစ် ဆိုင်ကလုန်းမုန်တိုင်း (ကိုမန်)၏ အရှိန်ကြောင့် ပျက်စီးသွားသည့် မုန်းချောင်းရေလှောင်တမံ ရေပိုလွှဲအား ပြန်လည်ပြုပြင်မွမ်းမံနေစဉ်။



စိုက်ခင်းအတွင်း ပေါင်းမြက်ရှင်းလင်းနေစဉ်။

စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ဖို့ ဆောင်ရွက်မယ်။ ရေတွင်းတွေ တူးဖော်ပေးတာ၊ ဓာတ်အားပေးစက်တွေ တည်ဆောက်ပေးတာတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ပြီးတော့ တိရစ္ဆာန်ရောဂါကာကွယ်ဖို့အတွက် ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ပေးမှာဖြစ်သလို ထုတ်လုပ်ရေးလုပ်ငန်းဖြစ်တဲ့ ငါးသားပေါက်ကောင်ရေ သိန်း ၅၀၀ ကျော်ကိုလည်း ထုတ်လုပ်ပေးသွားမှာပါ။ ခုနတုန်းက ပြောတဲ့အထဲမှာလည်းပါတဲ့ အသိပညာမြှင့်တင်ရေးနဲ့ ရိုးရာလုပ်ငန်းတွေ မပပျောက်ဖို့ ပြပွဲတွေကိုလည်း ကျင်းပပေးသွားမယ်။ နည်းပညာအသုံးချခြင်းအနေနဲ့လည်း လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနက Digital စနစ်နဲ့ စာချုပ်စာတမ်းမှတ်ပုံတင်စနစ်ကို မြို့နယ် ၁၂၀ မှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါက ရက် ၁၀၀ စီမံကိန်းတွေပါ။

**ဒေါက်တာခင်ဇော်**
**အမြဲတမ်းအတွင်းဝန်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**မေး။ ။ ဝန်ကြီးဌာနရဲ့ရက် ၁၀၀ စီမံကိန်းအောက်ကနေမွေးရေ ကျေးလက်ကဏ္ဍက လုပ်ဆောင်သွားမှာကို ပြောပြပေးပါ။**

ဖြေ။ ။ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက လုပ်ငန်း ၃ ခု၊ ငါးလုပ်ငန်းဦးစီးဌာနက လုပ်ငန်း ၂ ခုနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်း ၂ ခု အားလုံးပေါင်း ၇ ခုကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

ပထမဆုံးမွေးမြူရေးနဲ့ ကုသရေးအပိုင်းမှာ မြန်မာနိုင်ငံမှာ အဖြစ်များတဲ့ ကျွဲ၊ နွား ကူးစက်ရောဂါ သုံးမျိုးဖြစ်တဲ့ လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါနဲ့ ပေါင်ပုပ် လက်ပုပ်ရောဂါအတွက် ကာကွယ်ဆေး စုစုပေါင်း ၇ ဒသမ ၃၃၁ သန်းကို ထုတ်လုပ်သွားမယ်။ ကာကွယ်တာက ကုသတာထက်ပိုကောင်းတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကျွဲနွားကောင်ရေ ၁ ဒသမ ၉၅၄ သန်းကို အခမဲ့ကာကွယ်ဆေး ထိုးနှံပေးသွားမယ်။

မျိုးကောင်းမျိုးသန့်တွေ ဖြန့်ဖြူးပေးနိုင်ဖို့ ဒေသနွားတွေကို မေထုန်မဲ့နည်းနဲ့ မျိုးမြှင့်တင်၊ သားစပ်ပေးနိုင်ဖို့ မျိုးမြှင့်တင်ရေး ဓာတ်ခွဲခန်းအသစ်တစ်ခုကို မန္တလေးတိုင်းဒေသကြီးမှာ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ မျိုးရည်ခဲချောင်းထုတ်ဖို့အတွက် လိုအပ်တဲ့ ဓာတ်ခွဲခန်းသုံးကိရိယာတွေကို မှာယူထားပြီး ပြာစိမ်းမျိုး နွားသိုးကိုလည်း ရွေးချယ်ထားပြီးဖြစ်ပါတယ်။ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းတွေ တပ်ဆင်တာနဲ့ စက်စမ်းသပ်လည်ပတ်နိုင်ဖို့ အမြန်ဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။

ဝက်မေထုန်မဲ့သားစပ်လုပ်ငန်းကို ပြီးခဲ့တဲ့ ၂၅ နှစ်အတွင်း မဆောင်ရွက်ပေးနိုင်ခဲ့ဘူး။ အခု ကျေးလက်နေ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူတွေအတွက် ဝက်မျိုးတွေ လုံလောက်စွာရဖို့၊ အချိန်တိုအတွင်း အကျိုးအမြတ်ရနိုင်တဲ့ ဝက်မွေးတဲ့လုပ်ငန်းတွေ အောင်မြင်ဖို့နဲ့ မိသားစုဝင်ငွေတိုးဖို့ ရည်ရွယ်ချက်တွေနဲ့ ရက် ၁၀၀ အတွင်း ပြန်လည်ဆောင်ရွက်ပေးသွားမယ်။ တိုင်းဒေသကြီး/ပြည်နယ် ၃ ခုမှာ ဝက်မေထုန်မဲ့ သားစပ်ဆရာဖြစ်သင်တန်း ၁ ခုမှာ ငါးသားပေါက်ကောင်ရေ ၅၈၀ ဒသမ ၆၅ သိန်းကို ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၄၉ ဒသမ ၇၂ သန်းနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီငါးမျိုးထဲက ၃၀ ရာခိုင်နှုန်းကို မြစ်ချောင်းနဲ့ ဆည်တွေမှာ စိုက်ထည့်ပေးမှာ ဖြစ်ပြီးတော့ ကျန် ၇၀ ရာခိုင်နှုန်းကို ငါးမွေးမြူရေးကန်တွေကို ဖြန့်ဖြူးပေးမှာဖြစ်ပါတယ်။

အယ်နီညိုနဲ့ လာနီညာဖြစ်စဉ်တွေအရ ရာသီဥတု ပြောင်းလဲမှုတွေကြောင့် ငါးလုပ်ငန်းမှာ ထိခိုက်မှုမရှိစေဖို့ ကြိုတင်ကာကွယ်တဲ့ လုပ်ငန်းတွေကို အများပြည်သူ သိစေဖို့ ကျေးရွာတွေအထိ ကွင်းဆင်းပညာပေးတာ၊ ပညာပေးဆိုင်းဘုတ်တွေ စိုက်ထူတာ၊ သတင်းမီဒီယာတွေကနေတစ်ဆင့် နှိုးဆော်ချက်တွေ ထုတ်ပြန်တာတွေ ဆောင်ရွက်နေပြီးတော့ ရက် ၁၀၀ အတွင်းမှာ တိုင်းဒေသကြီး/ပြည်နယ် ၉ ခုက ကျေးရွာပေါင်း ၄၃၇ ရွာမှာ ပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ကျေးလက်ရေရရှိရေး လုပ်ငန်းအတွက် ကျေးရွာပေါင်း ၅၈၄ ရွာမှာ တွင်းတိမ် ၂၁၆ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း တူးဖော်ပေးသွားမှာဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ၂၆၄၈ ဒသမ ၇၇ သန်းနဲ့ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

ကျေးလက်ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတိုးဖို့ အသက်မွေးဝမ်းကျောင်းသင်တန်း အမျိုး ၃၀ ကို ခန့်မှန်းကုန်ကျငွေ ၅၈၉ ဒသမ ၇၈ သန်းနဲ့ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းတွေ၊ ကွန်ပျူတာ ဒေသကြီးနဲ့ ပြည်နယ်မှာ သင်တန်းစုစုပေါင်း ၁၆၉ ကြိမ်နဲ့ သင်တန်းသား လေးထောင်ကျော်ကို ပို့ချသွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေမှာလည်း စွမ်းဆောင်ရည် တဖြည်းဖြည်း မြှင့်တင်ရမှာဖြစ်တဲ့အတွက် ဝန်ထမ်းတွေအတွက် စွမ်းရည်မြှင့်သင်တန်းတွေကို ရက် ၁၀၀ အတွင်း ဖွင့်လှစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာရဲတင့်ထွန်း**
**ညွှန်ကြားရေးမှူးချုပ်**
**စိုက်ပျိုးရေးဦးစီးဌာန**

**မေး။ ။ ဆရာ့အနေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပါအဝင် တခြားကဏ္ဍတွေရဲ့ ရက် ၁၀၀ အတွင်း ဆောင်ရွက်မှုတွေကို ပြောပြပေးမယ်လို့ သိရပါတယ်။ ဒါ့ကြောင့် ကဏ္ဍအလိုက် ဆောင်ရွက်မှုကို ပြည်သူသိရှိအောင် ပြောပြပေးပါ။**

ဖြေ။ ။ ကွန်တော်တို့ ဦးစီးဌာနအနေနဲ့တော့ စိုက်ပျိုးသီးနှံကို ထိခိုက်မှုအနည်းဆုံးနဲ့ ထုတ်လုပ်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်သွားမယ်။ တောင်သူပညာပေးလုပ်ငန်းတွေကို ဒေသအလိုက် ဆောင်ရွက်သွားမယ်။ ဒေသနဲ့ ကိုက်ညီတဲ့၊ ဒေသအလိုက်အကျိုးဖြစ်ထွန်းစေမယ့် သီးနှံတွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။

ပြီးတော့ ကောင်းမွန်တဲ့ စိုက်ပျိုးနည်းစနစ်တွေ တောင်သူတွေဆီရောက်ရှိစေဖို့ ဆွေးနွေးပွဲတွေ၊ သင်တန်းတွေ၊ သတင်းစာ၊ ရုပ်မြင်သံကြားတွေကတစ်ဆင့် ပြန့်ပွားအောင် ဆောင်ရွက်သွားမှာပါ။

**တောင်သူတွေအတွက် ဘဏ္ဍာရေးဆိုင်ရာ အကူအညီထောက်ပံ့ပေးတဲ့အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေကို စပါးသီးနှံအတွက် အရင်က တစ်သိန်းထုတ်ချေးခဲ့ရာကနေ တစ်သိန်းခွဲ တိုးမြှင့်ထုတ်ချေးသွားမယ်။ အသေးစားချေးငွေ ၁၈ ဘီလီယံကို ထုတ်ချေးပေးသွားမယ်။ ပြီးတော့ လယ်ယာသုံးစက်ကိရိယာတွေကို အရစ်ကျငွေချေစနစ်နဲ့ သုံးဘီလီယံကျော် ရောင်းချပေးသွားမယ်။ ဆေးမားအူဒေါင် ကျေးရွာသစ် ၁၀၀ စီမံကိန်းအနေနဲ့ စီမံကိန်းမှာပါတဲ့ ကျေးရွာတစ်ရွာကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ စီ ပေးအပ်သွားမယ်။**

ကြိမ်၊ ဆင့်ပွားသင်တန်း ၄ ကြိမ်ကနေ သင်တန်းသား ၂၀၀ ကို သင်တန်းပို့ချသွားမှာဖြစ်ပါတယ်။

ပြည်သူတွေ စားနပ်ရိက္ခာဖူလုံပြည့်ဝစေဖို့ဆိုတဲ့ ဝန်ကြီးဌာနရဲ့ မူဝါဒကို အကောင်အထည်ဖော်တဲ့ လုပ်ငန်းအဖြစ် ငါးမျိုးစိုက်ထည့်တာကို ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်စခန်း ၂၂ သင်တန်း၊ ပန်းရန်၊ လက်သမားသင်တန်း၊ ဒီဇယ်အင်ဂျင်နဲ့ လျှပ်စစ်ဆိုင်ရာသင်တန်း၊ အိမ်တွင်းမှုသင်တန်း ဒီလိုသင်တန်းတွေကို အထောက်အကူပြု သင်တန်းတွေအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆိုင်ကယ်ပြင်၊ ရက်ကန်း၊ ကျောက်သွေး၊ သစ်ဝါးအချောထည် ဒီလိုသင်တန်းမျိုးတွေလည်း ပါပါတယ်။ တိုင်း

တောင်သူတွေ ဘေးအန္တရာယ်ကင်းတဲ့၊ အာဟာရဓာတ်ပြည့်ဝတဲ့ သီးနှံတွေ ထုတ်လုပ်ရောင်းချနိုင်ဖို့ တရားမဝင် တင်သွင်းရောင်းချတဲ့ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာတွေကို တားဆီးရေး ပညာပေးလုပ်ငန်းနဲ့အတူ

*စာမျက်နှာ ၁၈ သို့*

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

စစ်ဆေးအရေးယူမှုတွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) နဲ့ အထောက်အပံ့နဲ့ ဆောင်ရွက်မယ့် ဆေးမားအူဒေါင်ကျေးရွာ ၁၀၀ စီမံကိန်းကို နေပြည်တော် အပါအဝင် ရှမ်း၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီနဲ့ စစ်ကိုင်းက ရွာ ၁၀၀ ကို ရွေးချယ်ဆောင်ရွက်မှာဖြစ်ပါတယ်။

ပထမအနေနဲ့ ကျေးရွာတစ်ရွာကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ စီ ပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူမှုပတ်ဝန်းကျင် တိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေးစသဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွေကို အကဲဖြတ်ပြီး ဆောင်ရွက်နိုင်တဲ့ ရွာတွေကို အမေရိကန်ဒေါ်လာ ၄၀၀၀၀ ထပ်မံပံ့ပိုးသွားမယ်။ စီမံကိန်း ၅ နှစ်တာ ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၂၂ သန်းနဲ့ ရက် ၁၀၀ အစီအစဉ်နဲ့ လုပ်ငန်းတွေ စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ နောက်ကဏ္ဍတစ်ခုဖြစ်တဲ့ ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန**


လယ်ယာမြေများကို စိုက်ပျိုးနိုင်ရန် မြေပြုပြင်နေစဉ်

**နည်းပညာပေးတဲ့ လုပ်ငန်းအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းတွေ၊ မေထုန်မဲ့သားစပ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်သလို သုတေသနလုပ်ငန်းအနေနဲ့ တောင်သူတွေအတွက် စွမ်းဆောင်ရည်မြင့်မားဖို့ လယ်ယာလုပ်သားရှားပါးမှုကို အထောက်အပံ့ဖြစ်စေဖို့ weeder၊ seederတို့ကို အပြီးထုတ်လုပ်ဆောင်ရွက်မှာဖြစ်**

**ကကော ပြည်သူတွေအတွက် ဘာတွေဆောင်ရွက်မယ်ဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ သီးနှံစိုက်ပျိုးထုတ်လုပ်ဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ စိုက်ပျိုးရေအတွက် ဆည်တွေကို အဆင့်မြှင့်တင်တာနဲ့ ဆည်ရေသောက်စနစ်တွေကို အဆင့်မြှင့်တင်တာဆိုပြီး နှစ်မျိုး ဆောင်ရွက်ပါမယ်။ ဆည်ရေသောက်စနစ်တွေကို အဆင့်မြှင့်ရာမှာ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညို ဆည်ရေသောက်စနစ်တွေ၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းအနေနဲ့ ဖြူးချောင်း၊ ခပေါင်း ဆည်၊ ပေါင်းလောင်း၊ ကညင်ဆည်ရေသောက်တွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြီးတော့ ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ကို ထုတ်လုပ်နိုင်မယ့် မြစ်သာရေလှောင်တမံ စီမံကိန်း ဓာတ်အားစက်ရုံတည်ဆောက်တာကိုလည်း ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမှာပါ။

ရေဘေးကာကွယ် ကေ သုံးသိန်းလောက်ကို အကျိုးပြုစေမယ့် ဇလွန်မြို့နယ် ဝါသလရွာနဲ့ မေဒုံရွာနားမှာ ဧရာဝတီမြစ် ရေလွှဲဖြတ်မြောင်းတူးဖော်တာနဲ့ မြစ်ကမ်းပါး တိုက်စားတာကို ကာကွယ်တဲ့ လုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

IFAD ရဲ့ ချေးငွေနဲ့ ပေါင်းလောင်းဆည်ရေသောက်စနစ်ကနေ စနစ်တကျ လယ်ယာမြေဖော်ထုတ်နိုင်မယ့် လုပ်ငန်းကို ဆောင်ရွက်သွားမှာပါ။ ကေ ၆၀၀ လောက် ဖော်ထုတ်သွားမှာဖြစ်ပါတယ်။

ပြီးတော့ ဖျိုင်းအင်းကန် ပြန်လည်တူးဖော်တဲ့ လုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ စိုက်ပျိုးထားတဲ့ နွေစပါးတွေ အောင်မြင်အောင် ရေပေးဝေနိုင်ဖို့၊ အယ်နီညိုကြောင့် စိုက်ပျိုးရေ အခက်အခဲမဖြစ်စေဖို့နဲ့ လာနီညာဖြစ်စဉ်ကြောင့် ရေဘေး အန္တရာယ်ကျရောက်ခဲ့ရင် ဘေးအန္တရာယ် လျော့ပါးသက်သာစေဖို့ လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ဟုတ်ကဲ့။ စက်မှုလယ်ယာဦးစီးဌာနကကောဘာတွေအကောင်အထည်ဖော်သွားမှာပါလဲ။**

ဖြေ။ ။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကူးပြောင်းရေးအတွက် အဓိက ဆောင်ရွက်သွားမှာပါ။ ရက် ၁၀၀ အတွင်း တောင်သူတွေရဲ့ လယ်ယာမြေ ကေ ၂ သိန်းခန့်မှာ ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့၊ ကောက်စိုက် ဒီလုပ်ငန်းတွေမှာ ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်။

ဝန်ဆောင်မှုစရိတ်ကို လျှော့နိုင်ဖို့လည်း ဆောင်ရွက်သွားမှာပါ။ စနစ်တကျ လယ်ယာမြေဖော်ထုတ်ရေးအတွက် စက်မှုလယ်ယာနဲ့ ဆည်မြောင်းတို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပေါင်းလောင်း စနစ်တကျလယ်ယာမြေထွန်ယက်ရေးကိုလည်း ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြီးတော့ ရက် ၁၀၀ အတွင်းမှာ လယ်ယာသုံးစက်ကိရိယာ ၁၇၆၆ စီးကို ဈေးနှုန်း သက်သက်သာသာနဲ့ ရောင်းချပေးသွားမှာဖြစ်ပြီးတော့ လယ်ယာလုပ်ငန်းခွင်မှာ လယ်ယာလုပ်သားရှားပါးမှုကို ကျော်လွှားနိုင်အောင် ပေါင်းနုတ်တာကို စက်ကိရိယာနဲ့ ဆောင်ရွက်နိုင်ဖို့ သုတေသနပြုဆောင်ရွက်နေပါတယ်။

**မေး။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုး ဘဏ်ကရော ရက် ၁၀၀ မှာ ဘယ်လို ဝန်ဆောင်မှုတွေ ပေးသွားမှာလဲ။**

ဖြေ။ ။ တောင်သူတွေအတွက် လိုအပ်တဲ့ အရင်းအနှီးရရှိစေဖို့အတွက် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ရက် ၁၀၀ အတွင်းမှာ ဘီလီယံ ၉၀၀ တောင်သူတွေ လက်ဝယ်ရောက်ရှိအောင် ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ ချေးငွေကို ဒီနှစ်အတွက် ၁၇၆၆ ဘီလီယံ ထုတ်ချေးသွားမှာဖြစ်ပါတယ်။ ဒီလိုထုတ်ချေးတဲ့အခါ လျင်လျင်မြန်မြန်နဲ့ တောင်သူတွေ ရရှိစေဖို့ ကျေးရွာအရောက် ငွေချေးမယ့်အစီအစဉ်တွေကိုလည်း စီစဉ်ထားပါတယ်။ လုပ်ကွက်ငယ် တောင်သူတွေအတွက် ဦးစားပေးတဲ့ ဆယ်ကေအောက် ပိုင်တဲ့ စပါးစိုက်တောင်သူတွေကို အရင်က တစ်ကေ တစ်သိန်း ချေးရာကနေ တစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးသွားမှာပါ။

အဓိကကတော့ နည်းပညာအရရိုင်မာမှုရှိဖို့၊ လက်တွေ့ လုပ်ဆောင်နိုင်ဖို့၊ ဒေသအလိုက် ကိုက်ညီမှုရှိဖို့နဲ့ စီးပွားရေးတွက်ခြေကိုက်ဖို့အတွက် ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးအောင်ဖြူ**
**ညွှန်ကြားရေးမှူးချုပ်**
**သမဝါယမဦးစီးဌာန**

**မေး။ ။ ရက် ၁၀၀ အတွင်း စီမံကိန်းအောက်မှာ ပြည်သူတွေအတွက် ဘာတွေ ဆောင်ရွက်မယ်ဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ မေလအတွင်းမှာ အသေးစားအရင်းအနှီးချေးငွေအသစ်တွေကို တိုင်းဒေသကြီး ပြည်နယ် ၁၂ ခုက မြို့နယ် ၉၉ မြို့နယ်က အသင်းသားလယ်သမား ၁၅၀၃၀၄ ဦး အတွက် ပံ့ပိုးချေးငွေ ငွေကျပ် ၁၈ ဒသမ ၂ ဘီလီယံ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

သမဝါယမအသင်းသား ပြည်သူတွေအတွက် လယ်ယာသုံးစက်ပစ္စည်းတွေကို Hire Purchase စနစ်နဲ့ ရောင်းချပေးပါတယ်။ အသင်းသားတွေရဲ့ ဆန္ဒနဲ့အညီ ဝယ်ယူနိုင်ဖို့ အခုလအတွင်း အပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စက်ပစ္စည်း အစီးရေ ၅၉၁ စီးအတွက် တန်ဖိုး ၃ ဒသမ ၄၇ ဘီလီယံဖြစ်ပါတယ်။

ဒါ့အပြင် China Exim Bank ချေးငွေ ရယူပြီး အသင်းသားတောင်သူအတွက် ခြောက်လတစ်ကြိမ် ထုတ်ချေးတဲ့ စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အရင် ၆ လ ၄ ကြိမ်အတွက် အပြည့်အဝ ပြန်လည်ကောက်ခံရရှိခဲ့တဲ့အတွက် ၅ ကြိမ်မြောက်အတွက် ကျပ် ၄၆၃ ဘီလီယံကို ပြန်လည်ထုတ်ချေးပေးထားပါတယ်။

ဒီချေးငွေတွေကို ဇွန်လကုန်မှာ ပြန်လည်ကောက်ခံရရှိဖို့ ဆောင်ရွက်ထားပါတယ်။ ပုံမှန်ဆို အသင်းသားမိသားစု တစ်စုလျှင် ကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးပေမယ့် တာဝန်ကျေပွန်တာ၊ စိတ်ဓာတ်ကောင်းမွန်တာတွေအပေါ် မူတည်ပြီး ချေးငွေကျပ် ၁ သိန်းကနေ ၅ သိန်းထိ တိုးမြှင့်ထုတ်ချေးပေးနေပါတယ်။ ဇွန်လကုန်မှာ ပြန်လည်ကောက်ခံရမယ့် တိုင်းဒေသကြီး/ပြည်နယ်က ထုတ်ချေးငွေကျပ် ၄၆၃ ဘီလီယံကို အသင်းသားပေါင်း ၃၁၈၀၄ ဦးက အသင်းသား ၂၆ သိန်းကျော်ရဲ့စုဆောင်းငွေ ၁၀ ရာခိုင်နှုန်း ပေါင်းထားတဲ့ ကျပ် ၅၀၀ ဘီလီယံကျော်ကို ဇူလိုင်လ ၂ရက်နေ့ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှာ (၆) ကြိမ်မြောက် ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ ။

## ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်း

**ဟားခါး မေ ၁၉**

ဟားခါးခရိုင် ဟားခါးမြို့နယ်အတွင်း ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် ကျေးရွာ(၁)ရွာ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မေ ၁၇ ရက်က ဟားခါးမြို့နယ် ဘွာလ်တပ်ကျေးရွာအုပ်စု နေပြည် ကျေးရွာသို့ ဟားခါးခရိုင်အုပ်ချုပ်ရေးမှူးဦးထူးလွင်နှင့် ခရိုင်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ဌာနဆိုင်ရာများမှ ကွင်းဆင်းပြီး မြေငှားဂရန်ချထားရေးဆောင်ရွက်မည့် အစီအမံများကို ကျေးရွာသူကျေးရွာသားများအား ချပြရှင်းလင်းဆောင်ရွက်ခဲ့သည်။

ဟားခါးမြို့နယ်တွင် ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် နေပြည်ကျေးရွာရှိ နေအိမ်များအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေး ခရိုင်၊ မြို့နယ်ကော်မတီများမှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## မော်တော်ဆိုင်ကယ်များဖြင့် မိုဘိုင်းယာဉ်ကြောရှင်းလင်းရေးဆောင်ရွက်မည်

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြို့ယာဉ်ကြောသိပ်သည်းမှု ဖြစ်ပွားရာနေရာများ လွယ်ကူလျင်မြန်စွာ ယာဉ်ကြောရှင်းလင်းရန်အတွက် ယာဉ်ထိန်းတပ်ဖွဲ့သုံး ရှေ့ပြေး မော်တော်ဆိုင်ကယ်များအသုံးပြုကာ မိုဘိုင်းယာဉ်ကြောရှင်းလင်းရေးစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ယာဉ်ထိန်းတပ်ဖွဲ့ရုံး၌ သတင်းထောက်များအား ပြောသည်။

"ကျွန်တော်တို့ ရန်ကုန်မြို့မှာ ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်သွားနိုင်ဖို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်မြို့နယ်မှာ ယာဉ်ထိန်းတပ်ဖွဲ့သုံး ရှေ့ပြေးမော်တော်ဆိုင်ကယ်လေးစီးနှုန်းဖြင့် မော်တော်ဆိုင်ကယ် ၁၇၆ စီး ထောက်ပံ့ပေးဖို့ ပြောကြားထားပြီးဖြစ်ပါတယ်။ မကြာမီ တင်ဒါခေါ်ယူဝယ်ယူပြီး ဆိုင်ကယ်များဖြန့်ဝေပေးသွားမယ်လို့ သိရပါတယ်" ဟု ဒုတိယရဲမှူးကြီး က ပြောကြားသည်။

တစ်မြို့နယ်လျှင် ရှေ့ပြေးမော်တော်ဆိုင်ကယ်လေးစီးနှုန်းဖြင့် ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ အဓိက ယာဉ်ကြောရှုပ်ထွေးနေရာများတွင် မိုဘိုင်းယာဉ်ကြောရှင်းလင်းရေးစနစ်အသုံးပြုကာ ထိရောက်စွာဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိရန်ကုန်မြို့ယာဉ်ကြောရှင်းလင်းရေး လုပ်ငန်းကို ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၁၀၀၀ နီးပါးဖြင့် ဆောင်ရွက်နေသော်လည်း ယာဉ်ကြောရှုပ်ထွေးနေရာများ၊ မီးပွိုင့်များ၊ ဈေးများ၊ ကျောင်းများအနီးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်ချက်များ ရှိနေသည့်အတွက် ဆိုင်ကယ်များအသုံးပြုကာ မိုဘိုင်းယာဉ်ကြောရှင်းလင်းရေးစနစ်ကို အသုံးပြုခြင်းဖြင့် လုပ်ငန်းများထိရောက်စွာဆောင်ရွက်လာနိုင်တော့မည်ဖြစ်သည်။

ရန်ကုန်မြို့တွင် လက်ရှိရှေ့ပြေးမော်တော်ဆိုင်ကယ်များဖြင့် ယာဉ်ကြောရှင်းလင်းရေး လုပ်ငန်းကို ဆောင်ရွက်ရန် ဆိုင်ကယ်စီးရေ ၄၁ စီးသာရှိကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရရုံး အနေဖြင့် ယာဉ်ကြောရှင်းလင်းရေးထိရောက်စွာ ဆောင်ရွက်နိုင်ရန်မော်တော်ဆိုင်ကယ်များ ထောက်ပံ့ပေးလိုက်ခြင်းဖြင့် ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**








| ပဲလေ့စ်၏အက်ဖ်အေဖလားခြေစွမ်း | | |
|---|---|---|
| ဆောက်သမ်တန် | ၁-၂ | ပဲလေ့စ် |
| ပဲလေ့စ် | ၁-၀ | စတုတ် |
| စပါး | ၀-၁ | ပဲလေ့စ် |
| ရက်ဒင်း | ၀-၂ | ပဲလေ့စ် |
| ပဲလေ့စ် | ၂-၁ | ဝက်ဖို့ဒ် |

| မန်ယူ၏အက်ဖ်အေဖလားခြေစွမ်း | | |
|---|---|---|
| ဒါဘီ | ၁-၃ | မန်ယူ |
| ရှုဝ်ဘရီ | ၀-၃ | မန်ယူ |
| မန်ယူ | ၁-၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁-၂ | မန်ယူ |
| အဲဗာတန် | ၁-၂ | မန်ယူ |

| ထိပ်တိုက်ဆုံတွေ့မှုနောက်ဆုံး ၆ ကြိမ် | | |
|---|---|---|
| မန်ယူ | ၂-၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၀-၀ | မန်ယူ |
| ပဲလေ့စ် | ၁-၂ | မန်ယူ |
| မန်ယူ | ၁-၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၀-၂ | မန်ယူ |
| မန်ယူ | ၂-၀ | ပဲလေ့စ် |

| မန်ယူ၏အက်ဖ်အေဖလားရယူနိုင်မှု |
|---|
| ၁၁ ကြိမ် - ၁၉၀၉၊ ၁၉၄၈၊ ၁၉၆၃၊ ၁၉၇၇၊ ၁၉၈၃၊ ၁၉၈၅၊ ၁၉၉၀၊ ၁၉၉၄၊ ၁၉၉၆၊ ၁၉၉၉၊ ၂၀၀၄ |

| ပဲလေ့စ်၏အက်ဖ်အေဖလားရယူနိုင်မှု |
|---|
| မရှိ |

# အက်ဖ်အေဖလားကို မန်ယူရယူနိုင်မှာလား

▌ဝေမိုးဆက်



**၂၀၁၅-၁၆ ဘောလုံးရာသီ အင်္ဂလန်အက်ဖ်အေဖလားပြိုင်ပွဲရဲ့နောက်ဆုံး ဗိုလ်လုပွဲကို လာမယ့်မေ ၂၁ ရက်မှာ ဝင်ဘာလေကွင်းအတွင်း ကျင်းပပြုလုပ်သွားဖို့ ရှိနေပါတယ်။ အဆိုပါဒီနှစ်အက်ဖ် အေဖလားပြိုင်ပွဲရဲ့နောက်ဆုံး ဗိုလ်လုပွဲမှာတော့ အင်္ဂလန်ဘောလုံးလောကရဲ့အသင်းကြီးတစ်သင်းဖြစ်တဲ့ မန်ယူနဲ့ သာမန်အဆင့်အသင်းတစ်သင်းဖြစ်တဲ့ ပဲလေ့စ်တို့ဆုံတွေ့ယှဉ်ပြိုင်ကစားသွားကြမှာလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ဒီနှစ်သင်းဆုံတွေ့ခဲ့တော့ မန်ယူဟာအိမ်ကွင်းအိုးလ်ထရက်ဖို့ဒ်မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပြီး အဝေးကွင်းပွဲစဉ်မှာတော့ ဂိုးမရှိသရေကျခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်ဆုံတွေ့မှုမှာမန်ယူကအသာရနေသလို ကစားသမားအစုအဖွဲ့မှာလည်းမန်ယူက ပိုမိုတောင့်တင်းနေတာကြောင့် ဒီပွဲစဉ်မှာလည်း မန်ယူကာအနိုင်ရဗိုလ်စွဲနိုင်ခြေများနေတယ်လို့တော့ ယူဆစရာရှိနေပါတယ်။**

ဒါပေမယ့်လည်း ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာဗိုလ်စွဲတဲ့ အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရယူနိုင်မှာဖြစ်တာကြောင့် ဒီရာသီပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာအဆင့် ၁၀ အတွင်းတောင် မဝင်ခဲ့တဲ့ ပဲလေ့စ်တို့အနေနဲ့ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်မှုနဲ့အတူ ယူရိုပါလိဂ်ပြိုင်ပွဲကိုတက်ရောက်ကစားနိုင်မယ့်အခွင့်အရေးကိုရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အက်ဖ်အေဖလားပြိုင်ပွဲဟာ ဗိုလ်စွဲပါမှ ယူရိုပါလိဂ်ဝင်ခွင့်ရမှာဖြစ်ပြီး ဗိုလ်စွဲတဲ့အသင်းဟာဥရောပဝင်ခွင့်ရပြီးသာအသင်းဖြစ်နေရင် ဒုတိယရတဲ့အသင်းကိုယူရိုပါလိဂ်ဝင်ခွင့်ပေးမှာမဟုတ်ဘဲ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အဆင့် ၇ နေရာရတဲ့အသင်းကို ယူရိုပါလိဂ်ဝင်ခွင့်ပေးမှာဖြစ်လို့ ပဲလေ့စ်တို့ ဥရောပဝင်ခွင့်ရယူချင်တယ်ဆိုရင် ဒီပွဲမှာအနိုင်ရဖို့လိုသလို အားစိုက်ကစားလာမယ်ဆိုရင် ခြေစွမ်းကွာဟမှု ကျဉ်းသွားနိုင်ပါတယ်။

အထူးသဖြင့် ပဲလေ့စ်ဟာကလပ် အသင်းသမိုင်းတစ်လျှောက်မှာဆုဖလား ရယူနိုင်မှုဆိုလို့ အောက်တန်းပြိုင်ပွဲတွေမှာသာရှိခဲ့တာကြောင့် အခုလိုထိပ်တန်း ဆုဖလားတစ်ခုပထမဆုံးအကြိမ်ရယူနိုင်မယ့် အခွင့်အရေးနဲ့ လက်တစ်ကမ်းအကွာရောက်လာချိန်မှာ အောင်ပွဲရဖို့ ပိုမိုအားစိုက်လာမှာလည်း သေချာနေပါတယ်။ ပဲလေ့စ်အနေနဲ့ ဒီအက်ဖ်အေဖလားသမိုင်းမှာ ၁၉၉၀ပြည့်နှစ်တုန်းက တစ်ကြိမ် ဗိုလ်လုပွဲအဆင့်အခုလိုပဲ တက်ရောက်နိုင်ခဲ့သေးပေမယ့် အဲဒီတုန်းကလည်း မန်ယူကိုပဲရှုံးနိမ့်ပြီးဒုတိယနဲ့သာ ကျေနပ်ခဲ့ရတဲ့ အတိတ်သမိုင်းရှိခဲ့တာကြောင့်လည်း ပဲလေ့စ်ဟာဒီတစ်ကြိမ်မှာ အဆိုပါ ရှုံးကြွေးကိုပြန်လည်ပေးဆပ်နိုင်ဖို့ အားစိုက်ကစားလာမယ်ဆိုရင် မန်ယူအနေနဲ့ ကစားရပိုမိုခက်ခဲလာနိုင်ကာ ပွဲကလည်း မထင်မှတ်ဘဲပိုမို အကြိတ်အနယ်ရှိလာနိုင်ပါတယ်။

ဒါပေမယ့် မန်ယူအနေနဲ့လည်း ဒီဆုဖလားဟာ အရေးပါတဲ့ဆုဖလားဖြစ်နေပါတယ်။ အထူးသဖြင့် မန်ယူဟာ ဖာဂူဆန်လက်ထက်က ဆုဖလားအောင်မြင် မှုတွေ အများအပြားရယူနိုင်ခဲ့တာမှန်ပေမယ့် အက်ဖ်အေဆုဖလားကိုတော့ ၂၀၀၄ ခုနှစ်နောက်ပိုင်းတစ်ကြိမ်မှရယူ နိုင်မှုမရှိခဲ့ပါဘူး။ ဒ့ါအပြင် မန်ယူဟာ ဖာဂူဆန်နောက်ပိုင်းမှာလည်း စွမ်းဆောင်ရည်ကျဆင်းမှုတွေနဲ့ အတူနှစ်ရာသီဆက်တိုက် ဆုဖလားလက်မဲ့ဖြစ်ခဲ့ရတာကြောင့် အခုလို ဆုဖလားတစ်လုံးပြန်လည်ဆွတ်ခူးနိုင်မယ့် အခွင့်အရေးနဲ့လက်တစ်ကမ်း ရောက်လာချိန်မှာ အောင်မြင်မှုရယူနိုင်ဖို့နဲ့ မရတာကြာပြီဖြစ်တဲ့အက်ဖ်အေဖလားကို ပြန်လည်ရယူနိုင်ဖို့အတွက်ပါ အားစိုက်ကစားလာမှာ သေချာနေတယ်။

ပြောရရင် ဒီရာသီမှာမန်ယူကိုခြေ စွမ်းထက်မြက်တဲ့အသင်းတစ်သင်းဖြစ်အောင် ကိုင်တွယ်နိုင်ခြင်းမရှိလို့ ဝေဖန်မှုတွေနဲ့ရင်ဆိုင်နေရကာ ရာထူးကနေတောင် ထုတ်ပယ်ခံရဖို့နီးစပ်နေတဲ့မန်နေ ဂျာဗန်ဟားအနေနဲ့လည်း ဒီအက်အေဖလားကိုအရယူပေးနိုင်မှသာဖိအားတွေလျှော့ပါးသွားမှာဖြစ်သလို မန်ယူအနေနဲ့ ဒီတစ်ကြိမ်မှာသာ အနိုင်ရဗိုလ်စွဲခဲ့မယ်ဆိုရင် လက်ရှိမှာ အက်ဖ်အေဖလားပြိုင်ပွဲအတွင်း အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့အာဆင်နယ်ရဲ့အောင်မြင်မှုစံချိန်နဲ့လည်း တူညီသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်းမန်ယူအနေနဲ့လည်းဒီပွဲမှာ အနိုင်ရဗိုလ်စွဲနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။

ဒီရာသီအတွင်း ကစားခဲ့တဲ့ခြေစွမ်းတွေအရဆိုရင်တော့ မန်ယူရဲ့ခြေစွမ်းပိုင်းက ပဲလေ့စ်ထက် ပိုမိုကောင်းမွန်နေတယ်လို့ဆိုနိုင်ပါတယ်။ ဒီပွဲစဉ်မှာလည်း မန်ယူအနေနဲ့ ရွန်နေး၊ မာတီရယ်၊ ရက်ရှ်ဖို့ဒ်၊ မာတာ၊ စမောလင်း၊ ဘလင်းစတဲ့ အဓိကကစားသမားတွေနဲ့သာပွဲထွက်လာနိုင်သလို တိုက်စစ်ဖွင့် ကစားလာမှာလည်း သေချာနေပါတယ်။ ဒါပေမယ့် သတိပြုရမှာက မန်ယူတိုက်စစ်ဟာဂိုးသွင်းခြေ မတည်ငြိမ်သလို ခံစစ်အားပြုကစားတတ်တဲ့ အသင်းတွေနဲ့ရင်ဆိုင်ရချိန်မှာ ဂိုးသွင်းယူနိုင်ဖို့ ရုန်းကန်ရတတ်ပါတယ်။ ဒ့ါအပြင်ပဲလေ့စ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ခံစစ်အားပြု ကစားလေ့ရှိတဲ့အသင်းဖြစ်သလို ဒီပွဲမှာလည်း မန်ယူရဲ့စုဖွဲ့မှုကို မယှဉ်နိုင်တာကြောင့် ခံစစ်ကိုသာအားပြုပြီးတန်ပြန်တိုက်စစ်ကိုသာ အသုံးပြုနိုင်လို့မန်ယူတို့ကစားရပိုမိုခက်ခဲနိုင်ကာ အနိုင်ရဗိုလ်စွဲခဲ့မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်ခဲ လိမ်းနေတယ်လို့သာ ဆိုချင်မိပါတယ်။

## အင်္ဂလန်အသင်းအတွက် ကစားသမား ရွေးချယ်ရာတွင် ရွန်နေးထံမှ အကြံဉာဏ် ရယူခြင်းမရှိဟု မန်နေဂျာ ရှိုင်ဟော့ဂ်ဆန် ပြောဆို



ယူရို ၂၀၁၆ ပြိုင်ပွဲဝင်မည့် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ပဏာမ ကစားသမား ၂၆ ဦး ရွေးချယ်ရာတွင် အင်္ဂလန်အသင်း ခေါင်းဆောင်ဝိန်းရွန်နေးထံမှ အကြံဉာဏ် တောင်းခံခဲ့ခြင်းမရှိကြောင်း အင်္ဂလန်အသင်းမန်နေဂျာ ရှိုင်ဟော့ဂ်ဆန်က ထုတ်ဖော်ပြောဆိုလိုက်သည်။

မေ ၁၆ ရက်တွင် မန်နေဂျာ ရှိုင်ဟော့ဂ်ဆန် ထုတ်ပြန်ခဲ့သည့် ပဏာမကစားသမား ၂၆ ဦးစာရင်းတွင် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားဖူးခြင်းမရှိသေးသူ မန်ယူအသင်း တိုက်စစ်မှူး မားကပ်စ်ရက်ဖို့ဒ် ပါဝင်လာခဲ့ပြီးနောက် မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

“အင်္ဂလန်အသင်းအတွက် ကစားသမား ရွေးချယ်တဲ့ကိစ္စမှာ ရွန်နေးဆီကနေ အကြံဉာဏ် ရယူခဲ့ခြင်းမရှိပါဘူး။ ရွန်နေးရဲ့တာဝန်က အင်္ဂလန်အသင်းရဲ့ ကစားသမား၊ နောက်ပြီး အသင်းခေါင်းဆောင်ပါ။ ကျွန်တော် ကိုယ်တိုင်အပါအဝင် အင်္ဂလန်အသင်းရဲ့လက်ထောက်မန်နေဂျာ ရေးလီဝင်တန်၊ နည်းပြ ဂယ်ရီနေဗီးလ်တို့က ပွဲအများအပြားကို လိုက်လံကြည့်ရှုလေ့လာခဲ့ပါတယ်။ ဒါကြောင့် အင်္ဂလန်အသင်းအတွက် ကစားသမား ရွေးချယ်ဖို့ကိစ္စမှာ စတုတ္ထလူတစ်ဦးရဲ့အကြံဉာဏ် မလိုအပ်ပါဘူး”ဟု မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်က ပြောသွားသည်။

ဆက်လက်၍ မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်က “ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ အင်္ဂလန်အသင်းအတွက် သွင်းယူပေးခဲ့တဲ့ ဂိုးတွေကြောင့် ရွန်နေးကို ကျေးဇူးတင်ပါတယ်။ ယူရို ၂၀၁၆ ပွဲတွေမှာ ရွန်နေးဟာ အင်္ဂလန်အသင်းအတွက် သင့်တော်တယ်လို့ ကျွန်တော် မယူဆဘဲ သူ့ကို အသင်းရဲ့ပွဲထွက်ကစားသမားစာရင်းမှာ အလိုအလျောက် နေရာပေးဖို့ ကျွန်တော့်ကို ဖိအားပေးတာမျိုး မရှိပါဘူး”ဟု ပြောဆိုခဲ့သည်။

| အင်္ဂလန်အသင်း ပဏာမ ကစားသမားစာရင်း | | |
|---|---|---|
| ဂိုး | - | တွန်ဟတ်တန် (ဘန်လေ)၊ ဖရေဇာဖော်စတာ (ဆောက်သမ်တန်)၊ ဂျိုဟတ် (မန်စီးတီး)။ |
| နောက်တန်း | - | ဘက်ထရန် (ဆောက်သမ်တန်)၊ ဂယ်ရီကာဟေးလ်(ချယ်လ်ဆီး)၊ နာသန်ကလိုင်း(လီဗာပူး)၊ ဒန်နီရိုစ် (စပါး)၊ စမောလင်း (မန်ယူ)၊ ဂျွန်စတုန်း (အဲဗာတန်)၊ ကေလီဝေါ်လ်ကာ (စပါး)။ |
| ကွင်းလယ် | - | ဒါလေအလီ (စပါး)၊ ရိုစ်ဘာကလေ (အဲဗာတန်)၊ ဒဲလက် (မန်စီးတီး)၊ အီရစ်ဒိုင်ယာ(စပါး)၊ ဒရင့်ဝါးတား(လက်စတာ)၊ ဟန်ဒါဆန် (လီဗာပူး)၊ လာလာနာ (လီဗာပူး)၊ ဂျိမ်းစ်မီလ်နာ (လီဗာပူး)၊ စတာလင်း (မန်စီးတီး)၊ တောင်းဆန့် (နယူးကာဆယ်)၊ ဝီလ်ရှီးယား (အာဆင်နယ်)။ |
| တိုက်စစ် | - | ဟယ်ရီကိန်း (စပါး)၊ စတာရစ်ချ် (လီဗာပူး)၊ ဂျိမ်းစ်ဗာဒီ (လက်စတာ)၊ ဝိန်းရွန်နေး (မန်ယူ)၊ ရက်ဖို့ဒ်(မန်ယူ)။ |

# ပရီမီယာလိဂ် နွေရာသီပြဇာတ်မှာ စိတ်ဝင်စားစွာ စောင့်ကြည့်ရမယ့် ဆွစ်ဇာလန် ကွင်းလယ်ကစားသမား ဇာကာ

**▌အောင်က**

ဆွစ်ဇာလန်ကွင်းလယ်ကစားသမား ဇာကာဟာ လေးနှစ်အတွင်း မိုချန်ဂလာဘတ်အသင်းနဲ့အတူ ထွန်းတောက်လာခဲ့ပြီး နွေရာသီမှာတော့ အသင်းကနေ ပြောင်းရွှေ့ကြေး အမြောက်အမြားနဲ့ ထွက်ခွာဖွယ်ရှိနေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ကလည်း ယခုနှစ်ရာသီမှာ ဇာကာကို ၁၃ ကြိမ်တိုင် စောင့်ကြည့်မှု တွေပြုလုပ်ထားပြီး ပေါင်သန်း ၃၀နဲ့ ခေါ်ယူဖို့ ရှိနေတယ်လို့လည်း သတင်းတွေ ထွက်ပေါ် နေပါတယ်။ လက်ရှိအချိန်တွေမှာတော့ သူ့ရဲ့ခြေစွမ်းကောင်းမွန်မှုတွေကြောင့် ဆွစ်ဇာလန်နည်းပြဟောင်းဖြစ်ခဲ့သလို ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်အသင်းတို့နဲ့အတူ ချန်ပီယံလိဂ်ဆုဖလားတွေကို ရယူပေးနိုင်ခဲ့တဲ့ အော်တမာ ဟစ်ဖဲလ်ကတောင် ဇာကာဟာ ကမ္ဘာ့ထိပ်တန်းအသင်းကြီးမှာ ကစားနိုင်တဲ့ အရည်အချင်းရှိတယ်လို့တောင် ချီးကျူးထားပါတယ်။

### ဇာကာရဲ့သမိုင်းကြောင်း

ဇာကာဟာ လက်ရှိအချိန်မှာ မိုချန်ဂလာဘတ်အသင်းရဲ့အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်ပေမယ့် အသက်အရွယ်ကတော့ ၂၃နှစ်သာ ရှိနေသေးတာကြောင့် အရွယ်ကောင်းလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဇာကာဟာ ၂၀၁၂ ခုနှစ်က ဆွစ်ဇာလန်ကလပ် ဘေဆယ်အသင်းကနေ မိုချန် ဂလာဘတ်အသင်းကို ပေါင်၆.၃သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာလည်း ဖြစ်ပါတယ်။ ဇာကာဟာ ဘေဆယ်အသင်းမှာ ကစားခဲ့စဉ်အတွင်းမှာလည်း ဆွစ်ဇာလန်ပြည်တွင်း အမှတ်ပေး ဆုဖလားကိုလည်း ရယူနိုင်ခဲ့ပြီး ဆွစ်ဇာလန် ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူလည်းဖြစ်ပါတယ်။

ဇာကာဟာ ၂၀၀၉ခုနှစ်နိုင်ဂျီးရီးယား ယူ-၁၇ကမ္ဘာ့ဖလားမှာလည်း ဆွစ်ဇာလန်ယူ-၁၇အသင်းနဲ့အတူ ဆုဖလားရယူနိုင်ခဲ့တာဖြစ်ပြီး ၂၀၁၁မှာ ကျင်းပခဲ့တဲ့ ယူ-၂၁ယူရိုပြိုင်ပွဲမှာလည်း အသင်းကို ဒုတိယဆုရှိအောင်စွမ်းဆောင်ပေးထားနိုင်ခဲ့သူဖြစ်ပါတယ်။ ဇာကာဟာ နိုင်ငံလက်ရွေးစင်အသင်းမှာလည်း အသက်၁၈နှစ်ပြည့်ပြီး မကြာခင်မှာပဲ ပါဝင်ကစားခွင့်ရရှိထားခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ဘေဆယ်အသင်းမှာဆိုရင်လည်း အသက်၁၇နှစ် အရွယ်ကလည်းက ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဇာကာရဲ့ပါရမီနဲ့ ခြေစွမ်းကိုတော့ သံသယဝင်စရာတောင်မလိုဘူးလို့ ဆိုရမှာပါ။

ဇာကာဟာ လွန်ခဲ့တဲ့ ၁၈လကလည်းက မိုချန်ဂလာဘတ်အသင်းမှာ ဖန်တီးနိုင်မှုကောင်းကောင်းနဲ့ကစားနိုင်ခဲ့တဲ့သူဖြစ်ပြီး သူ့ရဲ့ အပြစ်ပြော စရာမရှိအောင်ကောင်းမွန်တဲ့ ညာခြေနဲ့ ကွင်းလယ်ပိုင်းကိုအကောင်းဆုံးစိုးမိုးထားနိုင်သူလည်းဖြစ်ပါတယ်။ သူဟာနည်းစနစ်ပိုင်း ကောင်းမွန်သလိုပွဲ အခြေအနေကိုလည်း အကောင်းဆုံးသုံးသတ်နိုင်တဲ့သူလည်းဖြစ်ပါတယ်။ သူ့ရဲ့ကစားပုံဟာ စပါးအသင်းရဲ့ကွင်းလယ်ကစားသမား ဒါလီအလီရဲ့ကစားပုံနဲ့တူတယ်လို့ ပြောရမှာဖြစ်ပါတယ်။ သူဟာ ပွဲအခြေအနေကို ကောင်းဆုံးသုံးသပ်ပြီး ဖြတ်တင်ဘောတွေပေးပို့ရာမှာလည်း အောင်မြင်စွာပေးပို့နိုင်စွမ်းရှိတဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင်သူဟာ အသင်းပေါ်မှာဦးဆောင်ကစားနိုင်စွမ်းရှိသလို တာဝန်ယူမှုပိုင်းမှာလည်း အကောင်းဆုံးရှိတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ် ဇာကာဟာ စိတ်တိုဒေါသထွက်လွယ်ပြီး သူ့ရဲ့ကစား သမားဘဝမှာတော့ ၈ကြိမ်တိုင်အနီကတ်အပြခံထားခဲ့ရသူဖြစ်ပါတယ်။




### ဇာကာရဲ့ပရီမီယာလိဂ်အိပ်မက်

ဇာကာဟာ ပြီးခဲ့တဲ့ဇန်နဝါရီလကတည်းက သူ့ရဲ့စိတ်ကူးယဉ်အိပ်မက်ဟာ ပရီမီယာလိဂ်မှာ ကစားဖို့ ဖြစ်တယ်ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဇာကာကို အာဆင်နယ်အသင်းကနေ ခေါ်ယူဖို့ ပြင်ဆင်နေသလို မန်စီးတီးအသင်း မန်နေဂျာသစ်ဖြစ်လာမယ့် ဂွာဒီယိုလာကလည်း ဇာကာကို နှစ်သက်မှု ရှိနေပါတယ်။ ဒါကြောင့်လည်း နွေရာသီဈေးကွက်မှာတော့ ဇာကာရဲ့ အပြောင်းအရွှေ့ဟာ ပရီမီယာလိဂ်အသင်းတစ်သင်းသင်းကို ရောက်ရှိဖို့ဟာ ပိုမိုနီးစပ်မှုရှိတယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ ဇာကာဟာ ဆွစ်ဇာလန်အသင်းနဲ့အတူ ယူရို ၂၀၁၆ကို အကောင်းဆုံးကျော်ဖြတ်ရဦးမှာလည်း ဖြစ်ပါတယ်။

### ဇာကာရဲ့လက်ရှိအသင်းနဲ့အခြေအနေ

ဇာကာဟာ မိုချန်ဂလာဘတ်အသင်းနဲ့ လက်ရှိ စာချုပ်သက်တမ်းဟာ ၂၀၁၉မှာ ကုန်ဆုံးမှာဖြစ်ပြီး အသင်းထဲမှာ ထည့်သွင်းချုပ်ဆိုထားတဲ့ လျော်ကြေးငွေကတော့ ပေါင် ၂၂သန်း ဖြစ်ပါတယ်။ ဒါပေမယ့်အဲ့ဒါကလည်း ၂၀၁၇ နောက်ပိုင်းမှာ အကျုံးဝင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မိုချန်ဂလာဘတ်အသင်းဟာ နွေရာသီမှာတော့ ဇာကာကို ပေါင်သန်း ၃၀နဲ့ရောင်းထုတ်သွားဖို့ ရှိနေတာဖြစ်ပါတယ်။ အဲ့ဒါဟာ မိုချန်ဂလာဘတ်အသင်းအတွက်တော့ စံချိန်တင် ရောင်းထုတ်မှုလည်းဖြစ်လာနိုင်ပါတယ်။

ဒါကြောင့်လည်း မိုချန်ဂလာဘတ်ရဲ့ ဆွစ်ဇာလန် ကွင်းလယ်ကစားသမား ဇာကာအနေနဲ့ လာမယ့်နွေရာ သီဈေးကွက်မှာ ပရီမီယာလိဂ်ဘယ်အသင်းကို ရောက်ရှိလာမလဲဆိုတာကတော့ ရင်ခုန်စွာနဲ့စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

> နိုင်ငံလက်ရွေးစင်အသင်းမှာလည်း အသက်၁၈နှစ်ပြည့်ပြီး မကြာခင်မှာပဲ ပါဝင်ကစားခွင့်ရရှိထားခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ဘေဆယ်အသင်းမှာဆိုရင်လည်း အသက်၁၇နှစ် အရွယ်ကလည်းက ပါဝင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဇာကာရဲ့ ပါရမီနဲ့ ခြေစွမ်းကိုတော့ သံသယဝင်စရာတောင်မလိုဘူးလို့ ဆိုရမှာပါ။

**စနေနေ့ (၂၁-၅-၁၆)**

**ပြင်သစ်ဖလားဗိုလ်လုပွဲ**

| | |
|---|---|
| နံနက် ၁း၃၀ | မာဆေး - ပီအက်စ်ဂျီ |

**ကိုပါအီတာလီယာဖလားဗိုလ်လုပွဲ**

| | |
|---|---|
| နံနက် ၁း၁၅ | အေစီမီလန် - ဂျူဗင်တပ်စ် |

**ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲ**

| | |
|---|---|
| နံနက် ၀၀း၃၀ | ဘိုင်ယန် - ဒေါ့မွန် |

**အက်ဖ်အေဖလားဗိုလ်လုပွဲ**

| | |
|---|---|
| ည ၁၁း၀၀ | ပဲလေ့စ် - မန်ယူ |

**တနင်္ဂနွေနေ့ (၂၂-၅-၁၆)**

**စပိန်ဘုရင့်ဖလားဗိုလ်လုပွဲ**

| | |
|---|---|
| နံနက် ၂း၀၀ | ဘာစီလိုနာ - ဆီဗီလာ |

■




# စိတ်ပျက်အားငယ်မှုဖြင့် ဘိုင်ယန်မြူးနစ်မှ ထွက်ခွာရမည်ဟု နည်းပြ ဂွာဒီယိုလာ ဝန်ခံ

ဘိုင်ယန်မြူးနစ်အသင်း နည်းပြ ဂွာဒီယိုလာက လာမည့် နွေရာသီအတွင်း ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာချိန်တွင် မိမိအနေဖြင့် စိတ်ပျက်အားလျော့ရသည့် နည်းပြတစ်ဦးအနေဖြင့် ထွက်ခွာရလိမ့်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

စပိန်လူမျိုးနည်းပြ ဂွာဒီယိုလာ(၄၅ နှစ်)သည် လာမည့် နွေရာသီအတွင်း မန်စီးတီးအသင်း မန်နေဂျာအဖြစ် ပြောင်းလဲတာဝန်ယူမည်ဖြစ်သည်။ နည်းပြ ဂွာဒီယိုလာသည် ဘိုင်ယန်မြူး နစ်အား ဘွန်ဒက်လီဂါပွဲပေါင်း ၁၀၂ ပွဲ တာဝန်ယူခဲ့ရာတွင် ၈၂ ပွဲအထိ အနိုင်ရရှိစေရန် ဦးဆောင်ပေးနိုင်ခဲ့သည်။ နည်းပြ ဂွာဒီယိုလာအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုဖလားကို ယခုနှစ်ရာသီ အပါအဝင် သုံးရာသီဆက်တိုက် ရယူနိုင်ခဲ့ပြီး ၂၀၁၃-၁၄ ခုနှစ် ဘောလုံးရာသီ၌ ဂျာမန်ပိုကယ်ဖလားကို ရယူနိုင်ခဲ့သည့်အပြင် ယခုနှစ် ဘောလုံးရာသီ၏ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲ တွင်လည်း ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ရန် စွမ်းဆောင်ပေးထားသူဖြစ်သည်။ သို့သော်လည်း နည်းပြ ဂွာဒီယိုလာအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းအား ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန် ဦးဆောင်ပေးနိုင်ခဲ့ခြင်းမရှိပေ။

နည်းပြ ဂွာဒီယိုလာက "ဘိုင်ယန်မြူးနစ်အသင်းမှာ ကျွန်တော့်ရဲ့စွမ်းဆောင်နိုင်ခဲ့မှုတွေအတွက် ဂုဏ်ယူမိ ပါတယ်။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်လို အသင်းဟာ အောင်မြင်မှုတိုင်းကို ရရှိသင့်တဲ့အသင်းပါ။ ကျွန်တော်ကပြီး ပြည့်စုံသူမဟုတ်ပါဘူး။ ဒါကို ကျွန်တော်လက်ခံပါတယ်။ ကျွန်တော့်ရဲ့ အားနည်းချက်အတွက် အားလုံးကို တောင်းပန်ပါတယ်"ဟု ပြောဆိုခဲ့သည်။




# အီဘရာဟီမိုဗစ်အား မန်ယူအသင်း တရားဝင် ကမ်းလှမ်းမှုတစ်ခုပြုလုပ်

မန်ယူအသင်းသည် ပီအက်စ်ဂျီ အသင်းတိုက်စစ်မှူး အီဘရာဟီမိုဗစ်အား ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ယခုနှစ်ဘောလုံးရာသီအကုန် တွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမည့်ကစားသမား ဖြစ်သည်။

မန်ယူအသင်းက အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်အား တစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး အဆို ပါ ကမ်းလှမ်းမှုတွင် နောက်ထပ် တစ်နှစ်သက်တမ်းတိုးရန်လည်း ပါရှိသည်ဟု ဆိုသည်။ တိုက်စစ်မှူး အီဘရာဟီမို ဗစ်အနေဖြင့် မန်ယူအသင်း မန်နေဂျာအဖြစ် မော်ရင်ညိုအား ခန့်အပ်မှသာလျှင် မန်ယူ၏ ကမ်းလှမ်းမှုကို လက်ခံဖွယ်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မော်ရင်ညိုနှင့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်တို့သည် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အင်တာမီလန်အသင်းတွင် လက်တွဲခဲ့ဖူးသူများဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် စုစုပေါင်း ပွဲ ၅၀ ပါဝင်ကစားပြီးချိန်၌ ၄၈ ဂိုး အထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။


မြန်မာ့အမြန်ဆုံးကွန်ရက်
အူရီဒူး 4G PLUS
တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့
ooredoo
PLUS 4G
PLUS 4G
PLUS 4G
အသေးစိတ်သိရှိလိုပါက
ooredoo.com.mm မှာ
ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## ချင်းပြည်နယ် မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများနှင့် ရေဘေးကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၂၀-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၂-၆-၂၀၁၆ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-
(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၉၂၉၄၅၀၂
(ခ) ၀၇၀-၂၁၁၈၃၊ ၀၉-၃၆၀၈၇၁၉၁

---

## မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## မြစ်ကြီးနားခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးနေအိမ် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၅-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၇-၅-၂၀၁၆ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဖုန်း-၂၂၆၆၆၊ ၂၂၇၃၁၊ ၂၂၄၈၉၊ ၂၂၇၂၉**

---

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းကြို/ပို့ယာဉ်အဖြစ် အသုံးပြုရန် (၂၅)ယောက်စီး မီနီဘတ်စ်(၁)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားများအား ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများကို ၁၆-၅-၂၀၁၆ ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၃၁-၅-၂၀၁၆ ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ နောက်ဆုံးထား တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဖုန်း-၀၅၂-၂၂၀၁၃၂၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် စည်ပင်သာယာရေးကော်မတီတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့် အုပ်ချုပ်မှုသုံး မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ယာဉ်အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | Toyota Hilux Surf (2004 Model-Gasoline) (ပစ္စည်းစုံ) | (၄)စီး |
| (ခ) | Toyota Axio Saloon (2010Model-Gasoline) (ပစ္စည်းစုံ) | (၁၀)စီး |

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၄-၅-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃-၆-၂၀၁၆ ရက်
**တင်ဒါပေးသွင်းမည့်နေရာ** - စက်ရုံနှင့်မော်တော်ယာဉ်ဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
စက်ရုံနှင့်မော်တော်ယာဉ်ဌာန
ဖုန်း-၀၆၇-၄၃၂၀၈၁၊ ၀၆၇-၄၃၂၀၈၃

**မော်တော်ယာဉ်များဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှာ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ကျောက်ပန်းတောင်းမြို့နယ် စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာ (၇၂'×၃၁'×၁၇') ၄ခန်းတွဲ RC ၁ထပ်(၁)လုံး ဆောက်လုပ်ခြင်း
(ခ) နွားထိုးကြီးမြို့နယ် စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာ (၆၀'×၃၄'×၁၇') ၄ခန်းတွဲ RC ၁ထပ်(၁)လုံး ဆောက်လုပ်ခြင်း
(ဂ) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း ၂၀ စုံနှင့် Printer ၂၀ လုံး ဝယ်ယူခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၅-၂၀၁၆ ရက်မှ ၃၁-၅-၂၀၁၆ ရက်ထိ ရုံးဖွင့်ရက်များတွင် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၆-၂၀၁၆ ရက် ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအတွင်း မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ရုံးဖုန်း-၀၂-၃၉၂၇၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

---

## ချင်းပြည်နယ် မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ်မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကော်မတီများနှင့်လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၀-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၂-၆-၂၀၁၆ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-
(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၉၂၉၄၅၀၂
(ခ) ၀၇၀-၂၁၁၈၃၊ ၀၉-၃၆၀၈၇၁၉၁

---

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
## ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ဆိုင်ကယ်လမ်း၊ တံတား၊ ရေပြွန်၊ ပြင်/ထိန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ရေရရှိရေးလုပ်ငန်းနှင့် စွမ်းအင် (မီးသွယ်ခြင်း၊ ဆိုလာတပ်ဆင်ခြင်း) လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ကချင်ပြည်နယ်။** မြေလမ်း(၁၄/၀)မိုင်၊ ကျောက်လမ်း(၁၃/၇)မိုင်၊ ကတ္တရာလမ်း(၆၃၃.၆)ပေ၊ ကွန်ကရစ်လမ်း(၇၇၀၀)ပေ၊ ဆိုင်ကယ်လမ်း (၁၀/၀) မိုင်၊ တံတား ၆၄၅ ပေ၊ စာသင်ကျောင်း(၂)ကျောင်း၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(ခ) **ချင်းပြည်နယ်။** မြေလမ်း(၈၄/၂)မိုင်၊ ကျောက်လမ်း(၂/၀)မိုင်၊ ကတ္တရာလမ်း(၂၆၄၀)ပေ၊ တံတား(၂၅၀)ပေ၊ စာသင်ကျောင်း(၄)ကျောင်း၊ ဘုန်းကြီးကျောင်း (၂)ကျောင်း၊ သောက်သုံးရေရရှိရေး(၃)ခု၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(ဂ) **စစ်ကိုင်းတိုင်းဒေသကြီး။** မြေလမ်း(၁၈)မိုင်၊ ကျောက်လမ်း(၁၈)မိုင်၊ ကတ္တရာလမ်း(၁)မိုင်၊ ကွန်ကရစ်လမ်း(၁/၀)မိုင်၊ တံတား(၆၀)ပေ၊ ရေပြွန်(၂၄)ပေ၊ ဘုန်းကြီးကျောင်း(၅)ကျောင်း၊ သောက်သုံးရေရရှိရေး (၅)ခု၊ ဆိုလာ(၁၈၅၂)စုံ၊ မီးသွယ်တန်းခြင်း(၂)မိုင်၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(ဃ) **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။** မြေလမ်း(၂၁/၀)မိုင်၊ ကျောက်လမ်း (၂၀/၀)မိုင်၊ ဆိုင်ကယ်လမ်း(၁၂/၀)မိုင်၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(င) **ရှမ်းပြည်နယ်(တောင်ပိုင်း)။** မြေလမ်း(၈/၄)မိုင်၊ကျောက်လမ်း(၁၇)မိုင်၊ ကတ္တရာလမ်း(၆/၀)မိုင်၊ တံတား(၁၁၃)ပေ၊ ရေပြွန်(၆၀)ပေ၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(စ) **ရှမ်းပြည်နယ်(မြောက်ပိုင်း)။** မြေလမ်း(၁၂/၅)မိုင်၊ကျောက်လမ်း(၅)မိုင်၊ ကတ္တရာလမ်း(၅)မိုင်၊ တံတား(၂၀)ပေ၊ စာသင်ကျောင်း(၁)ကျောင်း၊ ဘုန်းကြီးကျောင်း(၂)ကျောင်း၊ ဆိုလာ(၈၁၀)စုံ၊ ဦးစီးဌာနအိမ်ရာတည်ဆောက်ခြင်း။

(ဆ) **ရှမ်းပြည်နယ်(အရှေ့ပိုင်း)။** မြေလမ်း(၂/၅)မိုင်၊ ကျောက်လမ်း(၁၇)မိုင်၊ တံတား(၁၆၀)ပေ၊ စာသင်ကျောင်း(၃)ကျောင်း၊ ဘုန်းကြီးကျောင်း(၂)ကျောင်း၊ ရေသွယ်ယူခြင်း(၃)မိုင်၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(ဇ) **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။** မြေလမ်း(၂၀)မိုင်၊ ကျောက်လမ်း (၁၆)မိုင်၊ ကတ္တရာလမ်း(၂/၄)မိုင်၊ တံတား(၁၁၅)ပေ၊ရေပြွန်(၂၂၃)ပေ၊ ဘုန်းကြီးကျောင်း(၁)ကျောင်း၊ ရေသွယ်ယူခြင်း(၂၃)မိုင်၊ မီးသွယ်တန်းခြင်း (၃)မိုင်။

(ဈ) **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။** မြေလမ်း(၁၃)မိုင်၊ ကျောက်လမ်း(၁၁) မိုင်၊ ကတ္တရာလမ်း(၉)မိုင်၊ ရေသွယ်တန်းခြင်း(၁၀/၄)မိုင်၊ စက်ရေတွင်း (၃)တွင်း၊ မီးသွယ်တန်းခြင်း (၁၅/၃)မိုင်။

(ည) **"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။** ကျောက်လမ်း(၈/၃)မိုင်၊ ကတ္တရာလမ်း(၁၁/၄)မိုင်၊ တံတား(၆၂)ပေ၊ ရေပြွန်(၄၅)ပေ၊ ဆိုလာ(၃၇၁)စုံ၊ ဦးစီးဌာနအိမ်ရာတည်ဆောက်ခြင်း။

(ဋ) **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။** မြေလမ်း(၅၉)မိုင်၊ ကျောက်လမ်း (၁၀)မိုင်၊ ကတ္တရာလမ်း(၅)မိုင်၊ ဘုန်းကြီးကျောင်း(၁)ကျောင်း၊ ရေရရှိရေး (၇)ခု၊ ဦးစီးဌာနအိမ်ရာတည်ဆောက်ခြင်း။

(ဌ) **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။** မြေလမ်း(၂၅)မိုင်၊ ကျောက်လမ်း (၁၃)မိုင်၊ မီးသွယ်တန်းခြင်း(၈)မိုင်၊ ဦးစီးဌာနအိမ်ရာတည်ဆောက်ခြင်း။

(ဍ) **ကရင်ပြည်နယ်။** မြေလမ်း(၄၀/၁)မိုင်၊ ကျောက်လမ်း(၅)မိုင်၊ ကတ္တရာလမ်း(၁၃/၆)မိုင်၊ တံတား(၄၁၆)ပေ၊ ရေပြွန်(၄၂)ပေ၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(ဎ) **မွန်ပြည်နယ်။** မြေလမ်း(၈)မိုင်၊ ကျောက်လမ်း(၄/၁)မိုင်၊ ကတ္တရာလမ်း (၇/၆)မိုင်၊ တံတား(၃၀၅)ပေ၊ ရေသွယ်တန်းခြင်း(၂)ခု၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(ဏ) **တနင်္သာရီတိုင်းဒေသကြီး။** မြေလမ်း(၅၂/၆)မိုင်၊ ကျောက်လမ်း(၂၅/၂) မိုင်၊ ကွန်ကရစ်လမ်း(၂/၇)မိုင်၊ စာသင်ကျောင်း(၁)ကျောင်း၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(တ) **ရခိုင်ပြည်နယ်။** မြေလမ်း(၂၀/၅)မိုင်၊ကျောက်လမ်း(၂၂/၆)မိုင်၊ ကတ္တရာလမ်း(၂/၂)မိုင်၊ တံတား(၆၀)ပေ၊ ရေပြွန်(၁၆)ပေ၊ ဘုန်းကြီးကျောင်း (၃)ကျောင်း၊ ရေတွင်း/ရေကန် (၈)ခု၊ ဆိုလာ(၇၈၅)စုံ၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

(ထ) **ကယားပြည်နယ်။** မြေလမ်း(၁၁/၇)မိုင်၊ ကျောက်လမ်း(၁၁/၃)မိုင်၊ ကတ္တရာလမ်း(၃/၂)မိုင်၊ တံတား(၁၉၁)ပေ၊ ရေပြွန်(၃၉)ပေ၊ စာသင်ကျောင်း (၃)ကျောင်း၊ ဘုန်းကြီးကျောင်း(၁)ကျောင်း၊ ရေတွင်း ရေကန် (၁၀)ခု၊ ဦးစီးဌာန အိမ်ရာတည်ဆောက်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၃-၅-၂၀၁၆ရက်မှစ၍ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၆ ရက် ညနေ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၆၇-၄၀၉၁၈၆၊ ၀၆၇-၄၀၉၄၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုအဖွဲ့**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၄၂)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ အခြေခံပညာကျောင်းများတွင် ဆောက်လုပ်မည့် အဆောက်အအုံများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ကချင်ပြည်နယ် ပညာရေးမှူးရုံးတွင် ၂၀-၅-၂၀၁၆ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၂၀-၆-၂၀၁၆ ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကချင်ပြည်နယ်ပညာရေးမှူးရုံး၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၇၄-၂၁၁၇၁၊ ၂၂၄၁၆၊ ၂၂၄၅၆**

---

### မိဘအမည်မှန်

တောင်သာမြို့နယ်၊ ဖက်တော (အထက)၊ တက္ကသိုလ်ဝင်တန်းမှ မသင်းသဇင်၏ မိဘအမည်မှန်မှာ ဦးဝင်းဗိုလ် ၉/တသန(နိုင်)၀၉၅၉၀၉-ဒေါ်မြို့ကြည် ၉/မခန(နိုင်)၁၅၆၀၆၉ ဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ်-ဒေါ်မြို့ကြည်**

---

### အမည်ပြောင်း

လားရှိုးမြို့၊ (၁၀)ရပ်ကွက်၊ နယ်မြေ(၅)၊ တိုင်းရုံးလမ်းနေ ဦးစိုင်းစိန်ထွန်းအား ဦးစိုင်းမြတ်ထွန်း ၁၃/မရတ(နိုင်)၀၁၆၃၆၉ ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် သမီးဖြစ်သူ အထက(၄) သတ္တမတန်းမှ အောင်မြင်ခဲ့သော နန်းလောင်ဆိုင်မွှမ်းအား နန်းမေမိုးသစ္စာ ဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

---

## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၂၁-၆-၂၀၁၆ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တည်နေရာ |
|---|---|---|---|
| ၁ | ၁/၂၀၁၆ | ပွန်တွန်းအဟောင်း (၈၀'×၁၈'×၇')<br>ပွန်တွန်းအဟောင်း (၈၀'×၂၀'×၇') | ဓနိတောပင်မဌာနကြီး |
| ၂ | ၂/၂၀၁၆ | ယာဉ်/စက်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်း အဟောင်း စုစုပေါင်း(၁၇)မျိုး | ဓနိတောပင်မဌာနကြီး<br>သာကေတဌာနခွဲ |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၂၃-၅-၂၀၁၆ ရက်မှစတင်၍ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတောနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂၊ ၀၆၇-၄၁၁၂၈၄၊ ၀၆၇-၄၁၁၄၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-
(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၇-၅-၂၀၁၆ ရက် မွန်းတည့် ၁၂:၀၀ နာရီ
၃၀-၅-၂၀၁၆ ရက် မွန်းလွဲ ၁၃:၀၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၅၇၁)တန်
- ကျွန်းခွဲသား(၂၉၄)တန်
(သစ်မာသစ်လုံး)ပိတ်တောက်(၁၂)တန်
- ပျဉ်းကတိုး/အင်/ကညင်(၆၅၉၉)တန်
(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်- ဖုန်း-၀၁-၅၂၈၇၆၄၊ Email;marketing1 ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

---

